www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

မူခွင့်ပြုချက်အမှတ် ၅၀၁၁၈၄၀၃၁၁၊ မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၁၂၅၉၀၄၁၁၊

**ထုတ်ဝေသူ**

ဦးအောင်မြင့်၊ အမှတ်(၇)၊ သီတာလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။

**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်**

ဦးအောင်မြင့်၊ အောင်မြင်ပုံနှိပ်တိုက်၊သုဝဏ္ဏ၊ ရန်ကုန်မြို့။

**ဖြန့်ချိရေး**

အောင်မြင်စာပေ၊ အမှတ်(၁)၊ အောင်ဘာလေလမ်း၊

ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန်မြို့။

၅၄၁၇၄၅၊၅၅၂၁၀၃၊ ၀၉ ၈၀ ၃၄၅၈၁၊၀၉ ၅၀ ၂၁၃၅၄ ။

ပထမအကြိမ် - ၂၀၁၁ ခုနှစ်၊ (မေလ)၊ အုပ်ရေ(၅၀၀)၊ တန်ဖိုး(၂၀၀)ကျပ်

၈၉၅.၈၃
ဝိဇ္ဇာ
ခူးဖို့ကြံရွယ်တဲ့သစ်သီး/ဝိဇ္ဇာ။ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၁။
၁၈၀ - စာ၊ ၁၃.၅ × ၂၁ စင်တီ။
(၁) ဝိဇ္ဇာ





BURMESE CLASSIC .com

**ကောင်**မလေးနှစ်ယောက် လမ်းလျှောက်လာပါတယ်။ ကိုယ်ပိုင်ပဲ တစ်မျိုးစီနဲ့ပေါ့။

"ဟဲ့. . မတ်စိ"

ကျွန်တော့်ခေါ် သံကြောင့် မူးစု မတ်စုလေးလို သိုမှီး စုဆောင်းထားတဲ့အလှနဲ့ လှရှာလွန်းတဲ့ကောင်မလေး ဇက်ကြိုးဆွဲခံလိုက်ရသလို တုံ့ခနဲဖြစ်သွားပါတယ်။ ပြီးတော့မှ . . .

"တောက်. ."

လမ်းဘေးအုတ်ခုံမှာ ကျွန်တော်နဲ့အတူ ဂစ်တာတစ်လက်နဲ့ အဖော်ပြုနေတဲ့ တိုးကြီးက စပ်ဖြဲဖြဲ။

"ဒါ. . မင်းကို အတိတ်ပေးတာထင်တယ် နေရောင်"

အစခံရတဲ့တစ်ယောက်က စိတ်ဆိုးနေသလောက် အခြားတစ်ယောက် ကောင်မလေးက ငါးခူလိုလို ငါးရံ့လိုလို ပြုံတိတိ အီတီတီ မျက်နှာပေးနဲ့။

"ဟဲ့. . မတ်စိ"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ . . နေလောင်"

တုံ့ပြန်တဲ့ကီးကတော့ တထပ်တည်းပဲ။

"ငါ့နာမည်က  နေရောင်ပါဟာ"

"အေး . . . နင်က နေရောင်မဟုတ်ဘူး၊ နေလောင်ခံထားရတဲ့ကောင်"

သူမ ဒေါသထွက်နေသလောက် ကျွန်တော်ကတော့ အပြုံးမပျက်ဘဲ ပြန်စလိုက်ပါတယ်။

"နင်ကလည်း မာဆတ်ကျနေတာပဲ"

"ဘာ . ."

သူမရဲ့ ဘာဆိုတဲ့စကားကြောင့် ကျွန်တော် တွန့်ခနဲဖြစ်သွားရင်း

"အိုး . . . မှားသွားလို့၊ အသံက မာဆတ်ဆတ်နဲ့လို့ ပြောတာပါဟာ"

သူ့အဖော်ကောင်မလေးက မျက်လွှာလေး လှန်ကြည့်ပြီး ခစ်ခနဲရယ်ပါတယ်။ မိဆတ်က သူ့ဘေးက စန္ဒာလင်းကို မျက်စောင်းထိုးလိုက်တော့ စန္ဒာလင်းက ဇက်ကလေး ပုသွားတယ်။

မတ်စိနဲ့နေလောင်ဆိုတာ တစ်လမ်းတည်းသားပေမယ့် ငယ်ငယ်လေးကတည်းက ကြက်ဥဟက်ဘွိုင့်လို မကျက်တကျက်၊ ငယ်ငယ်လေးကတည်းက တရုတ်သိုင်းကားတွေထဲကလို ကျောင်းတော်က ရန်စရှိခဲ့သည်။ ဘာဖြစ်လို့လဲဆိုတော့ နေရောင်က ငယ်ငယ်လေးကတည်းက မိဆက် မခံနိုင်အောင် အစအနောက် သန်လွန်းသောကြောင့်ပါ။ တကယ်တော့ မိဆက် ခံနိုင်အောင် စသင့်သည်။(နည်းနည်းပါးပါး စသင့်တဲ့သဘော)ကို ပြောတာပါ။

"ဘာပြောစရာရှိလို့လဲ၊ မရှိရင် ငါတို့ သွားစရာရှိတယ် . . . မြန်မြန်ပြော"

"ဒီဘက် ခြေနှစ်ချောင်း စျေးကောင်းပုံရတယ်၊ ကောင်မလေးက ဘူလေးလဲ"





ဘောလုံးစျေးကွက်စကားနဲ့ ညွှန်းဆိုတော့ သူမက မခံချင်ပုံနဲ့ . .

"ငါ့သူငယ်ချင်းစန္ဒာလင်းအကြောင်း နင့်ကို ဘာလို့ ပြောရမှာလဲ နေလောင်"

"လောင့်ဘဝနဲ့ လောင်သာ ရှိပါစေတော့၊ ဒီနေ့ဒီအချိန်ကစလို့ မင်းကလွဲပြီး ကျန်တာတွေကို ငြင်းပယ်ချင်တယ် စန္ဒာလင်းရယ်"

စန္ဒာလင်းက မှုန့်နွဲ့နွဲ့လေး ဖြစ်သွားသလို မတ်စိက ကျွန်တော့်ကို ထပ်ထုချင်ပုံရသည်။ ထိပ်ကို ပြောပါတယ်။ တိုးကြီးကလည်း အငြိမ်မနေ။

"ဆက်ပြောလေကွာ . . . ကြံသကာကို စားပြီး ကြံရာပါအမှုနဲ့ လူစုမယ့် အင်းစိန်ထောင် အပျင်းပြေ သွားမယ့်လောင်ပါလို့ . . . ဟဲဟဲ"

"မင်းကြီးတော် သွားရမှာ"

မတ်စိတောင် ကြွေခြေလေး စူးဖောက်ပြီး ရယ်ရှာပါတယ်။ ကျွန်တော် ဆဲတော့ တိုးကြီးက တဟဲဟဲနဲ့ အပြုံးတောင် မပျက်။

"ဘယ်လို ဗရမ်းဗတာကောင်တွေနဲ့ တွေ့နေမှန်း မသိဘူး"

မိဆက်ရဲ့ပက်ပက်စက်စက်စကားကို ကျွန်တော် အပြုံးလေးနဲ့ပဲ တုံ့ပြန်ပါတယ်။

"ဗရမ်းဗတာ . . . ဟုတ်လား၊ ဗရမ်းဆိုတာ သမိန်ဗရမ်းကို ပြောတာလား၊ ဗတာကတော့ မဘတ္တာ၊ ဒါဆို ဒီလို ဘာသာပြန်လိုက်မယ်၊ ရဲရင့်တော့ အရှုံး၊ ဟုတ်တယ် . . . ငါလည်း မြင်မြင်ချင်း စွဲလမ်းမိတဲ့စိတ်ကြောင့် ရှုံးရပါပြီ စန္ဒာလင်းရယ်၊ ကျွန်တော် ကျန်တာတွေ ငြင်းထားမယ်နော်"

"သေလိုက်ပါလား"

"မတ်စိရယ် . . . နင်က ကြားထဲက ဘာလို့ ဒေါသထွက်နေတာလဲဟင်၊ ငါ ရည်းစားစကားပြောတာ စန္ဒာလင်းကိုပါဟာ"

"တောက် . ."

မတ်စိက ကျွန်တော်ကို အစိမ်းစားချင်တဲ့ရုပ်လွှာနဲ့ ကြည့်ပြီး စန္ဒာလင်းကို ခေါ်ပြီးထွက်သွားပါတယ်။ စန္ဒာလင်းတို့ ထွက်သွားတာကို ကြည့်ပြီး



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ရယ်တော့ တိုးကြီးက. . .

"မင်း စန္ဒာလင်းကို နှစ်ရှည်စာချုပ် ချုပ်မှာလား နေရောင်"

"အင်း. . . စာချုပ်,ချုပ်မယ်"

"စန္ဒာလင်းကိုလား"

"ဟင့်အင်း. . , မိဆက်ကို"

"ဘာ. ."

အလန့်တကြား ထအော်ရင်း အုတ်ခုံပေါ် ခုန်တက်လိုက်တဲ့ တိုးကြီးကြောင့် ကျွန်တော် သဘောကျစွာ ရယ်လိုက်ရတယ်။

"မင်းအံ့ဩသွားလား တိုးကြီး"

ကျွန်တော်က တည်ငြိမ်လွန်းတဲ့လေသံနဲ့ ဆက်ပြောလိုက်ပါတယ်။

"ငါ ငယ်ငယ်လေးကတည်းက ကြိုက်နေတာ မိဆက်ကိုကွ"

တိုးကြီး မယုံကြည်နိုင်ဟန်နဲ့ ခေါင်းခါရင်း. . .

"မင်းဟာကကွာ. . . ကြိုက်နေရက်သားနဲ့ သူဒေါသထွက်အောင် ဘာလို့ သွားစရတာလဲ နေရောင်. . . အံ့ပါကွာ"

"ဟဲ. . ဟဲ. . ငါကိုယ်တိုင်က သူ့ကို မြင်ရင် မစဘဲ မနေနိုင်ဘူး ကွ"

"ဒါဆိုရင် ဘာဖြစ်လို့ ခုန စန္ဒာလင်းကို ရည်းစားစကား ပြောရ တာလဲ နေရောင်"

"ဒါက ဆိုက်ကိုပေါ့ကွာ"

တိုးကြီးက မျက်နှာမဲ့ရင်း. . .

"မင်းရဲ့ဆိုက်ကိုလား ဆိုက်ကားလား သေရော သေချာရဲ့လား နေရောင်ရာ၊ လွယ်လွယ်ကူကူ ချစ်တယ်လို့ ပြောလိုက် ပြီးရော"

"ဟ. . . အဲလို သွားပြောလို့ကတော့ မိဆက်က ငါ့အဖေကို သွား တိုင်မှာပေါ့ကွ"

"တိုင်လည်း ဘာဖြစ်လဲကွာ"

"မင်းမသိပါဘူးကွာ. . . ဒီကောင်မလေးရဲ့ဗဟိုချက်ကို ကိုင်နိုင်





မှ. ."

"ဟော့ကောင်"

"နှလုံးကို ထိအောင်ပြောတာပါကွာ"

"နေဦး. . . နှလုံးထိတယ်ဆိုရင် မကောင်းဘူးကွ၊ ECG ရိုက် ကြည့်ဦး"

"အေး. . . ECG တော့ မရိုက်ဘူး၊ မင်းကို ဒီဂစ်တာနဲ့ပဲ ရိုက်မယ်၊ လာထား"

ကျွန်တော် ဂစ်တာကို မြှောက်တော့ တိုးကြီး တစ်ချိုးတည်း ပြေးပါတော့တယ်။

အဲဒီနေ့က အိမ်မပြန်ဖြစ်သေးဘဲ ရိန်မိုးရဲ့ ကောင်းကင်က အချစ် ငှက်သီချင်းကို တစ်ယောက်တည်း အပီအပြင် ခံစားပြီး ဆိုနေလိုက်တယ်။ တကယ်တော့ မိဆက်ကို ဆိုပြချင်တာပါ။ သူက မရှိတော့လည်း တစ် ယောက်တည်းပဲ ဟဲရတာပေါ့။


"ချစ်တယ်. . . အရမ်းပဲ ချစ်နေပြီ. . . ချစ်တယ်. . . အရမ်းပဲ ချစ်နေပြီ"





www.burmeseclassic.com

သိုးဆောင်းစကားပုံတစ်ခုရှိတယ်၊
"စ နောက်ခြင်းမှာ
ရင်ထဲက အမှန်တရားတစ်ဝက်ပါတယ်" တဲ့
ပါကတော့ နှင့်ကို
၁၅၀၀ အပြည့်နဲ့ကိုစတာပါ ကောင်မလေးရယ်
ဒါကို နင်က မသိတော့လည်း
အင်း... ခက်တော့ခက်နေပါပြီ။




www.burmeseclassic.com



"ဘယ်နှစ်နာရီ ရှိပြီလဲ ဟေ့ကောင်"

"ဟင်. . . အဖေ့နာရီ ပေါင်ထားလို့လား အဖေ၊ ညကိုးနာရီလောက်တော့ ရှိမှာပေါ့"

"ခွေးမသား. . . ငါလုပ်လိုက်ရ"

"အမေ. ."

သားအဖနှစ်ယောက်ရဲ့ထိပ်သီးတွေ့ဆုံမှုက ငြိမ်းချမ်းရေးကို မရနိုင်တဲ့အခြေအနေမို့ ဒေါ်ပပ စိတ်ပျက်ပျက်နဲ့ ထွက်လာပြီး. . .

"ဒီသားအဖနှစ်ယောက် တွေ့လိုက်တာနဲ့. ."

"ဘာကွ. ."

"ဩော်. . . တည့်တယ်ကို မရှိဘူး ပြောတာပါ ကိုနေဦးရယ်"

"သားက သားပီသပါတယ်"

"ဘာကွ. . . ငါက အဖေမပီသဘူးဆိုတဲ့သဘောပေါ့"

ဒေါ်ပပ ရယ်ချင်မိပေမယ့် ကိုနေဦး စိတ်ဆိုးမှာစိုးတာကြောင့် မရယ်မိ။

"မောင်လေး. . . ထမင်းစားတော့မလား"



www.burmeseclassic.com

www.burmeseclassic.com



မမက ဘုမသိဘမသိ အခြေအနေ မကြည့်ဘဲ သူ့ဘေးမှာ ဝင်ထိုင်ရင်း ပြောတော့ ဦးနေဦး အရွဲ့တိုက်စွာ ဒီလိုပြောလိုက်ပါတယ်။

"ဒီအချိန်ကျမှ ညစာစားတာ တိရစ္ဆာန်တွေပဲ စားမှာ"

ဦးနေဦးစကားကြောင့် မိုးမိုးဦး သူ့မအမေဖြစ်သူကို ကြည့်ပြီး. . .

"ဟင်. . မေမေ. . ညနေက ရင်ပြည့်နေလို့ မောင်လေး ပြန်လာမှ စားမယ်ပြောထားတာ၊ ဒါဆိုရင်. . ."

"ကို. . နေ. . ဦး"

မမက တစ်ခါတလေ အတွေးအခေါ်က အဲဒီလို။

"ဟာ. . . ငါပြောတာ အဲဒါမဟုတ်ဘူး"

ဒေါ်ပပကလည်း အကင်းပါးတာမှ ပါးပါးလှပ်လှပ်လေး။ သမီးဖြစ်သူ ဆင်ပေးတဲ့ခွင်ထဲကို အလိုက်သင့် မျောပြီး ရှန်တိန်လုပ်လိုက်တယ်။ ပြီးမှ သားဖြစ်သူကို မျက်ရိပ်ပြတော့ နေရောင် ရယ်ချင်စိတ်နဲ့ နောက်ဖေးမီးဖိုချောင်ကို လစ်တော့ မိုးမိုးဦးကလည်း အနောက်က ထပ်ချပ်မကွာ။

"ငါပြောတာ အဲဒီလိုမဟုတ်. . မင်းကို တိရစ္ဆာန်. . "

"ကိုနေဦး. . . အခုတော့ ရှင်ပြောပြီပေါ့၊ အစကတော့ ငါးရဲ့ ကိုယ်လုံးလေး. . . သမင်မျက်လုံးပိုင်ရှင် သာလိကာလေးဆို"

"အေးလေကွာ"

"ရှင် အစကတည်းက ကျုပ်ကို တိရစ္ဆာန်လို့ ပြောတာပေါ့"

"အေး. . ဟာ. . မဟုတ်ဘူး ငါပြောချင်တာက"

"လူမဟုတ်ဘူးဆိုတဲ့သဘောပေါ့"

ပတ်ချာလည် လုံးချာရိုက်နေတဲ့ အိမ်ဦးနတ်နဲ့ မီးဖိုချောင်နတ်တို့ရဲ့ စကားနဘမ်းက အိမ်ရှေ့မှာ စတင်တိုင်ပတ်နေပါပြီ။

"မင်းကလည်း မင်းပဲ နေရောင်"

"ဟာ. . . မမကလည်း၊ အလုပ်မဝင်ခင် စပ်ကြားလေး ပေါ့ပေါ့ ပါးပါးလေး နေရတာ"

"ဟဲ့. . . အဲဒီလောက် ပေါ့ပေါ့ပါးပါး နေချင်ရင် နင့်ဖင်ထဲကို





မှိုင်းတိုက်ထားလိုက်ပါလား"

"ဘာဆိုင်လို့လဲ မမကလည်း"

"ဟဲ့. . . မီးပုံးပျံတွေလည်း ဒီလိုလုပ်ရတာပဲလေ၊ ဒါမှ ပေါ့မှာပေါ့"

ကျွန်တော် ရယ်ချင်ချင်နဲ့ မမ ချပေးတဲ့ထမင်းပန်းကန်ထဲကို ဟင်းတစ်တုံး လှမ်းခပ်ထည့်ရင်း. . .

"ခက်တာက ကျွန်တော်လည်း ရှက်တတ်တယ် မမရ"

"ဘာဖြစ်လို့လဲ"

မမက သူ့ဘေးနားခုံမှာ ဝင်ထိုင်ရင်း ပြောတော့. . .

"ဟုတ်တယ်လေ. . . မှိုင်းတိုက်လို့ အပေါ်တက်သွားတာ ဘာမှ မဖြစ်ဘူး၊ ဒါပေမယ့် အောက်က လှမ်းကြည့်လို့ ဖင်ပြောင်နေရင်. . ."



"ဟဲ့. . . ဒီကောင်လေး"

မမက တစ်ချိုးထဲ လစ်ပါတော့တယ်။ ကျွန်တော် သဘောကျစွာ ရယ်ရင်း ထမင်းကို ဆက်စား နေလိုက်ပါတယ်။

"ငါပြောတာက. . တိရစ္ဆာန်ဆိုတာ. . "

အိမ်ရှေ့စစ်ပွဲကတော့. . .





www.burmeseclassic.com

www.burmeseclassic.com



"ဒီဆိုင်ကို. . ."

နေရောင်က စကားကို မဆက်နိုင်သေးဘဲ လက်ဖက်ရည်တစ်ငုံ သောက်လိုက်ပြီးမှ. . .

"ဆက်ဆက်လာမယ်တဲ့"

ဆက်ဆက်ဆိုတဲ့စကားကြောင့် မင်းထွဋ်ခေါင်းက ဆတ်ခနဲ ဖြစ်သွားရင်း အသံရှိရာကို ငဲ့ကြည့်တော့ သူ့ဝိုင်းနဲ့ ခပ်လှမ်းလှမ်းက လူငယ်နှစ်ယောက်။ ကောင်လေးတွေကတော့ ရုပ်ရည်သန့်သန့်ပြန့်ပြန့်လေးတွေပါ။

နေရောင်. . မျိုးဇော်ကို ပြောရင်း မျိုးဇော်ဝယ်လာတဲ့အိတ်ကို လှမ်းဖွင့်ကြည့်တယ်။ မင်းထွဋ်က အပေါက်ဝနားက မီးခြစ်ရှိရာမှာ မီးဖွာညှိနေချိန်မှာပေါ့။

"ဘာတွေလဲကွာ"

"ငါ့အမေ နတ်ဆက်ဖို့ မှာလိုက်တဲ့ဝီစကီ"

"နတ်တွေတော့ အကျင့်ပျက်တော့မယ်"

မျိုးဇော်က သဘောကျစွာ ရယ်ပါတယ်။ နေရောင်ကတော့





ပုလင်းမှာ ကပ်ထားတဲ့ ကံစမ်းမဲကို ခွာရင်း. . .

"ကံစမ်းမဲနဲ့ အရက်ပုလင်းဆိုတာ ဖွားဖက်တော်လား မသိဘူး"

"ဒါကတော့ ပုလင်းတို့၏မာယာ ဖြစ်မှာပေါ့"

မျိုးဇော်က လှမ်းယူရင်း ဘယ်နေရာကို ခြစ်ရမှန်းမသိ။ နေရောင်က. . .

"ငါဆက်ခြစ်မယ်"

နေရောင် ပြောတဲ့အချိန်နဲ့ မင်းထွဋ်က အထိုင် သူကြားလိုက်တဲ့ ဆက်ချစ်မယ်ဆိုတဲ့စကားသံကြောင့် တွန့်ခနဲဖြစ်သွားမိတယ်။ နေရောင်က Thank you ဆိုတဲ့စာသားကို တွေ့တော့ စိတ်ပျက်ပျက်နဲ့ လွှင့်ပစ်ရင်း. .

"နောက်ဆုံးတော့လည်း ဒါပါပဲ၊ မျှော်လင့်ချက်ဆိုတာ ကြာလာတော့ လူကို ထိခိုက်စေနိုင်တယ်"

မျိုးဇော်က ရယ်ရင်း. . .

"မင်းကလည်း ဒါလေးတောင် စကားကြီးစကားကျယ်နဲ့"

"ဟ. . ဒါလည်း ရင်ဘတ်နဲ့ ခံစားရတာပဲကွ"

မင်းထွဋ် ချာတိတ်ကို မသိမသာ ကြည့်ရင်း သနားသလို ဖြစ်မိသည်။ ဒီကောင်လေး သူ့ညီမ မိဆက်ကို ကြိုက်နေတာ ဖြစ်မယ်၊ ဒါကို ဖွင့်မပြောရဲလို့နေမှာဟု တစ်ထစ်ချ တွေးမိလိုက်တယ်။ သူဆိုတဲ့ကောင်က လည်း နဂိုကတည်းကမှ အားနာတတ်တဲ့ကောင်။ ကိုယ့်ညီမ မဟုတ်ဘူးဆိုရင် သူ တကယ်ပဲ အောင်သွယ်ပေးလိုက်ချင်ပါတယ်။ ဒီနေ့မှ ကုမ္ပဏီသွားဖို့ စောသေးတာကြောင့် ဒီလက်ဖက်ရည်ဆိုင်မှာ ဝင်ထိုင်ရင်း အခုလို မိဆက်ကိစ္စနဲ့ ဆုံရခြင်းပါ။

နေရောင် လက်ဖက်ရည်ဖိုး ရှင်းပေးပြီးအထ မင်းထွဋ်ကလည်း ဆေးလိပ်ညှိဖို့အလာ မင်းထွဋ်လက်က နာရီကို ငုံ့အကြည့်၊ လက်ဖက်ရည်ခွက်တွေ သယ်လာတဲ့ကောင်လေးက ရှုပ်ပြာရှုပ်ပြာနဲ့ သယ်အလာ၊ တိုက်မိဖို့အလို နေရောင် မြင်လိုက်တာကြောင့် သူ့ရှေ့က အစ်ကိုကြီးလက်မောင်းကို လှမ်းဆွဲလိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . ကန်တော့နော်"

စားပွဲထိုးလေးက တောင်းပန်တော့ ဆိုင်ကောင်တာက ကိုမြင့်က လှမ်းမြင်ရင်း. . .

"ဒီကောင်ကတော့ ရှပ်ပြာပြာနဲ့၊ နေရောင် လှမ်းဆွဲလို့ပေါ့"

မင်းထွဋ် ကျေးဇူးတင်စွာ သူ့လက်မောင်းကို လှမ်းဆွဲတဲ့ ကောင်လေးကို ကျေးဇူးတင်စွာ လှမ်းကြည့်ရင်း. . .

"ကျေးဇူးတင်ပါတယ် ငါ့ညီရာ၊ ညီလေးသာ လှမ်းမဆွဲရင် တစ်ကိုယ်လုံး ပေကုန်မှာကွ"

"ရပါတယ် အစ်ကိုရာ"

မင်းထွဋ်လည်း ဘာဆက်ပြောရမှန်း မသိတာကြောင့် လှည့်ထွက်ပြီးမှ ပြန်လှည့်ရင်း အိတ်ကပ်ထဲက လိပ်စာကတ်ကို ထုတ်ပြီး ကောင်လေးကို လှမ်းပေးလိုက်တယ်။

"အကူအညီလိုရင် အစ်ကို့ဆီ လာခဲ့နော်"

"ဗျာ. ."

နေရောင် ကြောင်တောင်တောင် ဖြစ်သွားတယ်။ မင်းထွဋ်ကတော့ သူ့သဘောနဲ့သူ ပြုံးပြုံးရင်း ထွက်သွားတော့ နေရောင် ခေါင်းကုတ်ပြီး ဝိုင်းဆီ ပြန်လာလိုက်တယ်။ မျိုးဇော်က နေရောင်လက်ထဲက လိပ်စာကတ်ကို လှမ်းကြည့်ရင်း. . .

"မင်းကို ဘာပေးတာလဲ"

"သူ့လိပ်စာကတ်. . . အကူအညီလိုရင် လာခဲ့တဲ့"

"ဟာကွာ. . . အပန်းမကြီးတဲ့ကူညီမှုလေးကို ဒီလူ ဂေါက်နေလား မသိဘူး"

"ဂေါက်တော့ မဂေါက်ဘူးကွ"

"ဒါဆို. ."

"ငါလည်း မသိဘူး"

နှစ်ယောက်သား အူတူတူနဲ့ ရယ်တော့ တိုးကြီးက ဝင်လာရင်း





ဘေးမှာ ခုံတစ်လုံး ဆွဲထိုင်ကာ. . .

"ဘာတွေ သဘောကျနေတာလဲ"

"သဘောကျဆို မင်းညီမ ငါ့ကို သဘောကျလို့တဲ့"

"အေး. . ဟာ. . ဒီကောင်"

"ကြာလိုက်တာကွာ. . . မင်းပဲ သိပ်မကြာဘူး ဆက်ဆက်လာခဲ့မယ်ဆိုလို့ စောင့်နေတာ ဘယ်လောက်ကြာပြီလဲ"

မျိုးဇော်စကားကြောင့် တိုးကြီးက ဘာဖြစ်လို့ ညာဖြစ်လို့နဲ့။ ဒီလိုပါပဲ. . . အဲဒါက တိုးကြီးရဲ့ထုံးစံပဲလေ။





www.burmeseclassic.com

www.burmeseclassic.com



“မော်လမြိုင်မှာ အဆင်ပြေရဲ့လား မင်းထွဋ်”

“ပြေပါတယ်ကွာ”

မင်းထွဋ်က အိတ်ကို စားပွဲပေါ် ချရင်း. . .

“ဘော့စ်ရောက်နေပြီလား နိုင်ထူး”

“ဒီအချိန် ဘယ်ရောက်ဦးမှာလဲဟ”

နိုင်ထူးနဲ့သူက ကျောင်းနေဖက်သူငယ်ချင်း၊ အလုပ်ဝင်တော့လည်း အတူတူ၊ ဒါပေမယ့် နိုင်ထူးက ရန်ကုန်ရုံးချုပ်မှာ တာဝန်ကျပြီး သူက မော်လမြိုင်ကုမ္ပဏီမှာ တာဝန်ကျသည်၊ ပြီးခဲ့တဲ့တစ်ပတ်ကမှ ရန်ကုန်ရုံးချုပ်ကို ပြန်ခေါ်လို့ ရန်ကုန်ကို ပြန်ရောက်တာ မကြာသေး၊

“မင်း အခု မင်းအဖေအမေအိမ်မှာပဲ ပြန်နေတာပေါ့”

မင်းထွဋ် ခေါင်းညိတ်ရင်း နိုင်ထူးကို ဆက်ပြောပြနေမိတယ်၊

“ဒေါ်လေးလည်း ဆုံးပြီဆိုတော့ ငါ့ဖေဖေအိမ်မှာပဲ ပြန်နေတယ်၊ ဖေဖေတို့ကလည်း ငါ့ကို သူတို့နဲ့ ပြန်လာစေချင်တော့လည်း နေလိုက်တာပေါ့ကွာ”





နိုင်ထူး ခေါင်းတဆတ်ဆတ် ညိတ်ရင်း. . .

“ဒေါ်လေးမေက မင်းကို တော်တော်ချစ်တာပဲနော်”

“အင်း. . . ဒေါ်လေးက ငါငယ်ငယ်လေးထဲက ငါ့ကို မွေးစားထားတာ၊ အပျိုကြီးဆိုတော့လည်း သားသမီးသံယောဇဉ် မရှိတော့ ငါ့ကို သားအရင်းလို ချစ်တာကွ”

“ဒါဆို ဒေါ်လေးမေရဲ့ခြံက. . .”

“ဒေါ်လေးပိုင်တဲ့ခြံကို ငါ့ကို အမွေလွှဲပေးခဲ့တယ်လေ၊ လက်ဝတ်လက်စားနဲ့ အတွင်းပစ္စည်းတွေကို ငါ့ညီမနှာမည်နဲ့ ထားခဲ့တယ်၊ ဖေဖေနဲ့ ဒေါ်လေးမေတို့ မောင်နှမနှစ်ယောက်ထဲ ရှိတော့ အမွေပေးစရာ ငါတို့ပဲ ရှိတာကိုး”

“ဪ. . ကဲ. . လုပ်စရာရှိတာလေးတွေ စလိုက်ကြရအောင်”

မင်းထွဋ် ရုံးချုပ်မှာ အလုပ်ဝင်တာ တစ်ပတ်ပဲ ရှိသေးတာမို့ လူတိုင်းနဲ့ မရင်းနှီးသေးပါ၊

ဖြစ်ချင်တော့. . .

တစ်ခန်းတည်းရှိတဲ့ သူရက ဖိုင်ကို လှမ်းယူပြီး ကိုနိုင်ထူးစားပွဲနားတိုးကပ်သွားရင်း. . .

“ကိုထူး. .”

“ဘာလဲကွ”

နိုင်ထူး သူရကို ကြည့်တော့ သူရက သွားအဖြီသားနဲ့ ရယ်ပြတယ်၊ နိုင်ထူး လိုက်ရယ်ပြတော့. . .

“ဟာ. . . ကိုထူးကို ပြန်ရယ်ပြခိုင်းတာ မဟုတ်ဘူး”

“ဒါဆို ဘာလဲ”

“စာ. .”

“ဆာတယ်. . ဘယ်နှစ်နာရီ ရှိပြီလဲ”

“ဟာ. . . မနောက်ပါနဲ့ဗျာ”

မအီမသာ ဖြစ်သွားပုံရတဲ့မျက်နှာနဲ့ သူရရဲ့ဖြစ်ပုံကြောင့် နိုင်ထူး



www.burmeseclassic.com

www.burmeseclassic.com



ရယ်ချင်သွားတယ်။ ဒီကောင် ကုမ္ပဏီက ဝန်ထမ်းတစ်ယောက် ဖြစ်တဲ့ ခတ္တာကို ကြိုက်နေတာလေ။ ခတ္တာက စွာတာတာ အစားထဲကဆိုတော့ သူ မပြောရဲဘူး။ ဒါကြောင့် စာရေးပြီး ပေးဖို့ နိုင်ထူးကို စာလာရေးခိုင်းနေတာ။

"ခဏနေရင် လာခဲ့၊ ငါ့ဖိုင်အစိမ်းထဲမှာ ညှပ်ထားလိုက်မယ်၊ တစ်ခုတော့ ရှိတယ်နော်"

"ဘာလဲဗျ"

"ရှေ့က လက်ဖက်ရည်ဆိုင်မှာ မင်းနာမည်နဲ့ ငါ အကြွေးစားထားမှာနော်"

"ကြိုက်သလောက် စားဗျာ၊ ခဏနေ လာယူမှာနော်"

"စိတ်ချစမ်းပါကွာ"

သူရ ထွက်ခွာတော့ နိုင်ထူး ဟိုကြည့်ဒီကြည့်နဲ့ အလုပ်လုပ်ချင်ယောင်ဆောင်ပြီး စာကို ရေးပါတော့တယ်။ စာရေးပြီးတော့ စာအိတ်ကိုရှာတယ်။ ရိုးရိုးစာအိတ် မတွေ့တော့ မထူးပါဘူးဆိုပြီး ရုံးသုံးစာအိတ်ထဲ ထည့်ပြီး ဖိုင်အစိမ်းထဲ ညှပ်ထားလိုက်ပါတယ်။

"ကိုထူး. . ဘော့စ် ခေါ်နေတယ်"

"အေး. . အေး. . လာပြီ"

ဘော့စ်ခေါ်နေတယ်ဆိုလို့ နိုင်ထူး ကမန်းကတန်း ဘော့စ်ရဲ့ အခန်းကို ပြေးရတယ်။ ဟိုရောက်တော့ ဘော့စ် ဦးနေစိုး(ကွယ်ရာမှာ ကိုနေကိုစိုး)က သူ့ကိုယ်သူ မာဖီးယား ဂိုဏ်းစတားအိုက်တင်ကို ဖမ်းပြီး. .

"အဟမ်း. . . မောင်ရင် ပြေးရမယ်"

"ဗျာ. ."

ပြေးရမယ်ဆိုတော့ သူလည်း လန့်သွားတာပေါ့။

"ဟုတ်တယ် မောင်ရင်၊ ဘဏ်ကို အရင်သွား၊ တောင်ကြီးရုံးခွဲကို ငွေလွှဲ၊ ပြီးရင် ဆိပ်ကမ်းကိုပြေး၊ ရော့. . . ဒီစာရွက်က ဆိပ်ကမ်းမှာ လုပ်ရမယ့်ပစ္စည်းစာရင်း"





ဘော့စ်က စာရွက်ကို ကျွန်တော့်ရှေ့ကို ချပေးရင်း တဆက်တည်း

"မင်း. . သောင်းထူးကို ခေါ်သွား"

ကိုသောင်းထူးဆိုတာ ကုမ္ပဏီက ကားဒရိုင်ဘာပါ။ နိုင်ထူးလည်း စာရွက်ကို ယူ၊ ကိုသောင်းထူးကို ခေါ်၊ ဘော့စ်ပြောတဲ့အတိုင်း ပြေးပါတော့တယ်။





www.burmeseclassic.com

အချစ်ဆိုတာ
နွယ်ခွဲယှဉ်တဲ့ ပန်းတစ်ပွင့်မဟုတ်ပေမယ့်
လူသားတိုင်းရဲ့ရင်ထဲမှာတော့
တချို့မဟုတ် တစ်ချိန် ပွင့်တတ်ကြတာပဲလေ
ဒါပေမယ့်
ဟုတ်ကဟုတ်က ပန်းတွေမပွင့်ဖို့တော့ လိုသေးတာပေါ့
ဟုတ်ဖူးလား။





**မင်း**ထွန်း နိုင်ထူးစားပွဲကို လာတော့ နိုင်ထူးကို မတွေ့တာနဲ့ . . .

"နိုင်ထူးရော မမိ"

"ဘော့စ် ခိုင်းလို့ အပြင်သွားတယ်ထင်တယ်"

ကျွန်တော်ဖိုင်အဖုံးပေါ်က လုပ်ငန်းနာမည်တွေကို ရှာရင်း. . .

"ဒီစာရင်းတွေကို ဒီကောင် ဒီနေ့အပြီးတင်ရမှာ မမိ၊ မပြီးရင်တော့ ပြဿနာပဲ"

"ကဲ. . . နင် ကိုမြင့်စိုးကို သိတယ်မို့လား"

"ပြောင်ကြီးကို ပြောတာလား"

အားလုံးက ကိုမြင့်စိုးကို ပြောင်ကြီးလို့ပဲ ခေါ်ကြပါတယ်။ မမိက ကျွန်တော့်အပြောအကြောင့် ရယ်ရင်း. . .

"အေး. . . ဟုတ်တယ်၊ ကိုမြင့်စိုးအခန်းက မိုးမိုးဦးကို ပေးလိုက်၊ သူက မြန်တယ်. . စနစ်ကျတယ်"

"မိုးမိုးဦး. . အသစ်လား မမိ"

"အင်း. . . ဟုတ်တယ်၊ သိပ်တော့ မကြာသေးဘူး၊ ဒါပေမယ့်

www.burmeseclassic.com



တာရင်းအင်းနဲ့ တွဲရထားတာ၊ ဟိုဟယ်. . အရပ်မြင့်မြင့် ဆံပင်ရှည်ရှည်နဲ့ တစ်ယောက်လေဟယ်"

ကျွန်တော်. . မမိ ပြောတဲ့ မိုးမိုးဦးဆိုတဲ့ အမျိုးသမီးကို ကုမ္ပဏီဆိုတော့လည်း သွားရင်းလာရင်း တွေ့ထားဖူးပါတယ်။

"အင်း. . . သိတယ်၊ ကျွန်တော်သွားပေးလိုက်မယ်"

ကျွန်တော် မမိကို ပြောပြီး မမိုးမိုးဦးကို လိုက်ရှာရတယ်။ တွေ့ပါပြီ။

"ဒီက. . မမိုးမိုးဦး ထင်တယ်"

မိုးမိုးဦးက မော့ကြည့်ပြီးတော့ ပြုံးပြပါတယ်။

"ဟုတ်ပါတယ်"

"ဒီဖိုင်ကို ဒီနေ့အပြီး စာရင်းတွေ စစ်ပေးနိုင်လား၊ ဟိုဟာလေ. . နိုင်ထူးကို ဘော့စ် ခိုင်းလိုက်လို့"

"အားရောအားရဲ့လား မသိဘူး"

"အားပါတယ်"

"ကျေးဇူးပါပဲဗျာ"

"ဟုတ်ကဲ့"

မင်းထွန်း လက်ဆွဲပဲ နှုတ်ဆက်ရမလိုလို၊ ကြည့်ရတာ မမိုးဦး အနေအေးပုံရပါတယ်။ ပြီးတော့ မဆီမဆိုင် စကားဆိုရရင် လှလည်း လှတယ်လေ။

မင်းထွန်း ထွက်သွားတော့ မိုးမိုးဦး သူလာပေးတဲ့ဖိုင်ကို ဖွင့်ကြည့်ရင်း ဖိုင်အလယ်က ကလစ်နဲ့ တွယ်ထားတဲ့စာအိတ်ကို တွေ့လိုက်တယ်။ အထဲက စာကို ထုတ်ယူပြီး ဖတ်ကြည့်မိတော့. . .

*မဂ်လာပါ ချစ်သူ. . .*

*ကမ္ဘာနဲ့နေဟာ မိုင်ပေါင်းများစွာ ဝေးပေမယ့် မင်းနဲ့ငါဟာ အနီးလေးပါ။ လူနှစ်ယောက် ချစ်တယ်ဆိုတာ အနီးပေး ကစားကွက်တွေနဲ့*





*တွဲဖက်ညီတဲ့ တိုက်စစ်မှူးတွေဆိုလည်း မမှားဘူးပေါ့။ ကိုယ့်နှလုံးသားက ဈေးခေါ်ကောင်းတဲ့ဂါထာနဲ့ လာသမျှ လူကို ရောင်းနေတာ မဟုတ်ပေမယ့် မင်းကိုတော့ ဈေးကောင်းပေးပြီး ရောင်းချင်ပါတယ်။ ခက်တာက ကပ်စေးနဲကို မှီ့ကပ်သလို ငါ့သံယောဇဉ် ချစ်ခြင်းတရားတွေ မင်းနှလုံးသားမှာ ပူးကပ်နေပါပြီ။ အုန်းလွဲနေတာကို အုန်းသီးစားပြီး ကုသလို့မရသလို အချစ်နဲ့ လွဲနေတဲ့ ကျွန်တော့်အတွက် အချစ်ချင်း အစားထိုးပေးဖို့ ထိုးဆေးလိုနေပါပြီ။ အဲဒါက မင်းရဲ့ အချစ်ပဲ။*

*ဤစာနှင့်တကွ စဉ်းစားပေးပါရန်. . .*

*မင်းရဲ*

"ဆွေဆွေ. . . မင်းရဲဆိုတာ ဘယ်သူလဲ"

မိုးမိုးဦးလည်း ဇဝေဇဝါနဲ့ သူမအနားမှာ ရှိတဲ့ ဆွေဆွေကို လှမ်းခေါ်တော့ ဆွေဆွေက သူမအနား လျှောက်လာပြီး. . .

"ဘာဖြစ်လို့လဲ မိုးမိုး"

"ဒီစာက ဘာစာလဲ၊ ငါ့ကို ပေးတာထင်တယ်. . . မင်းရဲတဲ့"

ဆွေဆွေက လှမ်းယူပြီး ဖတ်ပါတယ်။ စာဆုံးတော့ အူလှိုက် သဲလှိုက် ရယ်ပြီး. .

"ဟဲ့ နင့်ကို ရည်းစားစာ ပေးတာ မိုးမိုးရဲ့၊ မင်းရဲ မဟုတ်ဘူးဟဲ့၊ မင်းရဲ့လို့ ရေးတာ၊ အောက်ကမြင့်က ကျန်ခဲ့တာ ထင်တယ်"

"ငါ့ကို. . "

သူမ ရင်ဘတ်လေး ဖိပြီး ခုနက ပေးတဲ့လူကို ဖျတ်ခနဲ သတိရ လိုက်မိတယ်။

"ဒီစာ နင့်ကို ဘယ်သူပေးတာလဲ"

"ခုနလူ"

ဆွေဆွေ မှတ်မိပါတယ်။ ခုန ကိုညီဖြွေးတို့နဲ့ စကားပြောနေသူ။

"ကိုညီ. . . ခုန ကိုညီနဲ့ စကားပြောနေတဲ့သူက ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



ကိုညီဌေးက ကွန်ပျူတာ ရိုက်နေရာမှ လှမ်းပြောတယ်။

"ဘာဖြစ်လို့လဲ. . . မင်းထွဋ်တဲ့၊ ဘာလဲ. . . ညည်းကြိုက်လို့လား"

"ဟင့်အင်း. . . မိုးမိုးကို စာပေးသွားတယ်"

"ဘယ်နှစ်ကောင်လဲ"

အရေးထဲ ဒီလူကြီးက စာကလေး ထင်နေတယ်။

"တစ်ကောင်ထဲ. . . ရည်းစားစာ"

"ဗုဒ္ဓေါ. . တကယ်"

အဲ့ဒီနေ့. . အဲဒီအချိန်. . အဲဒီစာတစ်စောင်ဟာ ကုမ္ပဏီမှာ ပွက်လောရိုက်သွားပါတယ်။ ဘယ်လောက်ထိအောင်လဲဆိုရင် ကုမ္ပဏီ ရုံးခန်းထဲ ထိအောင်ပါ။







သူတို့ရဲ့ကိုနေကိုစိုးတစ်ယောက် မင်းထွဋ်၊ နိုင်ထူး၊ သူရနဲ့ မိုးမိုးဦးတို့ရှေ့မှာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေပါတယ်။

သူ့လက်ထဲမှာလည်း တရားခံ စာရွက်တစ်ရွက်နဲ့။

စာရွက်ကို နိုင်ထူးရှေ့ မြှောက်ပြရင်း. . .

"ဒါဆိုရင်. . . "

စကားကို ဆက်မပြောသေး။ နိုင်ထူးကို ကြည့်လိုက်သေးတယ်။ နိုင်ထူးက မျက်နှာငယ်လေးနဲ့. . .

"မစိုပါဘူး ဆရာ. . . ခြောက်နေပါတယ်"

နိုင်ထူးစကားကြောင့် အားလုံး တခွီးခွီးနဲ့။ ကိုနေကိုစိုးလည်း သူ့ဒေါသကို အပီအပြင် ပြပါတော့တယ်။

"မင်း ငါ့ကို မလေးမစား လုပ်တာလား နိုင်ထူး"

"မလုပ်ရဲပါဘူး ဘော့စ်"

နိုင်ထူးဆိုတာက ဘော့စ်ကို ခပ်တည်တည် စတတ်သည့်ကောင်။

"မင်းက သူရအတွက် ရေးပေးတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သူရကလည်း ခုမှ အူတုန်ချင်နေပါတယ်။ နိုင်ထူး သူ့မျက်ခွက်ကို TRANSFORM နဲ့ ကျုံ့လိုက်ပြီး. . .

"ဟုတ်ပါတယ် ဘော့စ်"

"ဒါဆို ဒီကိစ္စမှာ မင်းထွဋ်နဲ့မိုးမိုးဦးတို့နဲ့ ပါဝင်ပတ်သက်ခြင်း မရှိပါကြောင်းပေ့ါ"

စာသံပေသံ ရှံုးသံပါတဲ့စကားနဲ့ ဘော့စ်ပြောတော့ မင်းထွဋ် မပြုံးမိအောင် သတိထားရပါတယ်။

"ဟုတ်ကဲ့ ပေ့ါ. . အဲ. . ဘော့စ်"

"ကဲ. . . ဒီနှစ်ယောက်နဲ့ သူရ သွားလို့ရပြီ"

နိုင်ထူး သူကျန်ခဲ့မယ်ဆိုတော့ ခေါင်းနပန်းကြီးသွားပါတယ်။

"ဟို. . ကျွန်တော့်ကို. . "

ဘော့စ်က မာဖီးယားဂိုဏ်းခေါင်းဆောင်အပြုံးနဲ့ ရက်ရက်စက်စက်ကြီး ပြုံးပြလိုက်ပါတယ်။

အပြင်ရောက်တော့ မင်းထွဋ် မိုးမိုးဦးကို ပြောပါတယ်။

"ကျွန်တော် တောင်းပန်ပါတယ်"

"ရှင်. . "

မိုးမိုးဦး တကယ့်ကို ကြောင်တောင်တောင် ဖြစ်သွားတယ်။ ဟုတ်တယ်လေ. . . တောင်းပန်စရာမှ မလိုတဲ့ဟာကို။ မင်းထွဋ်လည်း တောင်းပန်ပြီးမှ တောင်းပန်လိုက်တာ သူမှားမှန်း သိတာကြောင့်. . .

"ထပ်တောင်းပန်ပါတယ်"

"ဟုတ်. . ဟုတ်ကဲ့. . သွားပြီနော်"

မိုးမိုးဦး စာဖတ်ရတုန်းက ရင်မတုန်ဘဲနဲ့ အခု မင်းထွဋ် တောင်းပန်တော့မှ ရင်ခုန်ချင်လာတာ။ သူရက တခွီးခွီးနဲ့ ရယ်ရင်း. . .

"ကိုမင်းထွဋ် တောင်းပန်ရမှာက ကျွန်တော်ဗျ"

"အေးကွ. . . မင်းကိုလည်း တောင်းပန်ပါတယ်"

"လုပ်ပြန်ပြီ. . . ကိုမင်းထွဋ် စိတ်ကူးမလွဲနဲ့နော်၊ မမိုးဦးကို စိတ်ဝင်





စားနေတဲ့သူတွေ အများကြီးပဲ"

"အဟုတ်"

"အဟုတ်ပေ့ါဗျ. . . ကိုမင်းထွဋ်နဲ့ဆို အတွဲညီတယ်၊ ရည်းစားစကား ပြောပါလား"

"ဟာကွာ"

ရှက်ရှက်နဲ့ မင်းထွဋ် ထွက်လာတော့ သူရက ရယ်ရင်း. . .

"ဟေ့လူကြီး. . . ခင်ဗျား သွားရမှာက ဒီဘက်လေဗျာ၊ ဘာလဲ မမိုးမိုးဦးကို ရည်းစားစကား လိုက်ပြောမလို့လား"

"ဒီကောင်လေးတော့. . "

ရှက်ရမ်း,ရမ်းပြီး မင်းထွဋ် ဦးတည်ရာကို ပြန်ပြောင်းရပါတယ်။ အခန်းထဲက နိုင်ထူးခမျာမှာတော့ ဘော့စ် ဘာအပြစ်ပေးမလဲ ကြောက်နေရပါတယ်။ ဘော့စ်က သူ့ထိုင်ခုံ ပြန်ထိုင်ပြီး. . .

"ထိုင်. . "

"ဟုတ်ကဲ့"

နိုင်ထူး ထိုင်တော့ ဘော့စ်ရဲ့ခက်ထန်နေတဲ့ သူ့မျက်နှာကြီးက အံ့သြစရာကောင်းလောက်အောင်. . .

"ငါ့ကိုလည်း တစ်စောင်ရေးပေးပါကွာ"

"ဗျာ. . "

နိုင်ထူး တကယ့်ကို ကြောင်အမ်းအမ်း ဖြစ်သွားရှာတာပါ။ ဘော့စ်က အပြင်လူ မကြားအောင် စပ်ဖြီးဖြီးမျက်နှာနဲ့ ပြောလာတဲ့ ခပ်တိုးတိုးစကားက. . .

"ငါ မျက်နှာချင်းဆိုင်ကုမ္ပဏီက MD ဒေါ်ချယ်ရီကို ရည်းစားစကား လိုက်မပြောရဲလို့"

ဟား. . . နိုင်ထူး အခုမှ ဇာတ်ရည်လည်ပြီး သက်တောင့်သက်သာ ဖြစ်သွားရတာ။

"ဟာ. . . အပြစ်ပေးမယ် အောက်မေ့လို့ လန့်လိုက်တာ ဘော့စ်



www.burmeseclassic.com

www.burmeseclassic.com



ရာ"

ဘော့စ်က မျက်မှောင်ကြုတ်ရင်း. . .

"ငါက ဘာကိုအဖြစ်ပေးရမှာလဲ"

"မဟုတ်ဘူးလေ. . ကုမ္ပဏီအတွင်းက ရုံးသူရုံးသားအချင်းချင်း ချစ်ကြိုက်တဲ့ကိစ္စကို"

"ဟင်. . . ကြိုက်ကြပေါ့ကွာ၊ ဒါ ဖြစ်လေ့ဖြစ်ထ ရှိတဲ့ကိစ္စပဲ။ ကဲ. . အဲဒါတွေ ထားပါ၊ ငါရေးထားတဲ့ တိုးလို့တန်းလန်းကို ဖတ်ကြည့်စမ်း"

ဘော့စ်က အံဆွဲထဲက စာတစ်စောင်ကို ထုတ်ပြပါတယ်။ နိုင်ထူး ယူပြီးဖတ်ကြည့်တော့. . .

သို့/

*မချယ်ရီ*

*အစီရင်ခံစာ ။ ။ အချစ်ကို လျှောက်ထားခြင်း*

နိုင်ထူး ပြုံးစေ့စေ့နဲ့. . .

"အချစ်ကို ဘယ်မှာ အထားမှားလို့လဲ ဘော့စ်"

"ဟာကွာ. . . မင်းက တစ်မျိုး"

နိုင်ထူး ဆက်ဖတ်ကြည့်လိုက်ပါတယ်။

*(ကျွန်တော့်ဘဝက ဟောင်းအိုလို့ အသုံးမဝင်တော့ဘူး ထင်ပြီး ချောင်ထိုးထားတဲ့ ကားအိုကြီးတစ်စီးပါ။ မချယ်ရီအနေနဲ့ လေလံပွဲ လေလံဆွဲသလို ကျွန်တော့်ဘဝကို ပြင်ဆင်မွမ်းမံဖို့ ကောင်းပါပြီ)*

"ဟာ. . . မိုက်တယ် ဘော့စ်၊ လုံးဝ ဂန္တဝင်မော်ဒန်ပဲ"

နိုင်ထူး ခပ်ပင့်ပင့်လေး မြှောက်ပြောလိုက်တော့ ဘော့စ် တဟဲဟဲနဲ့ သဘောတွေ ကျနေတာလေ။

*(မြင်လို့မကောင်းဘူး)*

"ငါ ဆက်မရေးတတ်လို့ မင်းအကူအညီ အရုမ်းလိုတယ် နိုင်ထူး"





"ဒီအတိုင်းတော့ မရဘူး ဘော့စ်၊ ရေးပြီးရင် ဒါ. ."

နိုင်ထူးက လက်မကို ပါးစပ်ထဲ ထည့်ပြတော့. . .

"စိတ်ချစမ်းပါကွာ. . . မင်းဘော်ဒါကြီး မင်းထွဋ်ပါ ခေါ်ခဲ့"

"အဲဒါဆို ကျွန်တော်ဆက်ရေးလိုက်မယ်နော်"

"အိုကေ. . ရေး"

နိုင်ထူး ဘော့စ်ကို အချွန်ကြီးကြီးနဲ့ မ,ဖို့ အခွင့်ကြုံတာနဲ့ အခုလို ဆက်ရေးလိုက်ပါတယ်။

*(အချစ်ရေးမှာ မရေးတတ် မတွေးတတ် မဖတ်တတ်တဲ့ ကျွန်တော့် အဆင့်က မူကြိုပါ မချယ်ရီ။ ထိုသို့သောကြောင့် ကျွန်တော် မချယ်ရီကို ချစ်သည်။ သုံးဆယ့်တစ်ဘုံမှာ မင်းနဲ့ငါနဲ့ ရင်ခုန်ချင်သည်။ ဤသို့ဖြင့် စာမူကြီးအား ပြီးဆုံးစေလိုက်သည်။)*

"ဖတ်ကြည့် ဘော့စ်"

စိတ်ကြမ်းဝင်နေတဲ့မျက်နှာနဲ့ သဘောကောင်းတဲ့စိတ် မွေးမြူထားတဲ့ ကျွန်တော်တို့ရဲ့ဘော့စ်က ဖတ်ကြည့်ပါတယ်။ ပြီးတော့ အားရဝမ်းသာပါပဲ။

"ကောင်းပြီးရင်း ကောင်းရောကွာ၊ ကဲ. . . ညနေရုံးဆင်းရင် မင်းနဲ့မင်းထွဋ် ကြိုက်တဲ့ဆိုင်ကိုပြော"

နိုင်ထူး ပျော်ပျော်ရွှင်ရွှင်နဲ့ ပြန်လာတော့ အားလုံးက အံ့သြနေကြတာ။ ဟုတ်တယ်လေ. . . ဘော့စ်က သူ့ကို အပြတ်ကောမယ်လို့ ထင်ထားတာကိုး။

"ဘော့စ်က ဆူပူတာ များသွားလို့ ဒီကောင် ဒီလိုဖြစ်လာတာ ထင်တယ်"

နိုင်ထူးက တဟဲဟဲ။

မင်းထွဋ် မေးကြည့်လိုက်တော့. . .

"ဘာတဲ့လဲ"

နိုင်ထူး ဘယ်သူမှ မကြားအောင် မင်းထွဋ်ကို တိုးတိုးလေး ပြောပြ



www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ်။

"ညနေရုံးဆင်းရင် မင်းနဲ့ငါကို ဘော့စ်က ရှယ်ပြုစုမယ်တဲ့"

"ဟေ. ."







တကယ်ပါပဲ. . .။

ဆက်ဆက် သူ့ဘေးက လူကို ကြည့်ရင်း ဒေါသတွေ အလိပ်လိုက် အလိပ်လိုက် ထွက်လာတာ။

ဘယ်လိုနိုင်ငံရဲ့ဖက်ရှင်မျိုးနဲ့ ဘယ်လိုဝတ်ဆင်လာတယ်မသိ။

ဂျင်းဘောင်းဘီက အနီရောင်၊ တီရှပ်က အဝါရောင်၊ ခေါင်းမှာ ဆေးပါ ဆိုးထားသေးတယ်။ ဒီကြားထဲ မျက်မှန်ကိုင်းက အဖြူရောင်။ အော့. . .။

"ဆက်ရယ်. . . ကိုယ့်ဘဝက မင်းအချစ်တွေနဲ့ တည်ဆောက်ထားတဲ့ စက်ရုပ်တစ်ရုပ်ပါ ဆက်ရယ်"

"တရုတ်တွေ ကုလားတွေ ကျွန်မ မသိချင်ဘူး. . . ပြန်ပါ"

ထိုသူက မပြန်။

"ပျံရအောင် ကိုယ့်မှာ အတောင်တွေမှ မရှိတာ၊ အတောင်တစ်တောင်တော့ ရှိတယ်"

ဆက်ဆက် မျက်မျက်နှာရဲရဲနဲ့. . .



www.burmeseclassic.com

www.burmeseclassic.com



"ရှင် မမိုက်ရိုင်းနဲ့နော်"

ထိုသူက အူကြောင်ကြောင်နဲ့. . .

"မဟုတ်ဘူး. . . ယပ်တောင်ကို ပြောတာ၊ အိမ်မှာ ကျန်ခဲ့တယ်၊ တိုယ့်နာမည် ရာဇာတင်ဝင်းပါ၊ ကိုယ့်အဖေက လူဖျင်း. . အဲလေ. . လူဝင်း၊ အမေ့နာမည်က မိုမိုအောင်မြင့်၊ ကိုယ်နေတာ ရွှေချောင်းကြားမှာ"

သူမ ကြောင်တောင်တောင် ဖြစ်သွားရတယ်။ ရွှေတောင်ကြား ရပ်တွက်ပဲ ကြားဖူးတာ။ ရွှေချောင်ကြားရယ်လို့ လုံးလုံးမကြားဖူးပါဘူး။

"အံ့သြသွားလား. . . ရွှေချောင်ကြား အရက်ဆိုင် အပေါ်ထပ်မှာ နေတာ"

ဘာတွေမှန်းမသိ တွယ်ကပ်နေတဲ့ ထိုလူကြောင့် ဆက်ဆက် စိတ်ညစ်နေရတာ အမှန်ပဲ။

"ဟော့. ."

ရှေ့မှာ တွေ့ပါပြီ နေရောင်။ ဒါပေမယ့် အကြောမတည့်တာ ကြောင့် ခေါ်သင့်မခေါ်သင့် စဉ်းစားနေရပါသေးတယ်။ ဒီဝင့်က လွှတ်ဖို့ ဆိုရင်တော့. . အင်း. . ဒီကောင့်ကိုပဲ ခေါ်ရမှာပဲ။

"နေလောင်"

ဆက်ဆက် ခေါ်သံကြောင့် နေရောင်လှည့်ကြည့်တော့ အံ့သြသွား ပါတယ်။ လမ်းမှာ တွေ့တိုင်း ဘယ်တော့မှ မျက်နှာကြောမတည့်တဲ့ ဆက် ဆက်က အခုလိုမျက်နှာထားနဲ့ ခေါ်တယ်ဆိုတော့. . .

"ဘာလဲ"

"စောင့်နေပါ. . ဆို"

အသံက မူနွဲ့နွဲ့။ သူသိလိုက်ပါတယ်။ ဘေးက ကာလာစုံ လူသား ကြောင့် ထင်တယ်။ ကျွန်တော် ခပ်တည်တည်နဲ့. . .

"မင်းက မျက်လှည့်ဆရာလား"

ဆက်ဆက်က ခစ်ခနဲ ရယ်တယ်။ ရယ်လိုက်တော့လည်း အဲဒီ ကောင်မလေး သိပ်လှတာပဲ။





"ငါက ဘာလို့ မျက်လှည့်ဆရာဖြစ်ရမှာလဲ၊ ရာဇာတင်ဝင်းကွ. . . ရာဇာတင်ဝင်း၊ မင်းက ဘာကောင်လဲ"

နေရောင်က ခပ်တည်တည်နဲ့ အခွင့်အရေး ရတုန်း ပခုံးပေါ် လက်တင်တော့ ဆက်ဆက် အောင့်သက်သက်နဲ့ ငြိမ်နေရပါတယ်။

"မိုင်း နိမ်း အစ် လောင်. . တစ်ချို့က မိုက်ကယ်နေလောင်လို့ ခေါ်ကြတယ်၊ တစ်ချို့က ဝိန်းနေလောင်တဲ့"

ရာဇာတင်ဝင်း ရှုံ့မဲ့သွားတယ်။

"မင်းပြန်တော့"

နေရောင် ခပ်တည်တည်နဲ့ ပြန်ခိုင်းတော့ ရာဇာတင်ဝင်း အောင့် သက်သက်နဲ့ လှည့်ပြန်သွားတယ်။ ကျေနပ်ပုံတော့ မရဘူး။

"ကျေးဇူးပဲဟာ. . . ငါ့ကို အတင်းရည်းစားစကား လိုက်ပြောနေ လို့ဟ"

နေရောင် စပ်ဖြီးဖြီးနဲ့. . .

"အခုကစပြီး ဘယ်သူမှ နင့်ကို ရည်းစားစကား ဆက်မပြောစေရ ဘူး"

"ဘာဖြစ်လို့လဲ"

"ငါ ရည်းစားစကား ပြောမလို့"

ဆက်ဆက် ကျောချမှ ဓါးပြမှန်း သိလိုက်ရပါတယ်။ ဒေါသဖြစ် ဖြစ်နဲ့. . .

"အောင်မာ. . . ပြောရဲပြောကြည့်ပါလား၊ နင့်ကို ကြိုက်မယ်များ ထင်လား၊ ကိုယ့်ရုပ်မှ အားမနာ. . ."

ပြောလို့မှ မဆုံးသေး။ နေရောင် လှစ်ခနဲနေအောင် ထွက်ပြေး သွားပါပြီ။ ဆက်ဆက် ဒေါသဖြစ်ဖြစ်နဲ့ အိမ်ပဲ ပြန်လာခဲ့လိုက်တယ်။ အိမ် ရောက်တော့ ကိုကိုက. . .

"ဘာဖြစ်လာတာလဲ မိဆတ်"

"ဘာဖြစ်ရမှာလဲ. . . ဒီနေ့ ကံကို မကောင်းဘူး၊ ရည်းစားစကား



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်လိုက်အပြောခံရတဲ့ ပြဿဒါးပဲ"

မင်းထွဋ် မိဆက်စကားကြောင့် ဟိုကောင်လေးကို သတိရမိရင်း

"ညီမလေး"

"ဘာလဲ ကိုကို"

"ထားပါတော့. . . နောက်မှပဲ"

ဆက်မပြောတော့ဘဲ ထထွက်သွားတဲ့ကိုကိုကြောင့် သူမ စိတ်ပေါက်ပေါက်နဲ့. . .

"လူတွေ ဂေါက်နေကြလား မသိဘူး. . . စိတ်ညစ်တယ်"







မေမေက ဖေဖေ့အတွက် ယတြာချေဖို့ဆိုပြီး နှင်းဆီပန်းတစ်ပွင့် ဝယ်ခိုင်းပါတယ်။ အညွှန့်တွေ ပျောက်အောင်ဆိုလား။ ကြည့်ရတာ ဖေဖေလည်း ကျွန်တော်တို့ငယ်ငယ်ကလို ကျောင်းရိပ်ပိုကဒ်ရဲ့ ကောင်းသင့် ညွှံမှာ အတော်ညွှံနေပုံရပါတယ်။ နှင့်ဆီတစ်ပွင့် ကိုင်ပြီး ပြန်လာတော့ မျိုးဇော်နဲ့ လမ်းမှာ တိုးတယ်။

"နှင်းဆီပန်းနဲ့ ဘာလုပ်တာလဲ ဟေ့ကောင်"

ကျွန်တော် စပ်ဖြီးဖြီးနဲ့. . .

"မင်းညီမ ပေးမလို့ ဟဲဟဲ. . . အလကား စတာပါကွာ၊ မေမေက ဖေဖေ့အတွက် ယတြာချေမလို့တဲ့"

"ကြည့်ရတာ မင်းအဖေကို နှင်းဆီပန်း ပန်ပြီး ရုံးသွားခိုင်းမလို့နဲ့ တူတယ်"

ဒီကောင့်စကားကြောင့် ကျွန်တော် ရယ်ရင်း. . .

"သွားပြီး မျိုးဇော်"

"နေဦး. . . ငါပါ လိုက်ခဲ့မယ်"

"ဘယ်ကိုလဲ"

"မင်းအိမ်ကို စာအုပ်လိုက်ငှားမလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို သွားမယ်လေ"

"နေဦး. . . ရှုးရှုးပေါက်ချင်လို့ ကိုမြင့်တို့လက်ဖက်ရည်ဆိုင်မှာ ဝင်ပေါက်လိုက်ဦးမယ်"

"ဒါများကွာ. . . ကိုယ်က ကလေးပဲ၊ လုံချည်လေး လှန်ပြီး ကော့ပန်းလိုက်ပေါ့"

"ခွေးကောင်"

ဒီကောင် ကျွန်တော့်ကို ဆဲပြီး ထွက်ပြေးသွားပါတယ်။ ကျွန်တော်လည်း လေလေး တချွန်ချွန်နဲ့ ရပ်စောင့်နေလိုက်တယ်၊

ဖြစ်ချင်တော့ သူရပ်နေတာက မင်းထွဋ်တို့ခြံ ခပ်လှမ်းလှမ်းမှာ။ မင်းထွဋ် ရုံးက ပြန်လာပြီး သူတို့ခြံနဲ့ မလှမ်းမကမ်းမှာ ရပ်နေတဲ့ ဒီကောင်လေးကို မြင်ဖူးပါတယ် ကြည့်နေရင်း. . .

"ဟင်. . . ဒါ ညီမလေးကို ကြိုက်နေတဲ့ကောင်လေးပဲ၊ ကြည့်ရတာ ညီမလေးကို ပန်းပေးဖို့ မရဲဘူး ဖြစ်နေတယ်ထင်တယ်၊ ငါကူညီရင် သင့်တော်ပါ့မလား"

သင့်တော်တာ မတော်တာ နောက်မှထား၊ ကူညီချင်တဲ့ စိတ်အခံလေးက ခေါင်းထောင်ထလာတော့လည်း. . .

"ညီလေး"

နေရောင် ခေါ်သံကြောင့် လှည့်ကြည့်တော့ ပထမ မမှတ်မိသေး။ ထိုလူပြုံးလိုက်တော့မှ မှတ်မိသွားပြီး. . .

"ဘာလုပ်နေတာလဲ"

နေရောင်လည်း ရုတ်တရက် အမေးခံလိုက်ရတာကြောင့် ယောင်ပြီး နှင်းဆီပန်းနဲ့ မျိုးဇော် ထွက်သွားရာဘက်ကို ညွှန်ပြလိုက်ပေမယ့်. . .

"ဟို. ."

မင်းထွဋ်စိတ်ထဲမှာတော့ သူ့အိမ်ဘက်ကို ညွှန်ပြတယ်လို့ပဲ ထင်တာ။

"ကဲ. . ကဲ. . အစ်ကို ကူညီမယ်၊ ပေး. . နှင်းဆီ"





"ဗျာ. ."

"ရပါတယ်ကွာ. . အစ်ကိုနားလည်ပါတယ်. . . ပေးပါ"

နေရောင့်လက်ထဲက နှင်းဆီကို ဆွဲယူပြီး ထွက်သွားတဲ့ မင်းထွဋ်ကြောင့် နေရောင် ကြောင်တောင်တောင်နဲ့ ကျန်ခဲ့ရပါတယ်။ ပြီးတော့ မင်းထွဋ် ဝင်သွားတာက ဆက်ဆက်တို့ခြံ။ ဘာတွေမှန်း မသိ။

"ဟော့ကောင်. . . သွားမယ်လေ"

မျိုးဇော် လာတော့ နေရောင်လည်း စိတ်ပျက်လက်ပျက်နဲ့ ဈေးဘက် ပြန်လှည့်ရတယ်။

"ဘယ်လဲ. . . မင်းအိမ်က ဟိုဘက်မှာလေ"

"လာစမ်းပါကွာ. . . နှင်းဆီပန်း သွားဝယ်ရဦးမယ်"

မျိုးဇော်က မရှိတော့တဲ့ နှင်းဆီပန်းကို မြေကြီးပေါ် လိုက်ရှာရင်း

"မင်း ခုနဝယ်လာတဲ့ပန်းကရော"

"ဒီလိုဟော့"

နေရောင်က မျိုးဇော်နဲ့အတူ ဈေးမှာ နှင်းဆီပန်း ပြန်ဝယ်ရင်း ဖြစ်ကြောင်းကုန်စင် ပြောတော့ ဒီကောင်လည်း ဇဝေဇဝါ။

"အဲဒီလူက ဆက်ဆက်တို့ခြံထဲ ဝင်သွားတယ် ဟုတ်လား"

"အေး. ."

"ဘယ်ကလူလဲ"

"ဘယ်သိမလဲကွ"

"သူက အဲဒီနှင်းဆီပန်းကို ဘာလို့ ယူတာလဲ"

"ဟာ. . . မသိပါဘူးဆို၊ အကြောင်းရှိလို့နေမှာပေါ့"

"အဲဒီအကြောင်းက ဘာလဲ"

"ဟာကွာ. . တော်ပါတော့၊ စိတ်ရှုပ်ရတဲ့အထဲ မင်းက တမျှော်"





www.burmeseclassic.com

www.burmeseclassic.com



“ဟု့ . . တောင်းပန်ပါတယ်”

“တောင်းပန်ပါတယ်ဗျာ”

ဖိုင်တွေကိုယ်စီ အသီးသီး ကိုင်ပြီး ကျွန်တော်က ဘော့စ်ရဲ့အခန်းကိုအဝင် သူကအထွက် တိုက်မိမလို ဖြစ်တာကြောင့် အသီးသီး တောင်းပန်နေကြတာ။

သူမ ခေါင်းကြီး ငုံ့ပြီး အတင်းထွက်သွားတော့မှ မာဖီးယားဂိုဏ်းစတားရုပ်နဲ့ ဘော့စ်က ပြုံးပြပါတယ်။

“ကဲ . . ထိုင် . . တောင်းပန်ပါတယ်”

“ဟာ . . ဘော့စ်ကလည်း”

ကျွန်တော် ရှက်ရှက်နဲ့ ရယ်တော့ ဘော့စ်ကလည်း ရယ်ပြီး . . .

“စိတ်ကူးမလွဲနဲ့ မင်းထွင့်၊ ကောင်မလေး ရှက်နေပုံထောက်ရင် မင်းအလားအလာ ကောင်းတယ်”

“တော်ပါတော့ ဘော့စ်ရာ”





“တော်ပါတယ် မင်းထွင့်ရာ”

“ဘာကိုလဲ ဘော့စ်”

“ဩော် . . . ကောင်မလေးက တော်တယ် တတ်တယ်လို့”

ကျွန်တော့် ဘော့စ်ဆီ ယူလာတဲ့ဖိုင်ကို တရိုတသေ ပေးပြီး ထပြန်မယ် လုပ်တော့ . . .

“မင်းတို့ ညနေကျရင် စောင့်နေ”

“ဘာဖြစ်လို့လဲ ဘော့စ်”

“ငါ . . ချယ်ရီဆီက ငါ့အချစ်ကို လက်ခံတဲ့အကြောင်း မတ်စေ့ ရလာတယ်”

“ဗျာ . . တကယ်”

နိုင်ထူး အချွန်နဲ့ မလိုက်တဲ့စာဟာ ဘော့စ်အတွက်တော့ ကံထူးတဲ့ လက်မှတ်တစ်စောင်ပါပဲ။

“အဲဒါကြောင့် ငါပြောတာပေါ့၊ တစ်ခါတလေ ရည်းစားတစ်ယောက် လိုချင်ရင် ငါ့လို ပေါရတယ်ကွ၊ မျိုးသိပ်တယ်ဆိုတာ လက်ဖက်ရည်ချိုဆိမ့်တစ်ခွက်လို အရသာ မကောင်းဘူး၊ ကြိုးစား မင်းထွင့်”

“ဟာဗျာ . . . ဒီဘက်ပဲ ပြန်လှည့်နေတာပဲ ဘော့စ်”

“ကဲ . . . ညီဋ္ဌေးတို့ မြင့်စိုးတို့ သူရတို့ပါ ခေါ်လာခဲ့၊ မိန်းကလေးတွေကိုတော့ ကိုသောင်းထူးကို စားချင်တာ ပါဆယ်မှာပြီး ပေးလိုက်ကြ၊ ပိုက်ဆံကို မိမိဆီက ယူသွား”

“ဟုတ်ကဲ့ ဘော့စ်”

ကျွန်တော် အခန်းအပြင်ရောက်လို့ နိုင်ထူးကို ပြောပြတော့ နိုင်ထူး ပါးစပ်အဟောင်းသားဖြစ်သွားပြီး . . .

“အံ့ပါရဲ့ကွာ . . . ဒီစာကြီးကိုများ၊ ဒါပဲ မင်းထွင့်၊ ပေါတောတောပဲ ဖြစ်ဖြစ် ပေါချာချာ စာပဲဖြစ်ဖြစ် အဓိက,က ဖတ်တဲ့လူဟာ ကိုယ့်ကို စိတ်ဝင်စားနေရင် ချစ်တဲ့စိတ်နဲ့ ဖတ်တော့ ချစ်တဲ့အကြောင်း အဓိပ္ပာယ်ဝင် မြောက်တာပေါ့ကွာ၊ ဒါ အိုင်ဒီယာအသစ်ပဲ”



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လည်း ဒီကောင့်ရဲ့ပေါ်တောတော အိုင်ဒီယာတွေကို နားမထောင်ချင်တာကြောင့် မမိဆီက ပိုက်ဆံယူပြီး ကိုသောင်းထူးကို အစားအစာတွေ မှာဖို့ လိုက်ရှာရပါတယ်။







"ချီးယားစ်"

ကုမ္ပဏီမှာ ရှိတဲ့ ယောက်ျားလေးဝန်ထမ်းအားလုံး စုံစုံညီညီပါပဲ။ သူရက နိုင်ထူးကို ပြောတယ်။

"ကျွန်တော့်ကျတော့ ခဏ္တာက ဘာလို့ အဖြေမပေးသေးတာလဲ"

"မင်းက အဖြေတောင်းပြီးပြီလား"

"ဟင့်အင်း"

သူရစကားကြောင့် အားလုံး ပွဲကျသွားပါတယ်။

"အဖြေမတောင်းဘဲနဲ့ အဖြေရပါ့မလား ခွေးကောင်လေးရဲ့"

ဦးနေစိုးက သူရကို ဆဲတော့ သူရက ရှုံ့ရှုံ့မဲ့မဲ့နဲ့. . .

"မသိဘူးလေ. . . သူပဲ အဖြေလာပေးမလားလို့ စောင့်နေတာ"

"မင်း တိုင်နဲ့ခေါင်းနဲ့သာ ဆောင့်နေ"

နိုင်ထူးစကားကြောင့် သူရမျက်နှာ ရှုံ့မဲ့သွားပါတယ်။

"ကဲ. . . တစ်ပွဲကျန်သေးတယ်နော်"

ကိုညီဌေးက ပြုံးစေ့စေ့နဲ့ ကျွန်တော့်ကို ကြည့်ပြီးပြောတော့ ဦးနေစိုးက. . .



www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင်မလှုပ်ရင် ဒီကောင်တွေ လှုပ်အောင် ငါလှုပ်ပြမယ်. . ကြည့်နေ"

"ဟာ. . မလှုပ်ပါနဲ့၊ အဲ. . မလုပ်ပါနဲ့ ဘော့စ်ရာ"

"ဒါဆို မင်းလှုပ်မလား"

"မလှုပ်ချင်ပါဘူး ဘော့စ်ရာ"

"ကဲ. . . မနက်ဖြန်က စောင့်ကြည့်ကြတော့"

ဦးနေစိုး စကားကြောင့် ကျွန်တော်ဆက်မပြောတော့။ ဆက်ပြောလည်း အကြောင်းထူးမှာမှ မဟုတ်တာ။

"ဟုတ်တယ် မင်းထွဋ်၊ မင်းစိတ်ကူးမလွဲနဲ့၊ မိုးမိုးဦးဆိုတာ လှတပတလေးနဲ့၊ အလုပ်ခွင်မှာလည်း တော်၊ တစ်ခါတစ်ခါ အတတလေး ဖြစ်တတ်တာကလွဲပြီး မင်းအတွက် သင့်တော်တဲ့မိန်းကလေး မင်းထွဋ်"

ကိုမြင့်စိုးကလည်း မိုးမိုးဦး စီရင်ခန်းကို ငို့ကာချဲ့နေပါတယ်။ သူတို့ပြောမှ ကျွန်တော် မိုးမိုးဦးဆိုတဲ့ နှမပျိုကို အတွေးနဲ့ မြင်ယောင်ကြည့်မိတယ်။ ချက်ချင်းကြီး ကြည့်ရင် သာမန် မိန်းမပျို တစ်ယောက်ရဲ့ အလှလို့ ထင်ရပေမယ့်. . . တစိမ့်စိမ့် ကြည့်မှ တဖိန့်ဖိန့် တောက်ပတဲ့ အလှကို ပိုပိုပြင် လာပါတယ်။







"ဟောဗျာ. . . တစ်ယောက်ထဲ ပြုံးနေပါလား"

ကိုညီရွှေက ကျွန်တော်ရဲ့ကြိတ်ပြုံးကို မြင်ဖြစ်အောင် မြင်သွားပါသေးတယ်။

"ဘာလဲ. . . ဘော့စ်ကျွေးတဲ့ အစားအသောက်ထဲမှာ ရယ်စရာပါလို့လား"

သွားပြီ။ အားလုံးက တစ်ယောက်တစ်ပေါက်နဲ့ ဝိုင်းနှိပ်ကွပ်ကြပြီ။

"ဩော်. . . ကြာနီကန်ဆရာတော် ပြောတဲ့ အောင့်လုံးတွေ ဖုံးခနဲ ပေါက်တော့မယ် ထင်တယ်"

ဘော့စ်က အတည်ပေါက်နဲ့ စနောက်တော့. . .

"ဟာဗျာ. . . ဘော့စ်ကလည်း၊ ကျွန်တော့်ပဲ ဝိုင်းနှိပ်ကွပ်နေတာပဲ"

ဘော့စ်က သူ့ရဲ့ခက်ထန်တဲ့အပြုံးကြီးနဲ့ ပြုံးလိုက်ရင်း. . .

"ဟော့ကောင်လေး. . . အဲဒါ တစ်ရှူးတွေနော်၊ စားမပစ်နဲ့ဦး"

ကျွန်တော်က အကြောင်းမရှိ ရှက်ရှက်နဲ့ တစ်ရှူးတွေကို လုံးချေနေတော့ ဘော့စ်စကားကြောင့် ကျွန်တော့်ကို ကြည့်ပြီး ရယ်ကြပါလေရော။

"ဟား. . ဟား. . ဟား. . ဟား. . ဟား"





www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာပေါ်မှာ
အလှဲပေါင်းသောင်းခြောက်ထောင် ဖြစ်နေတဲ့ကြားက
(အင်း...အဲဒီထက်တော့ မကနိုင်ဘူးထင်တယ်)
အချစ်တစ်ခုကို ရှာဖွေနိုင်ခဲ့သူတွေ အတွက်ကတော့
(ဟိုသီချင်းလိုမျိုး)
လွှဲလွှဲလေးပဲ ကောင်းပါတယ် ပေါ့နော်။





"ဒီစာလေး ယူသွားပေးပါဟာ"

လုပ်ပုံက. . ကြည့်။ တစ်စက်ကလေးမှ အချိုးမပြေ။ သူ့ကို အတင်းကြီး စာပေးနေတဲ့နေရောင်ကြောင့် မိဆက် စိတ်တိုတိုနဲ့. . .

"တောက်. . . နင်ဘယ်လိုဖြစ်နေတာလဲ နေလောင်"

နေရောင်ကလည်း မျက်နှာပိုးက မသေ။

"ငါ့ချစ်ခြင်းမေတ္တာတရား သီကျုံးရေးဖွဲ့ထားတဲ့စာကို ဖတ်သင့်ပါတယ်ဟာ"

လမ်းလယ်မှာ ဖြစ်ပျက်နေတဲ့ နေရောင်နဲ့မိဆက်ကို ပတ်ဝန်းကျင်က ဖြတ်သွားဖြတ်လာသူတွေ ပြုံးစေ့စေ့နဲ့ ကြည့်ကြည့်သွားကြပါတယ်။ အဲဒီအဖြစ်အပျက်တွေကို မြင်ဖြစ်အောင် မြင်လိုက်တာက မင်းထွဋ်။

"မယူဘူးလို့ ငါပြောပြီးပြီနော်"

နေလောင်က အံ့ဩဟန်နဲ့. . .

"နင့်ကိုလည်း ငါမပေးပါဘူး မတ်စိရယ်"

"ဘာ. ."



www.burmeseclassic.com

www.burmeseclassic.com



"လန့်လိုက်တာဟာ. . တိုးတိုးအော်ပါဟ. . လမ်းကလူတွေ မြင်ရင် တစ်မျိုးထင်နေပါဦးမယ်ဟာ"

"တောက်. ."

မိဆက် တကယ်ကို စိတ်မထိန်းနိုင်တော့။

"ငါစိတ်မထိန်းနိုင်တော့ဘူးနော်"

"ဒါဆို အခြားတစ်ယောက်ကို ငှားကျောင်းခိုင်းလေ"

"နေလောင်. ."

"ဟုတ်ပါတယ်ဟာ. . . ယူသွားပါနော်၊ ဟိုလေ. . နင့်သူငယ်ချင်း စန္ဒာလင်းကို ပေးပေးပါဟာ၊ လောင်က လင်းကို ဗျင်း. . အဲ. . ချစ်တယ်လို့"

မိဆက် အတင်းထိုးပေးနေတဲ့စာကို ပုတ်ထုတ်ပြီး ထွက်လာခဲ့လိုက်တယ်။ နေရောင် ရယ်လည်း ရယ်ချင်နေတာကြောင့် ပြုံးစေ့စေ့နဲ့ ဆံပင်ကို သပ်တင်ရင်း စာကို မကောက်မိ။ အဲဒီစာကို လှမ်းကောက်ဖတ်လိုက်ပြီး သူ့နောက်ဖက်ကနေ ပြန်လှည့်ထွက်သွားတဲ့ မင်းထွဋ်ကိုလည်း မမြင်။ ခဏကြာမှ စာကို ကောက်ဖို့ ငုံ့ကြည့်တော့. . .

"ဟိုက်. . . ငါ့စာ ဘယ်ရောက်သွားပါလိမ့်"

ဘေးဝဲယာကို ကြည့်တော့လည်း ဘယ်သူမှ မရှိ။ ကိုမင်းထွဋ်လည်း မရှိတော့ သူ ဦးနှောက် အတော်ကို ခြောက်သွားပါတယ်။

"ဧကန္တ ကောင်မလေးတစ်ယောက်ယောက် ကောက်သွားတာ ဖြစ်မယ်"

နောက်ဆုံး မတွေ့တော့တာမို့ မရှာတော့ဘဲ သူငယ်ချင်းတွေနဲ့ ချိန်းထားရာကို ထွက်လာခဲ့ပါတယ်။

မင်းထွဋ် အိမ်ရောက်တော့ စာကို သူ့ညီမအခန်းထဲက စာကြည့်စားပွဲပေါ်မှာ အသာတင်ထားပေးလိုက်တယ်။ အခန်းထဲက ပြန်ထွက်လို့ တအောင့်ကြာတော့ အပြင်က ပြန်လာတဲ့မိဆက်က သူ့စားပွဲပေါ်က စာကို မြင်သွားတယ်။





"ဘယ်က စာပါလိမ့်"

စာကို ဖွင့်ဖတ်ကြည့်မိတော့. . .

*အပျော်သဘောပေမယ့် အတော်မောရပါတယ် ဆက်ရယ်၊ ဆက်ကို ဘယ်လောက်ချစ်သလဲဆိုရင် ငါလေ. . နေ့တိုင်း ဆတ်သားခြောက်စားတယ်၊ စက်ကတ်ကြေးနဲ့ စက္ကူတွေ ဖြတ်ပြီး စိတ်ဝင်တစား စိတ်ကူးယဉ်ခဲ့တယ်၊ နောက်တော့ ဆက်မညှပ်တော့ဘဲ ဆောင့်ဆောင့်လေး ထိုင်ပြီး ဆက်အကြောင်း ဆက်တွေးတယ်။*

*ငါ့အချစ်တွေကို ဆက်ဆက်စောင့်နေပါ*

*ချစ်တဲ့. . .*

"ဘာတွေမှန်း မသိဘူး. . . အရူး"

ဒီရက်ပိုင်းအတွင်း ဘာတွေဖြစ်မှန်းမသိ။ ဟိုတစ်နေ့ကလည်း ကိုကိုက နှင်းဆီပန်းတစ်ပွင့် လာပေးသည်တဲ့။ ဆက်ဆက်ကို ဆက်ဆက်ပေးဖြစ်အောင် ပေးပါတယ်တဲ့။ ဘယ်သူလဲ မေးကြည့်တော့ ကိုကိုက မသိဘူးတဲ့၊ သူမ စိတ်တိုတိုနဲ့ ကိုယ့်ညီမကို ပေးတဲ့ နှင်းဆီပန်းကို ဘာလို့ ယူလာရတာလဲလို့ စိတ်တိုတိုနဲ့ မေးတော့ ကိုကိုပြောပုံကကြည့်။

"အားနာလို့" တဲ့။

တကယ်. . . ကိုကိုလောက် အားနာသနားတတ်သူ သူမ မတွေ့ဖူးသေးတာ အမှန်ပါ။





www.burmeseclassic.com

www.burmeseclassic.com



“**ရော့**. . . ခါတ်ပုံနှစ်ပုံ”

ခတ္တာ သူ့ကို ပတ်စ်ပို့အရွယ် ဓါတ်ပုံလာပို့တဲ့ ကိုမင်းထွဋ်ကို နည်းနည်းကလိချင်တာကြောင့်. . .

“ဘာလဲ. . . မမိုးကို ပေးလိုက်ရမှာလား”

“ဟဲ့. . . ကြားသွားဦးမယ်. . ဒုက္ခပဲ နင်တို့နော်”

“ကြားအောင်ပြောရမယ့်ကိစ္စကို ကိုမင်းထွဋ်မို့”

“တော်ပါဟာ”

“ဘာလဲ. . ပျော်တယ်ဟာ၊ တကယ်လား. . . ကိုမင်းထွဋ်”

မင်းထွဋ် ရှက်ရှက်နဲ့ တစ်ချိုးတည်း လစ်ပြေးပါတော့တယ်။ ခတ္တာ သဘောကျစွာ ရယ်ရင်း သွားကြားက မျက်တက်တက် ဖြစ်နေတာကြောင့် ခပ်လှမ်းလှမ်းက မမိုးကို. . .

“မမိုး. . . ကရင်ပတ်ပူး ပါလား”

“ပါတယ် ခတ္တာ. . . ဘာဖြစ်လို့လဲ”

“ဟို. . သွားကြားမှာ ခုနထမင်းစားတုန်းက ငါးရိုးညပ်နေတယ် ထင်တယ်”





မိုးမိုးဦးက ကရင်ပတ်ပူး ထုတ်ပေးပါတယ်။ သူမ ကရင်ပတ် ဖွင့်ကာ ငါးရိုးကို ထုတ်နေတုန်း. . .

“ဟဲ့. . . နင့်စားပွဲက ထမင်းလုံးတွေလည်း ရှင်းပါဦးဟယ်”

သူမကျောကို ပုတ်ပြီး ပြောသွားတဲ့ ကိုမြင့်စိုးကြောင့်. . .

“အင်းပါ. . . ဒီမှာ သွားကြားက အရိုးထုတ်နေလို့၊ တကတည်း အမြင်မတော် ကောက်စားသွားတာ မဟုတ်ဘူး”

“ခွေးမလေး”

ခတ္တာ ရယ်ရင်း ကရင်ပတ်ပူးကို ချကာ စားပွဲပေါ်က ထမင်းလုံး တွေ ရှင်းဖို့ ဂေါ်ပြားအဝတ်ဟောင်း သွားယူပါတယ်။ ပြန်လာတော့ ကရင် ပတ်ပူးကို မြင်တာကြောင့်. . .

“ဩော်. . . ငါ့နှယ်၊ ကရင်ပတ်ပူးတော့ အရင်မပေးဘဲနဲ့”

သူမကရင်ပတ်ပူးကို ယူပြီး မမိုးကို လှမ်းပေးလိုက်ပါတယ်။ ကရင် ပတ်ပူးရဲ့ဖင်မှာ ထမင်းလုံးနဲ့ မင်းထွဋ်ဓါတ်ပုံ ကပ်ပါသွားတာတော့ ခတ္တာ မသိလိုက်ပါဘူး။

“ရော့. . မမိုး”

ကွန်ပျူတာရိုက်နေတဲ့ မိုးမိုးဦးက အလုပ်မအားတာကြောင့်. . .

“တစ်လက်စတည်း မမိုးစလင်းဘတ်အိတ်ထဲ ထည့်ပေးပါလား ခတ္တာ”

“ဟုတ်ကဲ့ မမိုး. . . ထည့်လိုက်ပြီနော”

“အေး. . အေး. .”

ခတ္တာက စလင်းဘတ်အိတ် ဖွင့်ပြီး ထည့်ပေးကာ ပြန်ထွက်လာပါ တယ်။ သူမစားပွဲပေါ် ရောက်တော့ မင်းထွဋ်ဓါတ်ပုံ အံဆွဲထဲ ထည့်ဖို့ လှမ်းအယူ. . တစ်ပုံပဲ တွေ့တာကြောင့်. . .

“ဒီလူကြီးဟာလေ. . ဓါတ်ပုံနှစ်ပုံပါဆိုမှ တစ်ပုံပဲ ပေးထားတယ်၊ ကြောင်တောင်တောင်နဲ့”

ခတ္တာ ဗျစ်တောက်ဗျစ်တောက် ပြောပြီး ဓါတ်ပုံကို အံဆွဲထဲ



www.burmeseclassic.com

www.burmeseclassic.com



ထည့်လိုက်တယ်။

ညနေရုံးဆင်းလို့ မိုးမိုးဦး အိမ်ရောက်တော့ ခြံရှေ့က ဒန်းမှာ စာဖတ်နေတဲ့နေရောင်ကို တွေ့ရတယ်။

"ဟဲ့. . . ဘာအလုပ်ရှုပ်နေတာလဲ"

"ဟော. . . မမတောင် ပြန်လာပြီ၊ သင်တန်းတစ်ခု တက်မလို့ အကြိုစာကြည့်နေတာ မမ"

"လုပ်ပြန်ပြီ. . . ဒီတစ်ခေါက်တော့ အဲဒီသင်တန်းကို ဆုံးအောင် တက်နော် မောင်လေး"

သူ ပထမတစ်ခါတက်တဲ့သင်တန်းကို တက်ရင်း တစ်ဝက်တစ်ပျက်နဲ့ ထွက်လိုက်တာကို မမ ရည်ညွှန်းမှန်း သဘောပေါက်လိုက်ပါတယ်။

"ဒီတစ်ခါတော့ ပြီးအောင်တက်မှာပါ မမရဲ့"

မိုးမိုးဦးက သူ့ဘေးမှာ ဝင်ထိုင်ရင်း. . .

"ငါ ကုမ္ပဏီက ပြန်တော့ လမ်းမှာ ပိုက်ဆံအိတ်တစ်လုံးကို တွေ့တယ် သိလား"

"ဟာ. . . ပွတာပေါ့"

မိုးမိုးက ခေါင်းခါရမ်းရင်း. . .

"ပိုက်ဆံအိတ်က အုတ်ခုံပေါ်မှာဟ၊ အနားမှာ ဘယ်သူမှလည်း မတွေ့တာနဲ့ ငါဖွင့်ကြည့်တော့ ပိုက်ဆံတွေက အပြည့်ပဲ"

"တကယ်"

"အေး. . . ငါလည်း ဘယ်သူမှ မရှိတော့ ယူလာမလို့ပဲ၊ ဒါပေမယ့် ပြန်စဉ်းစားကြည့်တော့ ဒါ တစ်ယောက်ယောက် ဒီပေါ်မှာ ခဏထားတာပဲ တွေးမိပြီး သူပြန်လာယူမှာပဲလေဆိုပြီး ပြန်ထားခဲ့လိုက်တာ"

"သေလိုက်ပါတော့ မမရာ"

ကိုယ့်နဖူးကိုယ်ရိုက်ပြီး သူပြောတော့ မမက ဘာမှနားမလည်တဲ့ပုံနဲ့. . .

"ဘာဖြစ်လို့လဲ မောင်လေး"





"မမ မယူတော့ နောက်တစ်ယောက် ထပ်တွေ့ပြီး ယူသွားမှာပေါ့ဗျ. . . မမကလည်း၊ မဟုတ်တာကျရင် တုံးလိုက် အလိုက်တာဗျာ"

"အင်း. . . ဟုတ်တယ်. . နှမြောစရာပဲ"

ကျွန်တော်ရယ်လည်းရယ်ချင် မမကို ရယ်လည်း မရယ်ရက်ပါ။ တစ်ခါတစ်လေ မမက အဲလိုမျိုး။

မမ ထွက်သွားတော့ သူစာပြန်ဖတ်နေရင်း စာကြောင်းတစ်ခုက မှားနေလို့ မမအခန်းဆီ လျှောက်သွားပြီး. . .

"မမ ကော်ရက်ရှင်ပန် ရှိလား. . . ခဏလောက်"

မမက ခေါင်းအုံးစွပ်တွေ စွပ်နေရာမှ. . .

"ငါ့ဆလင်းဘတ်အိတ်ထဲမှာ ရှိတယ်၊ ကိုယ့်ဘာသာ ရှာယူသွားတော့"

ကျွန်တော် မမဆလင်းဘတ်အိတ်ကို ဖွင့်ပြီးရှာရင်း ကရင်ပတ်ထူမှာ ကပ်နေတဲ့ ဓါတ်ပုံလေးတစ်ပုံကို ဆွဲခွာကြည့်လိုက်တယ်။

"ဘယ်သူ့ပုံပါလိမ့်"

"ဟင်. . ဒါ. . "




သူ ဒီဓါတ်ပုံရှင်ကို သိလိုက်ပါပြီ။

"သြော်. . . ဒါကြောင့်မို့ ဒီလူကြီး ငါ့ကို လာရောတာကိုး၊ မဆိုးဘူး ငါ့အစ်မလည်း ပွင့်ချိန်တန် ပွင့်နေပြီပဲ"



www.burmeseclassic.com

www.burmeseclassic.com



သူ ပြုံးစေ့စေ့နဲ့ ဓါတ်ပုံလေးကို ကိုင်ရင်း. . .

“ငါ့အစ်မကတော့လေ. . . သူ့ချစ်ချစ်ဓါတ်ပုံကို အမြဲတွေ့ရအောင် ကရင်ပတ်ဗူးမှာ ကပ်ထားရတယ်လို့၊ ဒီတစ်ခါတော့ မအေ့တော့ပါလားဟင် မမ”

နေရောင်စကားကြောင့် မိုးမိုးဦး ကြောင်တောင်တောင်နဲ့. . .

“ဘယ်သူ. .”

“ပြောင်လိမ်မနေနဲ့တော့. . . ဒီပုံက ဘယ်သူ့ပုံလဲ”

နေရောင် လှမ်းပေးတဲ့ဓါတ်ပုံကို ယူကြည့်ရင်း. . .

“ဘုရားရေ. . ကိုမင်းထွဋ်”

“ဘယ်သူ. . ကိုမင်းထွဋ်၊ မဆိုးဘူး မမ၊ မမနဲ့ လိုက်တယ်”

“ဟို. . မဟုတ်”

မိုးမိုး ဘယ်လိုကဘယ်လို ခြေထောက်မပေါက်ဘဲ ရောက်လာတဲ့ ဓါတ်ပုံကို ကြည့်နေရင်း စဉ်းစားမရ။ နေရောင်က သူ့မမ ငြင်းနေတာကို ရှက်လို့ထင်ပြီး သူ့အစ်မရည်းစားပဲဟု တစ်ထစ်ချ ယုံကြည်ထားလိုက်ပါပြီ။







“ရှင့်ကို ကျွန်မ ဘယ်တုန်းကမှ မခေါ်ဘူး”

“မင်း အခုမှ လာပြီး ရှက်ကိုးရှက်ကန်းနဲ့ ငြင်းမနေနဲ့၊ မင်း ခေါ်တုန်းက ခေါ်ပြီး”

“ဟာ. . ကျွတ်. .”

ဆက်ဆက် စိတ်ညစ်ပြီးရင်း ညစ်နေရသည်။ ဒီလူ သူ့နာမည် ခေါ်တယ်ဆိုပြီး နောက်က တကောက်ကောက် လိုက်ပြီး ရည်းစားစကား ပြောနေခြင်းကြောင့်ပါ။

“ဘယ်လောက်ထူးဆန်းလဲကွာ. . . တစ်ယောက်နဲ့တစ်ယောက် မတွေ့ဖူးမမြင်ဖူးဘဲနဲ့ ညီမက အစ်ကို့ကို သိနေတာ၊ အဲဒါမှ ဖူးစာဆိုတာ အစစ်”

အစစ်တွေ အတုတွေ ပြောနေတဲ့ ထိုလူကို ကျွန်မ မသိပါ။ သင်တန်းက အပြန်မှာ ပြဿနာက အခုလို ကပ်ပါလာတာပါပဲ။

အဲဒီလူနဲ့ ဆက်ဆက်ပြဿနာက နေရောင်တို့ ထိုင်နေရအုတ်ခုံ အထိ ရောက်လာပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ဟိုမှာ ဘာဖြစ်လဲ မသိဘူး. . . ကြည့်ဦး"

မျိုးဇော် မေးဆတ်ပြရာကို ကြည့်တော့ မိဆက်နဲ့ လူတစ်ယောက် လမ်းအလယ်မှာ ဘာတွေငြင်းခုန်နေမှန်းမသိ။ သူ သူတို့အနားဆီ လျှောက်သွားကာ. . .

"ဘာကူညီရမလဲ မိဆတ်"

နေရောင်ကို တွေ့တာနဲ့ မိဆက် တော်တော်လေး အားတက်သွားပေမယ့်. . .

"ဟင်. . တော်. . နင့်လည်း ယုံရတာမဟုတ်ဘူး"

"ညီလေး စဉ်းစားကြည့်၊ အစ်ကို့ဘာသာ အစ်ကိုနေတာ၊ အစ်ကိုက လူလယ်ခေါင်ကြီးမှာ၊ အဲဒါကို သူက လှမ်းခေါ်ပြီး အစ်ကို သူ့ဆီသွားတော့လည်း သူက အစ်ကို့ကို မခေါ်ပါဘူး လုပ်နေတာ"

ထိုလူက ကျွန်တော့်ကို ရှင်းပြနေတော့. . .

"အစ်ကို့ကို ဘယ်လိုလှမ်းခေါ်လဲ"

"တင်သန်းလို့ ခေါ်တာ၊ အစ်ကို့နာမည်က ကိုတင်သန်း"

ထိုလူရှင်းပြတာကို မိဆက်က အသည်းအသန်ပင်. . .

"ရှင့်ဘာသာ တင်သန်းပဲ တင်သိန်းပဲဖြစ်ဖြစ် ကျွန်မအတွက် အရေးမကြီးဘူး၊ အသိတစ်ယောက်က လမ်းမှာ တွေ့လို့ ဘယ်က ပြန်လာလဲ မေးလို့ သင်တန်းကလို့ ပြောတာ"

အဖြစ်မှန်ကို အခုမှ သိရလို့ ရှင်းသွားပေမယ့် ထိုလူက မိဆက် ဘေးနားက ခွာချင်ပုံမပေါ်။

"မိန်းမတွေများ အမျိုးမျိုးပဲ၊ အခု ဆီထမင်း၊ အခု စာကလေး ကျော်၊ လူကို ခေါ်ပြီး အရှုးလုပ်တာပဲ"

မိဆက်က မျက်စောင်းထိုးပြီး. . .

"ရှင်လည်း အရူးပဲ"

ကိုတင်သန်းကတော့ နာကျင်ကြေကွဲဖွယ် မျက်ဝန်းလဲ့လဲ့နဲ့. . .

"အင်းပေါ့လေ. . . အခုတော့ အရူးလို့ ပြောပြီပေါ့၊ အင်းလေ. .





ငါကိုယ်တိုင်က အချစ်ရူး ရူးနေတာပဲလေ"

ကိုတင်သန်း ငိုက်စိုက်ငိုက်စိုက်နဲ့ ပြန်လှည့်ထွက်သွားပါတယ်။ ကျွန်တော်ကတော့ အဖြစ်အပျက်တွေကို သဘောကျပြီး ရယ်မိသည်။ မျိုးဇော်က ဘေးဝင်ထိုင်ပြီး. . .

"တကယ်လည်း ကိုတင်သန်းက ရူးနေတာပဲလေ"

"ဟင်. ."

"ဟုတ်တယ် နေရောင်၊ အဲဒီကိုတင်သန်းဆိုတဲ့လူက ဒီတစ်လမ်းကျော်မှာ နေတာ၊ ကောင်မလေးတစ်ယောက်နဲ့ ကြိုက်ပြီး ကောင်မလေးက ငါးရှဉ့်ကိုက်လို့ သေတယ်ဆိုလား"

"မြွေဖြစ်မှာပါကွာ"

"နှစ်ခုလုံးက ရှည်ရှည်အမျိုးတွေပဲဟာ"

မျိုးဇော်အပြောကြောင့် ရယ်မိကြတယ်။

"မင်းကို မတ်စိက တော်တော်အယုံကြည်ရှိပုံပဲ"

"တစ်နေ့တော့ ယုံကြည်လာမှာပါ"

ကျွန်တော်ရဲ့ ခိုင်ခိုင်မာမာ ယုံကြည်တဲ့စကားကြောင့် မျိုးဇော်က ပခုံးတွန့်ပြီး. . .

"ကြည့်ရသေးတာပေါ့ကွာ"

သူတို့နှစ်ယောက် စကားကောင်းနေကြစဉ်မှာ ရှေ့က ငိုက်စိုက်ငိုက်စိုက် လျှောက်လာတဲ့လူကို နေရောင် သေချာစိုက်ကြည့်ရင်း. . .

"ဟာ. . အစ်ကို"

မမရဲ့ ဘာညာဘာညာမှန်း ကျွန်တော်သိလိုက်လို့ အားရဝမ်းသာနဲ့ လှမ်းအော်တော့ သူကလည်း ကျွန်တော့်ကို ကြည့်ပြီး. . .

"ဟာ. . . ညီလေး"

ကျွန်တော်တို့နှစ်ယောက်ရဲ့ ဝမ်းသာအားရမှုတွေဟာ မသိရင် ညီအစ်ကိုနှစ်ယောက် အခုမှ ပြန်လည်တွေ့ဆုံရသလိုလို။ နေရောင်ထိုလူ လက်ထဲက ကြက်သားပလာတာထုပ်ကို တွေ့တော့. . .



www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . အစ်ကို. . မမကို ပေးဖို့လား၊ ဟုတ်တယ်. . . မမက ကြက်သားပလာတာ သိပ်ကြိုက်တာ"

"ဟင်. ."

မင်းထွဋ်ရဲ့ နေရောင်စကားကြောင့် ကြောင်တောင်တောင် ဖြစ်သွားတယ်။ ဘယ်က အစ်မက ပါလာရတာလဲ။

"ဟာ. . . အစ်ကိုကလည်း နောက်နေပြန်ပါပြီ၊ ကျွန်တော်က မမိုးမိုးဦးမောင်လေ၊ ဒီလမ်းထဲမှာ နေတာ"

ဒီတစ်ခါတော့ မင်းထွဋ် အံ့ဩမိတာ အကြီးကြီးကို ဖြစ်သွားပြီ။ မိုးမိုးဦးနဲ့သူ တစ်လမ်းထဲ နေပြီး မတွေ့ကြခြင်းပါ။ ပြီးတော့ မိုးမိုးဦး မောင်လေးက ဒီကောင်လေး ဖြစ်နေတာရယ်။ ပြီးတော့ သူနဲ့မိုးမိုးဦးကို ဒီကောင်လေး တစ်မျိုးထင်နေပုံရပါတယ်။ ဒီကောင်လေးဆိုတာလည်း မိဆက်ကို စိတ်ဝင်စားနေသူ။

နောက်မှပဲ ဒီကောင်လေးကို အဖြစ်မှန် ရှင်းပြပြီး အကူအညီ တောင်းတော့မယ် စိတ်ကူးပြီး. . .

"အစ်ကို့နာမည်က ကိုမင်းထွဋ်ပါ. . . ချိုလင်းဆက်ရဲ့အစ်ကို"

"ဗျာ. . . မတ်စိရဲ့အစ်ကို"

မိဆက်ကို မတ်စိလို့ ခေါ်တဲ့ကောင်လေးကြောင့် ဘယ်လို သမီးရည်းစားတွေမှန်း မသိဘူးဟု တွေးကာ ရယ်မိပါတယ်။

နေရောင် တော်တော်ဝမ်းသာသွားတယ်။ သူ့လို မင်းထွဋ်လို အတွေးနဲ့ ယောက်ဖကို ဖားပြီး သူ့ညီမကို အောင်သွယ်ခိုင်းမယ်ပေါ့။ အခုချိန်တော့ မိဆက်ရဲ့မာန်မာနတွေကို ခဝါချဖို့အရေး နည်းလမ်းရှာပါဦးမည်။

"ကဲ. . . အစ်ကိုသွားမယ်"

"ဟုတ်ကဲ့ အစ်ကို"

ကိုမင်းထွဋ် ထွက်သွားတော့ မျိုးဇော်က မေးတယ်။

"မိဆက်မှာ အစ်ကိုတစ်ယောက် ရှိတယ်လို့တော့ ကြားတယ်၊





ဒါပေမယ့် ဒီလူမှန်း အခုမှ သိတယ်၊ ဒါနဲ့ ဒီအစ်ကိုကြီးက"

"ဟဲဟဲ. . မျက်နှာပူပူနဲ့ ပြောရရင် မမမိုးရဲ့ချစ်ချစ်ကြီး"

မျိုးဇော်က ရယ်ရင်း. . .

"အဲဒါ ခွင်ကောင်းပေါ့ကွာ၊ မင်းက သူ့ညီမကို ကပ်ဖို့ နည်းလမ်းကောင်းပဲ"

"အိုကေ. . ငါလည်း သိတာပေါ့၊ ဒါကြောင့်. . "

ဆက်ပြောစရာ မလိုတော့၊ မျိုးဇော် ဒီလောက်ဆို သဘောပေါက်ပါတယ်။ သိတယ်မဟုတ်လား။ ခေတ်ကာလ သားသမီးတွေပဲဟာ. . .။





www.burmeseclassic.com

www.burmeseclassic.com



နေရောင်လုပ်ပုံကြောင့် မိုးမိုးဦး မင်းထွဋ်နဲ့ တွေ့တိုင်း မျက်နှာမပြရဲ။ သူ့ဘာသာ ထင်ရာတွေ ရမ်းသမ်းယုံကြည်နေပြီး မင်းထွဋ်ကို ဘာတွေ လျှောက်ပြောထားသည်မသိ။ သူမ ရှက်လိုက်တာ။

မင်းထွဋ်ကလည်း သူ့လိုပါပဲ။ သူတို့နှစ်ယောက်ရဲ့အခြေအနေကို အကဲခတ်နေတဲ့ နိုင်ထူးက ဘော့စ်ကို. . .

"အန်ကယ်စိုး. . . တစ်ခုခုတော့ တစ်ခုခုပဲဗျ"

"မင်းဟာက ဘာလဲကွ. . အရင်းမရှိ အတိုးမရှိ"

"အရင်းမရှိ အဖျားမရှိပါ ဘော့စ်ရာ၊ ဒီလို ဘော့စ်၊ ဒီတစ်ရက်နှစ်ရက်အတွင်း မင်းထွဋ်နဲ့ မိုးမိုးအခြေအနေက ပုံမှန်မဟုတ်ဘူး"

"ပုံမှန်မဟုတ်ဘူးဆိုတော့ သူတို့က ဂေါက်နေလို့လား"

"ဟာ. . . ဘော့စ်က ပိန်းလိုက်တာဗျာ၊ ကျွန်တော်ပြောတာက တစ်ယောက်နဲ့တစ်ယောက် ရှက်ကိုးရှက်ကန်းလိုလို၊ ဟို. . တစ်ခုခုဖြစ်နေတာတော့ သေချာတယ်ဗျာ"

နိုင်ထူးရဲ့ပိုင်ပိုင်နိုင်နိုင်စကားကြောင့် ဘော့စ်ရဲ့ခက်ထန်မာကျော





တဲ့အပြုံးကြီး လင်းလက်သွားပါတယ်။

"ဒီလိုပဲ ဖြစ်ရမှာပေါ့ နိုင်ထူးရာ၊ ဒီလိုလုပ်. . . လာမယ့်အပတ် ကုမ္ပဏီဝန်ထမ်းအသစ် ထပ်လျှောက်မယ့် ဝန်းထမ်းရွေးချယ်ရေးအဖွဲ့မှာ ဘယ်သူ ပါလဲ"

"မမိနဲ့ကိုမြင့်စိုး. . ကျွန်တော်. . ကိုညီ"

"သူတို့နှစ်ယောက်ပါ ထပ်ထည့်လိုက်"

ဘော့စ်ရဲ့ရည်ရွယ်ချက်ကို သိလိုက်ပါပြီ။ ဝန်ထမ်းလာလျှောက်သူကို သူတို့ကုမ္ပဏီရဲ့ထုံးစံအရ နှစ်ယောက်တစ်တွဲ ခွဲပြီး မေးခွန်းတွေ မေးရမှာမို့ ဒီလောက်ဆို နိုင်ထူးတို့က အကင်းပါတာမှ ရွှေတောင်စက္ကူထက်တောင် တလှပ်လှပ် ဖြစ်နေသေး။

"အိုကေ ဘော့စ်၊ တွေ့ကြသေးတာပေါ့ မင်းထွဋ်ရာ၊ မင်းရဲ့ အေးတိအေးစက် အံ့ပုန်းနှလုံးသားကြီးကို ငါတို့ အပူပေးပစ်မယ်"

နိုင်ထူးရဲ့ကြုံးဝါးသံကြောင့် ဘော့စ်က ရယ်ပါတယ်။ ဝန်ထမ်းအသစ်တွေ ထပ်ခေါ်မည်ဆိုတော့ မင်းထွဋ်က သူ့ညီမ သူတို့ကုမ္ပဏီက ခေါ်ရင် လျှောက်မယ်လို့ ပြောထားဖူးတာကြောင့် မိဆတ်ကို အလုပ်လျှောက်ဖို့ သတိရသွားတယ်။ မိုးမိုးဦးလည်း နေရောင် အလုပ်လျှောက်မှာ သိနေပါတယ်။





www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ တင်သန်းနဲ့ ရာဇာတင်ဝင်းဆိုတာ ညီအစ်ကိုပါ။ တင်သန်းက သွက်သွက်ခါအောင် မရှုပေမယ့် နည်းနည်းတော့ ဂေါက်ချင်ချင်။

"ဒီမှာ အစ်ကိုတင်သန်း"

"ပြော. . ညီတော်ဝင်း"

"ဒီတစ်ခါ ဒီကောင်မလေးကို တွေ့လို့ကတော့ နှစ်ယောက်စလုံး ရည်းစားစကား ပြောမယ်၊ အဖြေရသူက ကြည်ကြည်ဖြူဖြူနဲ့ အရှုံးကို လက်ခံရမယ်"

"လုပ်လိုက်လေ ညီတော်ဝင်း"

ထုံးစံအတိုင်း ရာဇာတင်ဝင်းက ဖက်ဖူးစိမ်းရောင် ဘောင်းဘီနဲ့ အုတ်နီခဲရောင်အင်္ကျီ၊ မျက်မှန်က အဝါရောင်ကွပ်နဲ့ ဆံပင်ကတော့ မိုးထိအောင် ထောင်ထားတဲ့စတိုင်အပြည့်။

တင်သန်းကတော့ ဘန်ကောက်ပုဆိုး ဘီသိက်ဆရာတွေ ဝတ်တဲ့ တိုက်ပုံနဲ့ သူ့ကိုယ်သူ ကြည့်ပြီး အကျေနပ်ကြီးကျေနပ်နေတဲ့ပုံ။ သူတို့နှစ်ယောက်ကို လက်ဖက်ရည်ဆိုင်ထဲက လူတွေက အကြောင်းသိနေလို့ ပြုံးစေ့စေ့နဲ့ ကြည့်နေကြပါတယ်။ လက်ဖက်ရည်ဆိုင်ထဲမှာ ရှိနေတဲ့လူတွေထဲမှာ





မျိုးဇော်နဲ့တိုးကြီးလည်း ပါ,ပါတယ်။

"ဒီနေ့တော့ မတ်စိအတွက် ရက်ရာဇာ မဟုတ်တာတော့ သေချာတယ် တိုးကြီး"

"ပြဿဒါးရဲ့သိမ်းသွင်းခြင်းကို မတ်စိ ကောင်းကောင်းကြီး ခံစားရတော့မယ်၊ ဟိုကောင်ရှိရင်လည်း ကောင်းသား"

"ဒီကောင်လာခဲ့မယ်လို့တော့ ပြောတယ်. . ဟော. ."

မျိုးဇော်ရဲ့. . ဟော. . ဆိုတဲ့စကားကြောင့် လှမ်းကြည့်တော့ ပြဿဒါးကို မသိတဲ့မတ်စိ သူ့အတွေးနဲ့သူ အေးအေးလေး လျှောက်လာပါတယ်။ ပြဿဒါးကို လက်ဆောင်ပေးမယ့် ညီအစ်ကိုနှစ်ယောက်က စားပွဲထိုးကို လက်ထိုး. . အဲလေ. . လက်ဖက်ရည်ဖိုး ပေးနေပါပြီ။

"ထ. . နောက်က လိုက်ကြည့်ရအောင်"

ပရိသတ် မရှိပွဲမို့ ပရိသတ်ရှိအောင် သူတို့နှစ်ယောက်လည်း ပိုက်ဆံရှင်းပြီး မသိမသာ လိုက်လာပါတယ်။ မတ်စိ သူ့ရှေ့က လမ်းပိတ်ရပ်နေတဲ့ ပြဿဒါးနှစ်ကောင်ကို တွေ့ကတည်းက စိတ်ခါတ်က အဝီစိထိ ရောက်ချင်နေပါပြီ။

"ကိုယ်တို့နှစ်ယောက်ကို တွေ့လို့ အံ့သြသွားတာလား ဆက်ဆက်"

ရာဇာတင်ဝင်းရဲ့အသံကြောင့် မိဆက်ရဲ့စိတ်ပျက်သံနဲ့. . .

"တောက်. . . တွေ့မယ့်တွေ့တော့လည်း မျောက်နဲ့အုန်းသီးနဲ့ကို တွေ့ရတော့တာပဲ"

မိဆက်စကားကြောင့် တင်သန်းက သူ့ညီ ရာဇာတင်ဝင်းကို မေးပါတယ်။

"မျောက်နဲ့အုန်းသီးဆိုတာ ဘာလဲ"

"သြော်. . . မျောက်နဲ့အုန်းသီးဆိုတာ အထာလေးနဲ့ ပြောသွားတာ၊ အုန်းသီးဆိုတော့ အီးတုံး၊ မျောက်နဲ့ဆိုတော့ မြက်နောက်၊ သြော်. . ရှေ့ဆက်မသွားနဲ့၊ မြက်နောက်မှာ အီးတုံးရှိတယ်. . တက်နင်းမိမယ်တဲ့"

စိတ်နဲ့လူနဲ့ အတော့်ကို ညစ်ပတ်နံစော်သွားတယ် တွေးလည်း



www.burmeseclassic.com

www.burmeseclassic.com



တွေးတတ်တဲ့လူ။

"ဩော်. . . ငါတို့ တက်နင်းမှာစိုးလို့ စိုးရိမ်လွန်းတာ၊ ကဲ. . . တိုယ်တို့နှစ်ယောက်ထဲက တစ်ယောက်ကို ရွေးတော့ ဆက်ဆက်"

"ရှင်. . ရှင်တို့. . "

မိဆက် ဒေါသကြောင့် အသားတွေ တဆတ်ဆတ် တုန်နေမိတယ်။ ဒါကို တင်သန်းက တစ်မျိုးထင်နေပုံရပြီး. . .

"နှစ်ယောက်ထဲက တစ်ယောက်ကို ရွေးရတော့မယ်ဆိုလို့ စိတ်မကောင်းဖြစ်နေတယ်နဲ့ တူတယ် ညီတော်ဝင်း"

"ဒါပေါ့လေ. . . မိန်းမသားဆိုတော့လည်း ဒီလိုအချိန်မှာ ဒီလိုဖြစ်တာ မဆန်းပါဘူး"

"ဟာ. . . ဘာတွေပြောနေတာလဲ၊ ရှင်တို့ ဖယ်မလား မဖယ်ဘူးလား"

"ဖယ်စရာလား ရှက်ရယ်. . အဲလေ. . ဆက်ရယ်"

အဲဒီအချိန် ရှေ့မှာ နယ်ထိန်း ကိုသန်းခင်ကို မြင်လိုက်တာကြောင့် မိဆက် အားတက်သွားရပြီး. . .

"အေး. . . မဖယ်ရင်. . ဦးလေးရေ. . ကျွန်မကို လိုက်နှောင့်ယှက်နေပါတယ်"

ရာဇာတင်ဝင်းတို့ညီအစ်ကို နယ်ထိန်းကိုသန်းခင်ကို မြင်လိုက်တာကြောင့် လန့်ဖြတ်သွားတယ်။

"ဟာ. . ရဲကြီး. . လစ်ပြီ"

"ညီလေး. . . အစ်ကိုတစ်ယောက်ထဲ မထားခဲ့ပါနဲ့"

"ဟော့ကောင်တွေ. . . ဟော့ကောင်တွေ. . . မပြေးနဲ့"

မိဆက် အခုမှ သက်ပြင်းကို လွတ်လွတ်လပ်လပ် ချရပါတော့တယ်။







**လက်**ဖက်ရည်ဆိုင်ထဲက လူတွေ တိုးကြိုးနဲ့မျိုးဇော် ပြောပြတော့ ရယ်လိုက်ကြတာ။

နေရောင်လည်း မျက်ရည်စို့ရတဲ့အထိ ရယ်ရင်း. . .

"ဘယ်ဘဝက ဝဋ်ကြွေးလဲ မသိဘူး၊ မိဆက်ဆိုရင် အဲဒီညီအစ်ကို နှစ်ကောင်က အသေရရ အရှင်ရရပဲကွ"





www.burmeseclassic.com

www.burmeseclassic.com



မျိုးဇော် ခေါင်းညိတ်ရင်း. .

"အဲဒီအရှူးနှစ်ယောက်နဲ့ တွေ့ရင်တွေ့၊ မတွေ့ရင် ဒီအရှူးရဲ့ နှိပ်စက်ခြင်းကို ခံရ. . ."

မျိုးဇော်က သူ့ကို ရည်ညွှန်းပြီး ပြောတာကြောင့် နေရောင် ထိုင်နေရာက ဒီကောင့်ကို လှမ်းကန်ပြီး. . .

"ငါက ချစ်တာပါကွ"

"မင်းချစ်တာက ရစ်နေသလိုပဲ"

"အေးလေ. . . ရစ်နေတာပဲ၊ ငါ့အနားရောက်လာအောင် ရစ်ဘီးနဲ့ တဖြည်းဖြည်း ရစ်နေတာ"

"ရစ်နေရင်း ရှုပ်သွားဦးမယ်"

"ဟာ. . . ဘာတွေမှန်း မသိဘူး၊ ရှုပ်နေတာပဲ"

ကျွန်တော်နဲ့မျိုးဇော်စကားကြောင့် တိုးကြီးက ထအော်ပါတော့တယ်။

"ဟေ့ကောင်. . . မနက်ဖြန် ဟိုဘက်လမ်းက သီတာဦးတို့ အိမ်က အလှူသွားရဦးမယ်နော်"

သီတာဦးဆိုတာ ကျောင်းတုန်းထဲက သူငယ်ချင်းတွေပါ။

"မနက်ဖြန် အလုပ်အင်တာဗျူး ရှိတယ်ကွ"

"ဘယ်နှစ်နာရီလဲ"

"ဆယ်နာရီ"

"မှီပါတယ်ကွာ. . . စားပြီးမှ တန်းသွားလိုက်ပေါ့၊ သီတာဦး ဆက်ဆက်လာခဲ့လို့ မှာသွားတာ"

"ဆက်ဆက်ဆိုလို့ ဆက်ဆက်လည်း လာမယ်ထင်တယ်"

"လာမှာပေါ့ကွ. . . သူလည်း သီတာဦးသူငယ်ချင်းတွေပဲဟာ"

"ဟိဟိ. . . တွေ့မှ နည်းနည်းကလိရဦးမယ်"

"ဘယ်နေရာကိုလဲ"

"နှာပူးက. . . ငါပြောတာက စိတ်ကို"





"အေးလေ. . . ငါလည်း အဲဒါပြောတာပဲ၊ စိတ်ရဲ့ဘယ်နေရာကို လဲလို့"

"ငါပြမယ်. . . လာ"

ကျွန်တော် ထရပ်တော့ တိုးကြီးက မျက်လုံးပြူးရင်း. . .

"ဟေ့ကောင် မယုတ်ပက်နဲ့နော်"

"ဩော်. . . ငါက စိတ်တစ်ခု ရုပ်ကိုဆယ်ရဲ့အကြောင်း အကျယ်ချဲ့ ရှင်းပြဖို့ စာကြည့်တိုက်ကို သွားမလို့ ပြောတဲ့ဟာ"

"တော်သေးတာပေါ့ကွာ"

တိုးကြီးစကားကြောင့် မျိုးဇော်က ရယ်ပြီး. . .

"ကဲ. . . ငါလည်း ပြန်ဦးမယ်၊ ညနေမှပဲ တွေ့ကြတာပေါ့"





www.burmeseclassic.com

www.burmeseclassic.com



"နှင်းတို့က နောက်ကျလိုက်တာဟယ်"

သီတာဦးက ကျွန်တော်တို့ကို မြင်တော့ တခြားတစ်ဝိုင်းမှ ထလာရင်း ပြောပါတယ်။ ပြီးတော့ ကျွန်တော်ဝတ်လာတဲ့ အရောင်အသွေးကို ကြည့်ရင်း. . .

"ဟိဟိ. ."

"ဟဲ့. . . ဘာရယ်တာလဲ"

သီတာဦးရဲ့ရယ်ချင်နေပုံကြောင့် ကျွန်တော်မေးမိတော့. . .

"ဟိုတစ်ယောက်ကို ကြည့်ပါဦး"

ကျွန်တော့်ကို မြင်ကတည်းက မျက်နှာကြီး ပုတ်သိုးနေတဲ့ မိဆက်။ ပြီးတော့. . .

"ဟိုက်. ."

ကျွန်တော် မျက်လုံးပြူးတော့ တိုးကြီးက. . .

"ဘာဖြစ်လို့လဲ နေရောင်"

"မိဆက် ဝတ်ထားတာကို ကြည့်ပါလား"





မိဆက် ဝတ်ထားတဲ့အရောင်အသွေးက ကျွန်တော်နဲ့ ပြောင်းပြန်အချိုးပါ။ ကျွန်တော်ဝတ်ထားတဲ့ အင်္ကျီအရောင် အပြာနုကို သူမက ထမီအရောင်အဖြစ် ဝတ်ဆင်ထားပြီး ကျွန်တော် ဝတ်ထားတဲ့လုံချည် ခဲပုတ်ရောင်ကို သူမက အင်္ကျီအဖြစ် ရွေးဝတ်ထားခြင်းဖြစ်သည်။

"အဲဒါ ကက်ကင်းမဟုတ်တော့ဘူး. . . ကင်းကက်တာ"

"ကင်းတက်တော့ မသိဘူး၊ လှည့်ကင်းပဲ သိတယ်"

"လှည့်ကင်းနဲ့ စပိတ်ကင်းနဲ့ ဘာကွာလဲ"

ထုံးစံအတိုင်း တစ်ယောက်တစ်ပေါက် စကားတွေနဲ့ ပွဲပြီးဖို့ မလွယ်မှန်း သိတာကြောင့်. . .

"အဲဒီကင်းတွေကို နောက်မှ ရှင်းပြတော့. . . လာကြ"

သီတာဦး ပွဲကို အတင်းဖျက်မှ အဆင်ပြေသွားသည်။ သီတာဦးက တမင် မိဆက်တို့ဝိုင်းမှာ ထိုင်ခိုင်းတော့ ဘေးဝိုင်းက သူငယ်ချင်းတွေက စနောက်ကြပါတယ်။

"နေရောင်. . . မင်းတို့ဟာက အလှူလား မင်္ဂလာဆောင်လား"

အဲဒီလိုပြောလေ မိဆက် မျက်နှာခုနစ်ခေါက်ချိုး ရှစ်ခေါက်ချိုးဖြစ်လေလေပါပဲ။ ကျွန်တော် မိဆက်ကို စချင်လာတာနဲ့. . .

"နင့်အင်္ကျီထမီတွေကျတော့ မီးပူတိုက်လာပြီး နင့်မျက်နှာကျတော့ ဘာလို့ မီးပူနဲ့ မဖြန့်လာလဲ မိဆက်"

"သေလိုက်ပါလား. . . သွား. . . ဟိုဘက်ဝိုင်းကို"

"ဟဲ့. . . ဒီမှာ ထိုင်ပါစေဟယ်"

သီတာဦးက ပြုံးစစနဲ့ဆိုတော့ မိဆတ်က ကျွန်တော့်ကို မျက်စောင်းနဲ့ ချိန်ရွယ်ရင်း. . .

"ကြည့်လို့ကိုမရဘူး"

"မျက်လုံးမကောင်းလို့လား မိဆက်ရယ်. . . အသက်ကလေး ငယ်ငယ်နဲ့"

"နေလောင်. ."



www.burmeseclassic.com

www.burmeseclassic.com



တိုးတိုးကြိတ်ကြိတ်နဲ့ အော်တော့ တိုးကြီးက. . .

"မင်းကွာ. . . မစ,စမ်းပါနဲ့ကွာ၊ မင်းက မိဆက်ကို စရအောင် မိဆက်က မျောက်မှ မဟုတ်တာ"

မျိုးဇော်က ခပ်တည်တည်နဲ့. . .

"ဒါဆို. . တောင်ပေါ့"

မိဆက် ထိုးနဲ့ မျိုးဇော် မိတ်ဆက်သွားပါတယ်။

"အားလားလား"

သီတာဦးက မုန့်ပန်းကန်တွေ လှမ်းပေးပြီး ဟင်းရည်ဖြည့်ပေးရင်းက. . .

"နေပါဦး. . . နင်တို့နှစ်ယောက်က သန့်ပြန့်နေပါလား၊ တမင်ချိန်းပြီး ဝတ်လာကြတာလား"

မိဆက်က သီတာဦးကို ဆွဲဆိတ်ပါတယ်။ ဒါတောင် သီတာဦးက အပြုံးမပျက်။

"ဒီကောင်များ ချိန်းစရာလား"

"ဩော်. . . ဒါဆို နင်က ရာဇာတင်ဝင်းတို့ ကိုတင်သန်းတို့ပဲ ချိန်းမယ်. . ဒီလိုလား"

"နင်နော်. ."

မိဆက် ဒီလူနှစ်ယောက်ကိုတော့ သရဲထက်တောင် ကြောက်ပါတယ်။

"ငါ့ဘာသာ ကုမ္ပဏီအင်တာဗျူး ရှိလို့ ဒီလိုဝတ်လာတာ၊ ဒီကောင်နဲ့ ဘာမှမဆိုင်ဘူး"

"ဟင်. . . ဘယ်အင်တာဗျူးလဲ"

ကျွန်တော်လည်း ဒီနေ့ အင်တာဗျူး ဖြေရမှာဆိုတော့ တိုက်ဆိုင်နေတာကြောင့် မေးမိတော့. . .

"ဘယ်အင်တာဗျူးဖြစ်ဖြစ် နင့်အပူပါလား"

"အကောင်းပြောပါဟာ. . . ငါလည်း ဒီနေ့ အင်တာဗျူး ဖြေစရာ





ရှိတယ်ဟ၊ (Sun Flower)ကုမ္ပဏီလား"

သူမ အံ့သြစွာနဲ့. . .

"ဟင်. . . နင်က ဘယ်လိုသိလဲ"

"ဟ. . ငါ့အစ်မက အဲဒီကုမ္ပဏီက ဝန်ထမ်းပဲဟာ"

"ဟဲ့. . . ငါ့အစ်ကိုလည်း အဲဒီမှာ လုပ်တာ"

"သိပါတယ်. . . ကိုမင်းထွဋ် မဟုတ်လား"

"နင်က ငါ့အစ်ကို့ကို သိတယ်"

"သိတာပေါ့ဟ. . . ဒီလိုလုပ်. . . ငါနဲ့နင် အတူသွားမယ်လေ"

"အောင်မာ. . . ဘာလို့ သွားရမှာလဲ"

"အေး. . . ပြီးရောလေ၊ ငါက တက်စီငှားသွားမှာ"

သီတာဦးတို့အုပ်စုက ပြုံးစေ့စေ့။

"ဒါဆို ငါပါ လိုက်မယ်၊ တက်စီခတော့ တစ်ဝက်မစိုက်နိုင်ဘူးနော်"

အရေးထဲ မိဆက်က ကပ်စေးနည်းနေပါတယ်။

"ထောင့်ငါးရာလောက်ပဲ စိုက်ပါဟာ"

"နေရောင်"

မိဆက်ရဲ့ဒေါသ,သံကြောင့် ကျွန်တော် ပိုစချင်သွားတယ်။

"နင် ဟိုသီချင်း ကြားဖူးလား"

"ဘယ်သီချင်းလဲ"

"ချမ်းချမ်းရဲ့ တကယ်ဆိုရင် အချစ်ပဲ လိုတယ် သီချင်းထဲက ဟိုစာသားဟာ. . ."

"ဘာလဲ"

"လောင့်ကိုပဲ ချစ်တယ်. . . လောင့်ကိုပဲ ချစ်တယ်ဆိုတာလေ"

ကျွန်တော့်စကားကြောင့် မိဆက်က ပါးစပ်လှုပ်ရုံ မေတ္တာစေတနာတွေ ဆိုပါတယ်။ ကျွန်တော်တို့ ကုမ္ပဏီထဲ ရောက်လို့ နာမည်စာရင်းပေးတော့ ကုမ္ပဏီဝန်ထမ်းက. . .

"ဩော်. . . ကိုမင်းထွဋ်ညီမနဲ့ မမိုးမောင်ပဲ၊ သူတို့ကတော့



www.burmeseclassic.com

www.burmeseclassic.com



အင်တာဗျူးအဖွဲ့ထဲမှာ ပါလို့ မအားသေးဘူးဗျ"

"ဟာ. . ; ရတယ်"

ကျွန်တော်နဲ့မိဆက် အင်တာဗျူးဖြေဖို့ စောင့်နေရသေးတယ်၊ အင်တာဗျူး ဖြေမယ့်အုပ်စုကလည်း အယောက်သုံးဆယ်လောက် ရှိတာ တိုး၊

အင်တာဗျူး ဖြေမယ့်အခန်းက သုံးခန်းဖွဲ့စည်းထားပါတယ်။ မမိနဲ့ ကိုမြင့်စိုးက တစ်ခန်း၊ နိုင်ထူးနဲ့ကိုညီမြွေး တစ်ခန်း၊ ဦးနေစိုးရဲ့စေခိုင်းချက် အရ မင်းထွဋ်နဲ့မိုးမိုးက တစ်ခန်းစီ သီးသန့်ထားပါတယ်။

မိုးမိုးဦး ရှက်ကိုးရှက်ကန်းဖြစ်နေရတဲ့အထဲ အင်တာဗျူး လာဖြေ သူကြောင့် အနေခက်ရပါတယ်။ အင်တာဗျူး လာဖြေသူက မိန်းမလျာ၊ မင်းထွဋ် ရယ်ချင်နေတဲ့ကြားက. . .

"ခင်ဗျားနာမည်က"

"ဟယ်. . . တို့နာမည်အရင်းက မှတ်ပုံတင်ထဲကအတိုင်းဆိုရင် တော့ ချက်ဖောင်းတဲ့၊ မာမီတို့က သူ့ဇာတိဖြစ်တဲ့ ချောင်းဖက်ရွာကို သတိ တရနဲ့ ချက်ဖောင်းလို့ ပေးတာ၊ ဒါပေမယ့် တို့ မကြိုက်တာနဲ့ ချယ်ရီဖောင်း လို့ ပေးလိုက်တယ်၊ ဖောင်းဖောင်းလို့ ခေါ်လည်း ရတယ်"

"ဟုတ်ကဲ့ ချက်ချက်"

"ဟယ်. . ဖောင်းဖောင်းလေ"

"ဟုတ်. . ဟုတ်ကဲ့"

သူက ပြန်ဗျူးနေတာကြောင့် မင်းထွဋ် အယောင်ယောင် အမှား မှား ဖြစ်နေရတယ်။ မိုးမိုးဦးက ခေါင်းငုံ့ပြီး ရယ်နေပါတယ်။

"ဖောင်းဖောင်းက ဘာနဲ့ ပြီးတာလဲ"

"ဟယ်. . . ရှက်စရာဟယ်"

"ဟိုလေ. . ကျောင်းကို မေးတာ"

"Zoo နဲ့၊ ဖောင်းက တိရစ္ဆာန်တွေကို သိပ်ကြိုက်တာ"

"ဗျာ. ."





"ဟိုလေ. . ချစ်တာ. . ဟိဟိ"

"ဟုတ်ကဲ့. . . ဒီလောက်ဆို ရပါပြီ"

"ဗျူးဦးလေ. . . နှစ်ယောက်ထဲ ဗျူးမလား၊ အေးအေးဆေးဆေး ဗျူးရအောင် အဲယားကွန်း ပါတဲ့တည်းခိုခန်း လိုက်ခဲ့ပါလား"

"ဟာ. . . ဗျာ. . ."

နေရောင်အလှည့်ရောက်တော့ ပထမဆုံး ဝင်ရတဲ့အခန်းက မမိနဲ့ ကိုမြင့်စိုးအခန်းက စတင်ရပါတယ်။

ဘွဲ့လက်မှတ်တွေ သင်တန်းလက်မှတ်တွေကို မမိ ကြည့်ရင်း. . .

"အမြင့်ဆုံးလစာကို ဘယ်လောက်မှန်းလဲ"

နေရောင်အကျင့်က မပျောက်။

"နှစ်ထောင်လောက်ဆို ဖြစ်ပါတယ်"

မမိ အံ့ဩစွာနဲ့. . .

"ဟင်. . . ဟုတ်ရဲ့လား မောင်နေရောင်ရယ်"

"ဖြစ်ပါတယ်. . . ဒေါ်လာနဲ့ ပြောတာပါ"

ကိုမြင့်စိုးက မရယ်မိအောင် နေရင်း မေးခွန်းတစ်ခု ထပ်မေးလိုက် ပါတယ်။

"ဒီကုမ္ပဏီရဲ့ရည်ရွယ်ချက်က ဘာလဲ"

"ချောလဲရောထိုင်ပါ"

"ဘယ်လို"

မမိ အံ့ဩသွားပုံကြောင့် နေရောင်က. . .

"ချော်လဲသွားရင် ရောပြီးထိုင်ရသလို အလုပ်ကိုလည်း ဟန်ချက် ပျက်သွားရင်တောင် လဲပြိုသွားသလို မဖြစ်အောင် ခိုင်ခိုင်မာမာ အထိုင်ချ သလို ဖြစ်အောင် လုပ်ဆောင်ရမယ်လို့ ရည်ညွှန်းတာပါ"

ကိုမြင့်စိုး မအောင့်နိုင်တော့ဘဲ ရယ်ချလိုက်မိတယ်။ မမိလည်း နေရောင်ကို ရှက်ကိုးရှက်ကန်းနဲ့ မျက်စောင်းထိုးရင်း. . .

"ကဲ. . ကဲ. . ပြန်နိုင်ပါပြီကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"အစ်မလည်း ဆက်ဖျူးလိုက်ပါဦးနော်"

သူပြောပြီး ထွက်လာတော့ မမိက ကိုမြင့်စိုးကို ပြောပါသည်။

"ဘယ်လိုကောင်လေးမှန်း မသိဘူးနော်"

"အဲဒါ မိုးမိုးမောင်လေ"

"ဟယ်. . . မိုးမိုးနဲ့ တခြားစီပဲ"

ဟုတ်လည်း ဟုတ်ပါတယ်။ မိုးမိုးဦး အေးသလောက် နေရောင်က ဗရုတ်သုတ်ခလေးပါ။







အင်တာဗျူးပြီး အခန်းထဲက ပြန်ထွက်လာတော့ ကိုမင်းထွဋ်က ခဏစောင့်နေဦး ပြောတာကြောင့် သူ အင်တာဗျူး လာဖြေတဲ့သူတွေ ပြီးတဲ့အထိ စောင့်နေရပါတယ်။

လူကုန်သွားပြီဆိုမှ ကိုမင်းထွဋ်နဲ့အတူ တစ်ဆိုင်ဆိုင်မှာ တစ်ခုခု သွားစားကြရင်း ကိုမင်းထွဋ်က. . .

"ကိုယ် နေရောင့်ကို ပွင့်ပွင့်လင်းလင်းပဲ ပြောတော့မယ်ကွာ"

"ပြောလေ အစ်ကို"

"ဟိုကွာ"

မင်းထွဋ် စကားစဖို့ ခက်နေတာကြောင့်. . .

"ဘာလဲ. . . မမအကြောင်း ပြောမလို့လား၊ အစ်ကိုနဲ့မမနဲ့ အဆင်မပြေဘူးလား"

မင်းထွဋ်လည်း မထူးတော့ပြီမို့. . .

"အစ်ကိုနဲ့မင်းအစ်မနဲ့က သမီးရည်းစားတွေ မဟုတ်ကြဘူးကွ"

"ဗျာ. ."



www.burmeseclassic.com

www.burmeseclassic.com



စားလက်စ ရှမ်းခေါက်ဆွဲတောင် ဆက်မစားနိုင်တော့တဲ့အဖြစ်နဲ့ ကြုံခဲ့ရတဲ့စကားကြောင့် နေရောင် အံ့ဩသွားရပြီး. . .

"ဘယ်လို"

"ဟုတ်တယ် ညီလေး၊ မင်းက အစ်ကို့ကို မိုးမိုးချစ်သူ ထင်ပြီး. ."

"ဒါဆိုရင် ခါတ်ပုံက. ."

မင်းထွဋ် ခဏ္ဍာဆီက သူ့ဓါတ်ပုံ မတော်တဆ မိုးမိုးဦးထံ ရောက်သွားလိုက်ပုံကို ရှင်းပြတော့မှ. . .

"မသိပါဘူး. . . အစ်ကိုနဲ့မမနဲ့ သမီးရည်းစားတွေ ထင်ပြီး ကျွန်တော်က စွတ်ဆက်ပြောနေတာ"

"ဒါပေမယ့် အစ်ကိုက မင်းအစ်မကို ကြိုက်နေတာ. . . မပြောရဲလို့"

နေရောင် မင်းထွဋ်စကားကြောင့် သဘောကျကာ ရယ်တော့ မင်းထွဋ်လည်း ရှက်ရှက်နဲ့ ပြန်ရယ်မိတယ်။

"ဘာဖြစ်လဲ အစ်ကိုရာ၊ ကိုယ်က ကြိုက်နေတာပဲ. . . ဖွင့်ပြောလိုက်ပေါ့"

"မပြောရဲဘူးကွ"

"အဲဒါဆိုရင် ကျွန်တော်ကူညီမယ်"

"တကယ်နော်"

ကျွန်တော်ခေါင်းညိတ်ပြတော့ ကိုမင်းထွဋ် ပျော်သွားပုံရတယ်။ ကျွန်တော်လည်း ကုသိုလ်ရတာပေါ့လေ။

"ဒါနဲ့ မင်းနဲ့ညီမလေးရော အဆင်ပြေလား"

"ပြေတစ်လှည့် မပြေတစ်လှည့်ပါပဲ အစ်ကို. . . ဘာဖြစ်လို့လဲ"

"မင်းတို့ဟာက သမီးရည်းစားတွေ မဟုတ်သလိုပဲ"

ကိုမင်းထွဋ်စကားကြောင့် နေရောင်က ကြောင်တောင်တောင်နဲ့

"အင်းလေ. . . သမီးရည်းစားတွေမှ မဟုတ်ကြတာ"

"ဟင်. . . တကယ်"





"ဟာ. . . ဒါ ညာရမယ့်ကိစ္စမှ မဟုတ်တာ"

"မင်းတို့ ဟိုတစ်ခါ လက်ဖက်ရည်ဆိုင်မှာ ပြောတော့ ဆက်ဆက်လာမယ်ဆို"

"ဘယ်တုန်းကလဲ"

"ငါ့ညီပဲ ပြောတာပဲ၊ ဘာလဲ. . . မျှော်လင့်ချက်ဆိုတာ ကြာလာတော့ လူကို ဒုက္ခပေးနိုင်တယ်ဆိုလား၊ ဒါလည်း ရင်ဘတ်နဲ့ ခံစားရတယ်ဆိုလား"

ကိုမင်းထွဋ် အထင်လွဲမှန်း သိလိုက်ရတာကြောင့် နေရောင် အားရပါးရ ရယ်မိကာ. . .

"ဟာ. . . အဲဒါက ကျွန်တော့်သူငယ်ချင်း သူ့အမေ နတ်ဆက်ဖို့ ဝယ်လာတဲ့ အရက်ပုလင်း ကံစမ်းမဲကူပွန်ကို ခြစ်တာ မပေါက်တော့ ပြောမိတာပါ။

ဆက်ဆက်လာမယ်ဆိုတာ ကျွန်တော့်သူငယ်ချင်းနဲ့ အဲဒီဆိုင်မှာ ချိန်းထားလို့ ဒီကောင် ဆက်ဆက်လာမှာလို့ ပြောလိုက်တာ"

မင်းထွဋ် သူ့နဖူး သူရိုက်ကာ. . .

"သေပါတော့ကွာ. . . ငါက မင်းနဲ့ငါ့ညီမနဲ့ ဟိုဟာ ထင်တာ"

ကိုမင်းထွဋ်စကားကြောင့် နေရောင်က စပ်ဖြီးဖြီးနဲ့. . .

"အဟီး. . . ကျွန်တော်က မိဆက်ကို ကြိုက်နေတာ အစ်ကို"

"ဟေ. ."

"ဟုတ်တယ်. . . အစ်ကို့ညီမက ကျွန်တော့်ကို တစ်စက်မှ ကြည့်မရတော့ ကျွန်တော်လည်း အခက်တွေ့နေတာ"

"ဟာ. . . ဒါဆို အစ်ကို မင်းကို ပြန်ကူညီမယ်"

"ရတယ်. . . ကျွန်တော့်ကိစ္စ ကျွန်တော်ရှင်းလို့ရတယ်၊ အစ်ကိုသာ မကို ဖွင့်ပြောနိုင်ဖို့ ကြိုးစား"

"စိတ်ချ ငါ့ညီ၊ မင်းနဲ့မိဆက်လည်း သေချာပေါက် ကုမ္ပဏီမှာ အလုပ်ရမှာ ကျိန်းသေတော့ အဆင်ပြေမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



အခုမှ သမီးယောက်ဖတွေ တည့်နေကြပါတယ်။

အကျိုးနဲ့အကန်းကတော့ တစ်ခရီးထဲ သွားဖို့ပြင်ဆင်နေကြပါပြီ။









"**ရှင်**ဘယ်လိုမြင်လဲ"

ဒေါ်ပပ စကားကြောင့် ဦးနေဦး ရေနွေးကြမ်းငှဲ့ရာမှ သူ့မိန်းမကို ကြည့်ကာ. . .

"နည်းနည်းပြည့်လာတယ်ကွ"

ဒေါ်ပပက ရေနွေးကြမ်း ဖြည့်တာထင်လို့. . .

"အပြည့်မဖြည့်နဲ့ပေါ့. . . တော်ကြာ လျှံကျလာဦးမယ်"

ဒေါ်ပပ စကားကြောင့် ဦးနေဦးက. . .

"မင်းက ဘာကိုပြောတာလဲ"

ဒေါ်ပပတို့စကားဝိုင်းကို သတင်းစာ ဖတ်နေတဲ့ နေရောင် ကြားတော့ ရယ်ချင်သွားတယ်။

"ရေနွေးဖြည့်လို့ ပြည့်တာ မဟုတ်ဘူးလား"

"ဘယ်ကလာကွာ. . . မင်း ဝလာတယ်ပြောတာ"

ဒေါ်ပပက ဦးနေဦးစကားကြောင့် မျက်စောင်းထိုးရင်း. . .

"ကျုပ်ပြောတာ အဲဒါမဟုတ်ဘူး၊ ကိုတင်မောင် မဝင်းတို့ရဲ့သား



www.burmeseclassic.com

www.burmeseclassic.com



တင်မောင်ကိုကိုဝင်းကို ဘယ်လိုမြင်လဲ ပြောတာ"

"ဘာလဲ. . . မင်းက ကြိုက်နေလို့လား"

"ရှင်နော်. . . ကျုပ်က ကျုပ်သားအရွယ် ဒီကောင်လေးကို ဘာလို့ ကြိုက်ရမှာလဲ"

ဒေါ်ပပ စကားကြောင့် ဦးနေဦး မျက်လုံးပြူးသွားရင်း. . .

"ဟင်. . . မင်းက သူ့အဖေကြီးကို စိတ်ဝင်စားနေတယ်"

နေရောင် ကြိတ်ပြီး တခွီးခွီး ရယ်တော့ ဦးနေဦး သူ့သားကို ဘုကြည့်ကြည့်ပြီး. . .

"ဟေ့ကောင်. . . မင်းက ဘာရယ်တာလဲ"

"ဘာမှမရယ်ပါဘူး"

"ရှင်တော့ သေတော့မယ်၊ ကျုပ်ပြောတာ သူတို့ဘက်က သမီးကို လာကမ်းလှမ်းလို့ရှင့်"

သူ့အမေစကားကြောင့် နေရောင် လန့်ဖြန့်သွားကာ. . .

"ဟာ. . . မလုပ်ပါနဲ့"

နေရောင်စကားကြောင့် ဦးနေဦးက နေရောင်ကို မျက်မှောင်ကြုတ်ကြည့်ပြီး. . .

"ဘာလဲ. . . မင်းက သူ့ကို စိတ်ဝင်စားနေလို့လား၊ ယောကျ်ား ချင်းကွာ"

"ဟာ. . . စိတ်မဝင်စားပါဘူး၊ ဒီကောင့်သတင်းက အနံ့အသက် မကောင်းဘူး ဖေဖေ"

ဦးနေဦးက သဘောမပေါက်။

"ဘာဖြစ်လဲကွာ. . . ငပိချောက်ကုန်သည်ပဲ၊ အနံ့အသက်တော့ ဘယ်ကင်းမလဲ၊ ရိုးရိုးသားသား ရှာစားနေရင် ပြီးတာပဲကွ"

"မဟုတ်ဘူး. . . ရှာတော့ ဒီကောင်ရှာစားတယ်၊ ဒါပေမယ့် ဟိုဟာ. ."

"ဘာလဲ ဟိုဟာ"





ဦးနေဦးတို့လင်မယား နေရောင်ကို ကြည့်တော့. . .

"မဟုတ်ဘူး ဖေဖေ၊ ဒီကောင်က အပျော်အပါး ဝါသနာကြီးတယ်"

"ဟာ. . . အခြေအမြစ် မရှိတာ နေရောင်ရာ၊ ကိုယ့်အစ်မ မင်္ဂလာကိစ္စကို ကဖျက်ယက်ဖျက် လုပ်မယ်မကြံနဲ့"

"ဟာ. . . မဟုတ်ဘူး၊ ကျွန်တော် တကယ်ပြောတာ"

"ဟာ. . . ဒီကောင် ပြောမရဆိုမရပါလား၊ သွား. . သွား. . ငါ့ရှေ့က ထွက်သွားစမ်း၊ ဘယ်လိုကောင်မှန်း မသိဘူး"

မိဘတွေ ပြောမရတဲ့အဆုံး နေရောင် ထထွက်လာခဲ့တော့တယ်။ ဒီသတင်း ကိုမင်းထွဋ်ဆီ အမြန်ပြောမှ ဖြစ်မည်ဟု တွေးရင်း. . .။





www.burmeseclassic.com

www.burmeseclassic.com

မှန်တိုင်းပြီးရင်တော့
လေပြည်လာမှာပဲ၊
တစ်ခုပဲရှိတယ်
ခင်ဗျားကိုယ်တိုင်ကတော့
မုန်တိုင်းဒဏ်ကို ကြံ့ကြံ့ခံနိုင်ဖို့တော့ လိုလိမ့်မယ်၊
ဘာဖြစ်လို့လဲဆိုတော့
လောကကြီးက
စိတ်ပျက်လက်လျှော့တတ်တဲ့ သူတွေအတွက်
နေရာပေးမထားဘူးလေ.....၊



BURMESE CLASSIC .com



ဒီနေ့ အလုပ်စဆင်းရတော့ ကျွန်တော် မမနဲ့အတူ မလာနိုင်အားပါ။ ကိုမင်းထွဋ်ကို အရင်ဝင်ခေါ်ပြီး လမ်းမှာ မနေ့က မမရဲ့သတင်းကို ပြောပြရပါတယ်။

"ဟာ. . . ဒုက္ခပဲကွာ. . ဘယ်လိုလုပ်မလဲ"

"ဘယ်လိုလုပ်ရမှာလဲ. . . တစ်နည်းပဲ ရှိတယ်၊ မြန်မြန်ဖွင့်ပြော"

"မပြောရဲဘူးကွ"

အရေးထဲမှာ သတ္တိကြောင်နေတဲ့ ကိုမင်းထွဋ်ကြောင့် ကြားထဲက နေရောင် စိတ်ပျက်သွားတယ်။

"အချိန်သိပ်မရှိဘူးနော်. . . လုပ်စရာရှိတာ လုပ်တော့"

"ဒီလိုလုပ်ရင် ကောင်းမယ်ထင်တယ်"

"ခိုးပြေးမလို့လား"

တလွဲထင်နေတဲ့နေရောင်ကြောင့် ကိုမင်းထွဋ်က. . .

"မဟုတ်ပါဘူးကွာ. . . ငါ့ညီမ မိဆက်က မင်းအစ်မနဲ့ တစ်ခန်း



www.burmeseclassic.com

www.burmeseclassic.com



တည်း ခုံချင်း ကပ်လျက်ဆိုတော့ သူ့ကို ပြောခိုင်းရင် ကောင်းမလားလို့"

"မကောင်းပါဘူးဗျာ. . . ကျွန်တော့်အစ်မက တစ်မျိုးထင်နေမှာပေါ့"

"ဘယ်လိုတစ်မျိုးလဲ"

"ကျွန်တော့်ကို အစ်ကိုညီမက ကြိုက်နေတယ် ထင်မှာပေါ့"

"အေး. . ဟာကွာ"

"အလကား စတာပါဗျာ၊ ကိုယ်တိုင်ဖွင့်ပြောဖို့ ကြိုးစား. . . ဒီနေ့နော်"

"အေး. . အေးပါကွာ"

"ကဲ. . . ရုံးမတက်ခင် လက်ဖက်ရည်သောက်ရအောင်"

နှစ်ယောက်သား ကုမ္ပဏီရုံးခန်းနားက လက်ဖက်ရည်ဆိုင်ထဲ ဝင်ထိုင်လိုက်ကြတယ်။

ကုမ္ပဏီမှာ တစ်နေ့လုံး မိုးမိုးဦးကို ဘယ်လိုဖွင့်ပြောရမလဲ စဉ်းစားနေမိတယ်။ ဒီကြားထဲ နေလောင်က မပြောသေးဘူးလားနဲ့ လောနေတာက တကျိကျိ။

"အေးပါကွာ"

ဖြစ်ချင်တော့လို့ပဲ ဆိုရမလား။ မင်းထွဋ် ထမင်းစားပြီး ကုမ္ပဏီ သန့်စင်ခန်းထဲက ဘေစင်မှာ ထမင်းချိုင့် ဆေးဖို့အသွား နောက်ဖေးဘောင် တံခါး တွန်းဖွင့်ဖို့အလုပ်မှာ တစ်ဖက်က တွန်းပြီး တံခါးပိတ်သူ လက်သန်း ညပ်သလို ဖြစ်သွားတယ်။ ရုတ်တရက်မို့ လက်သန်းက သွေးခြေဉပြီး တော်တော့်ကို နာသွားပါတယ်။ တစ်ဖက်က တံခါးပိတ်သူက မိုးမိုးဦးပါ။

ရုတ်တရက်မို့ မိုးမိုးဦး ထူပူပြီး မင်းထွဋ်လက်ကို ယောင်ပြီးကိုင် ရင်း. . .

"ကန်တော့. . ကန်တော့. . ကိုမင်းထွဋ်၊ ကျွန်မ တကယ်မမြင်လို့ပါ၊ တောင်းပန်ပါတယ်နော်. . တော်တော်နာမှာပဲ၊ ဟယ်. . . သွေးခြေ တောင် ဉနေတာပဲ"





မင်းထွဋ် နာရကောင်းမှန်း မသိတော့။ သူ့လက်ကို ကိုင်ပြီး ကြည့်နေတဲ့ မိုးမိုးဦးလက်တစ်စုံကို ပြန်လည်ဆုပ်ကိုင်တော့. . .

"ဟင်. . . လွှတ်ပါ"

မိုးမိုးဦး အခုမှ သတိရပြီး လက်ကို ရုန်းတော့ မင်းထွဋ် လွှတ် မပေးတော့။

"ဟင့်အင်း. . . မလွှတ်ပါရစေနဲ့၊ ကို မိုးကို ချစ်နေတာ ကြာပါပြီ။ ကို့ရင်ထဲမှာ အချစ်မိုးတွေ ရွာနေတာ ကြာခဲ့ပါပြီ"

"ဟာ. . . ဒုက္ခပါပဲ"

မိုးမိုးဦး ရှက်ကိုးရှက်ကန်းဖြစ်နေတုန်း. . .

"အဟမ်း"

ရုတ်တရက် ချောင်းဟန့်သံကြောင့် နှစ်ယောက်သား ကဟာ ကယာ လှည့်ကြည့်တော့ ခက်ထန်မာကျောတဲ့ အပြုံးပိုင်ရှင် သူတို့ဘော့စ်။

"ဟာ. . ဘော့စ်"

"ဟင်. . အန်ကယ်"

ဦးနေစိုး ရယ်ကျဲကျဲနဲ့. . .

"ငါဘာမှမမြင်ဘူးနော်. . . ပြန်လိုက်ဦးမယ်"

ဘော့စ် စကားကြောင့် မိုးမိုးဦး ရှက်ပြီး ထွက်ပြေးသွားပါတယ်။ မင်းထွဋ် ငေးကြောင်ကြောင်ကြီး ကျန်ရစ်ခဲ့တော့မှ မင်းထွဋ်ပခုံးကို ဘော့စ်က ပုတ်ပြီး. . .

"ချက်ချင်းကြီးတော့ အဖြေဘယ်ရပါ့မလဲကွာ၊ နည်းနည်းတော့ စောင့်ကြည့်လိုက်ပါဦး"

ဘော့စ်က အားပေးပြီး ပြန်ထွက်သွားတယ်။ ပြီးတော့ ခပ်တည်တည်နဲ့ မိုးမိုးဦးတို့အခန်းကို ဝင်သွားပါတယ်။ ဦးနေစိုးကို မြင်တော့ မိုးမိုးဦး ခေါင်းကြီး အတင်းငုံ့ကာ ကတုန်ကယင်နဲ့ ဘောပင်ကို ကိုင်ပြီး စာရင်းတွေ ရေးနေတာကို ဘော့စ်က ခပ်တည်တည်နဲ့. . .

"ဟိုကောင်မလေး. . . နင်ရေးတဲ့စာက ကျောက်ခေတ်က စာ



www.burmeseclassic.com

www.burmeseclassic.com



လား. . . ရွဲ့စောင်းနေတာ"

"ဟိုလေ. ."

ဘေးက လူတွေက မရိပ်မိကြပါ။ ခတ္တာက နားမလည် ပါးမလည်နဲ့. . .

"ဟာ. . . ဘော့စ်ကလဲ၊ သမီးတို့မိန်းကလေးတွေထဲမှာ မမိုးက လက်ရေးအလှဆုံးကို"

မိုးမိုးဦး မော့မကြည့်ရဲ။

"ဟဲ့. . . လာကြည့်ဦး မမိုးလက်ရေးကို"

ဘော့စ်လုပ်မှ မိုးမိုးဦး နေစရာမရှိအောင် ဖြစ်နေရတယ်။ ခတ္တာက မိုးမိုးဦး ရေးထားတဲ့လက်ရေးကို မြင်ကာ. . .

"ဟင်. . . ဟုတ်ပါရဲ့၊ မမိုး ဘယ်လိုဖြစ်တာလဲ"

"ဟိုလေ. ."

မိုးမိုးဦး စကားစ ရှာမရ။ ဘော့စ်ကလည်း ခပ်တည်တည်နဲ့. . .

"မိုးရွာလို့ဆိုလား"

"ဟာ. . . ဘော့စ်"

မိုးမိုး ရှက်ကိုးရှက်ကန်းနဲ့ ပြောတော့ ခတ္တာက ကြောင်တောင်တောင်။ ဘော့စ် မိုးမိုးဦးကို အားရအောင် နှိပ်စက်ပြီးမှ မင်းထွဋ်ဆီ ခြေဦးလှည့်ပြန်ပါတယ်။ မင်းထွဋ် ဘော့စ်လာပြီဆိုကတည်းက ဖွတော့မယ်ဆိုတာ သိလိုက်ပါပြီ။

"နိုင်ထူး"

"ဗျာ. . . ဘော့စ်"

ဘော့စ်က မင်းထွဋ်ကို မကြည့်။

"မင်းမှာ ပန်းရံသမား ကောင်းကောင်းရှိလား"

"ရှိတယ် ဘော့စ်. . . ဘာလုပ်မလို့လဲ"

"ဩော်. . . ငါတို့ကုမ္ပဏီ နောက်ဖေးဆောင်အမိုးက သိပ်မိုးမလုံဘူး"





"ဗျာ. ."

နိုင်ထူး နားမလည်နိုင်ဘဲ ဘော့စ်ကို ကြည့်သည်။

"မိုးတောင် ရိုးရိုးမိုး မဟုတ်ဘူး"

"ဘော့စ်. ."

မင်းထွဋ် အကြောက်အလန့် တားတော့ ဘော့စ်က သူ့ရဲ့မူပိုင်အပြုံးကြီးနဲ့. . .

"တံခါးလည်း သိပ်မကောင်းချင်ဘူး၊ တံခါးမကောင်းတာ မိုးရွာလို့ဆိုလား၊ မင်းထွဋ်ကို မေးကြည့်"

ဘော့စ်ရဲ့စကားကြောင့် အနားမှာ ရှိတဲ့နေရောင် သိလိုက်ပါပြီ။ ဘော့စ် ထွက်သွားမှ. . .

"ဒါဆိုရင် ကိုမင်းထွဋ် ပြောပြီးပြီပေါ့"

မင်းထွဋ် ရှက်ရှက်နဲ့ ခေါင်းညိတ်တော့ နိုင်ထူးက. . .

"ဟော့ကောင်. . . ဘာတွေလဲ"

"ကိုနိုင်ထူး. . . ကိုမင်းထွဋ်. . . ကျွန်တော့်အစ်ကို ရည်းစားစကား ပြောလိုက်ပြီဗျ"

"ဟေ. ."

နိုင်ထူး တအံ့တဩ။ ဒီကြားထဲက ပျော်ရွှင်နေတဲ့ နေရောင်ကြောင့် နိုင်ထူးက. . .

"ဟော့ကောင်လေး. . . မင်းက ကြားက ဘာလို့ ဒီလောက် ပျော်နေတာလဲ၊ မင်းက ဖင်ကျိန်းရမှာလေ"

"နောက်မှ ကျိန်းမယ်ဗျာ၊ အဲဒီလို ရဲရင့်စမ်းပါ ကိုမင်းထွဋ်ရား ကဲ. . . ဒီကအပြန် ကျွန်တော်ရှောင်ပေးမယ်၊ အဖြေရအောင်တောင်း"

မင်းထွဋ်ကလည်း ကြောင်တောင်တောင်နဲ့. . .

"မင်းက ဘယ်လိုရှောင်မှာလဲ"

"ကျွန်တော် အစ်ကိုညီမနဲ့ လိုက်သွားမယ်"

"အေး. . ဟာကွာ"



www.burmeseclassic.com

www.burmeseclassic.com



ကိုမင်းထွဋ်ရဲ့ ရှုံ့မဲ့သွားတဲ့ပုံစံကြောင့် နေရောင်နဲ့ ကိုနိုင်ထူးတို့ ရယ်ကြပါတယ်။ မင်းထွဋ် တွေးရင်းနဲ့ ရင်ထဲမှာ ဟာတာတာကြီးလိုလို အိမ်သာတက်ချင်သလိုလို။

တစ်မျိုးကြီးတော့ တစ်မျိုးကြီးပါပဲ။







"မိုး. . "

"ရှင်. . ဟင်. . "

ရုတ်တရက် ထူးမိပြီးမှ လှည့်ကြည့်တော့ ကိုမင်းထွဋ် ဖြစ်နေတာကြောင့် မိုးမိုးဦး ရှက်ကိုးရှက်ကန်းနဲ့ ဆက်လျှောက်တော့. . .

"ဟင်. . . မိုး ဘယ်သွားမလို့လဲ"

"ဟို. . အိမ်ပြန်မှာလေ"

"အိမ်ပြန်ရမှာက ဒီဘက်လမ်းလေ"

"အမ်. . "

ရှက်ကိုးရှက်ကန်းနဲ့ အယောင်ယောင်အမှားမှားတွေ ဖြစ်ကုန်ပါတယ်။ လမ်းမှန်းကို ပြန်ရွေးပြီးမှ မင်းထွဋ် စကားစရပါတယ်။

"ကိုယ့်ကို အဖြေပြန်ပေးပါ မိုးရယ်"

"ဟင့်အင်း"

"ဗျာ. . "

"ရှက်စရာကြီး"



www.burmeseclassic.com

www.burmeseclassic.com



"မရှက်ဖို့ပါနဲ့ မိုးရယ်၊ ဒါ ရှက်စရာကိစ္စမှ မဟုတ်တာ"

"ဒါပေမယ့် ရှက်တယ်"

"ဘယ်သူ့ကိုလဲ"

"ကိုမင်းထွဋ်ကို"

မင်းထွဋ် ခေါင်းရှုပ်သွားပြီး. . .

"ဒါဖြင့် ဒီလိုလုပ်"

"ဘယ်လိုလုပ်ရမှာလဲ"

"ခေါင်းညိတ်ပြ"

မင်းထွဋ်စကားကြောင့် မိုးမိုးဦး နားမလည်ဟန်နဲ့. . .


"ခေါင်းညိတ်ရအောင် ကျွန်မက ပုတ်သင်ညိုမှ မဟုတ်တာ"

"မဟုတ်ဘူးလေ"

"ဟုတ်ပါတယ်. . . ကျွန်မက လူ"

"ကျွန်တော်ပြောတာက. . "

မိုးမိုးဦးကို တော်တော်ရှင်းပြယူရပါတယ်။ အဲဒီနေ့ကစပြီး သူနဲ့ ကျွန်တော် တရားဝင် အကြင်ရည်းစားများအဖြစ် အချစ်ကို မှတ်တမ်းတင်ခဲ့ကြပါတယ်။







"ကဲ. . . ချီးယားစ်"

ဘီယာခွက်တွေ မြိုင်တူမြှောက်လိုက်ကြပြီး. . .

"ကဲ. . . ဒီပွဲကို ဂုဏ်ပြုတဲ့အနေနဲ့ ငါဒကာခံမယ်"

"ဟေး. . ."

ဘော့စ်ရဲ့စကားကြောင့် အားလုံးဝမ်းသာအားရ လက်ခုပ်တီးကြသည်။

"နောက်တစ်ချက်က နောက်လမှာ ကျင်းပမယ့် ငါ့မင်္ဂလာပွဲအတွက် အကြိုပေါ့ကွာ"

"ဟ. . ဘော့စ်က ခြေလှမ်းတယ်သွက်ပါလား"

နိုင်ထူးစကားကြောင့် ဘော့စ်က သူ့မူပိုင် ခက်ထန်မာကျောတဲ့ အပြုံးကြီးနဲ့ ပွင့်ပွင့်လင်းလင်း ပြုံးပြရင်း. . .

"မသွက်လို့မဖြစ်ဘူး နိုင်ထူး၊ ကြာရင် ငါတို့နှစ်ယောက် ဘိုးဘွားရိပ်သာ ရောက်မှ မင်္ဂလာဆောင်ရလိမ့်မယ်"

ဦးနေစိုးစကားကြောင့် ရယ်ကြတယ်။ ကိုမြင့်စိုးက နေရောင်နဲ့



www.burmeseclassic.com

မင်းထွဋ်ကို ကြည့်ပြီး. . .

"နေပါဦး. . . မင်းတို့သမီးယောက်ဖနှစ်ယောက်က တယ်အတွဲညီပါလား၊ ဟိုကောင်ကလည်း ကိုယ့်အစ်မကို ဒီကောင်နဲ့ ကြည်ကြည်ဖြူဖြူ အောင်သွယ်ပေးနေပါလား"

ဦးနေစိုးစကားကြောင့် နေရောင်က စပ်ဖြီးဖြီးနဲ့. . .

"တစ်ဦးက မေတ္တာ. . တစ်ဦးက ညောင်ညောင်ဆိုတဲ့အတိုင်း. ."

"စေတနာ. ."

ကိုမြင့်စိုးရဲ့ဆောင့်ဆောင့်အောင့်အောင့် အသံကြောင့် ရယ်မောရင်း နေရောင်က. . .

"ကဲ. . ကိုရွှေယောက်ဖ. . ခင်ဗျားအလှည့်နော်"

"အေးပါကွာ. . . စိတ်ချ"

သူတို့ချင်းသာ နားလည်တဲ့ ဘာသာစကားကို ကိုညီမွှေးက စပ်စုပါတယ်။

"အချိန်တန်တော့ သိရမှာပေါ့ကွာ"

နေရောင့်စကားကြောင့် သူရက နှာခေါင်းရှုံ့တယ်။ ဒီလိုနဲ့ တော်တော် မူးမူးရူးရူးကို သောက်မိကြပါတယ်။ စားသောက်ပြီးစီးတော့ အသီးသီး လမ်းခွဲပြီး နေရောင်နဲ့ယောက်ဖတော် ကိုမင်းထွဋ်တို့ အတူပြန်ခဲ့ကြပါတယ်။ တစ်ယောက်ပခုံးကို တစ်ယောက်ဖက်လို့ပေါ့။

"ညီရေး. . အေ့. . ယောက်ဖ"

"ဗျာ. ."

နှစ်ယောက်စလုံး စကားတွေ မပီတော့။ အမြင်တွေလည်း နှင်းတွေ ကျနေသလို ဝေဝေဝါးဝါး။

"အမှန်တော့. . အေ့. ."

"ဟုတ်တယ်နော်"

"ငါ ဘာမှ မပြောရသေးဘူးလေ ယောက်ဖရယ်"

နှစ်ယောက်သား (Z)ပုံသဏ္ဌာန် ယိမ်းထိုးလမ်းလျှောက်ကြရပါ





တယ်။ ညမီးတိုင်တွေလည်း လင်းနေပါပြီ။ ဆယ့်ငါးမိနစ်လောက် လျှောက်ရမယ့်လမ်းကို သူတို့နှစ်ယောက် မိနစ်သုံးဆယ်ကျော်ကျော်လောက် လျှောက်နေကြတာပါ။

ဒီကြားထဲ လမ်းမှာ ရာဇာတင်ဝင်းတို့ညီအစ်ကိုနဲ့မှ လာတိုးရသေးတယ်။

"ဟား. . . ယောက်ဖတော် ညတော်မှာ မူးတော်နေပါလား"

ရာဇာတင်ဝင်းအသံကြောင့် နေရောင်နဲ့ကိုမင်းထွဋ် မျက်လုံးပွတ်သပ်ကြည့်ပြီး. . .

"ဘယ်တူရဲ"

ကိုမင်းထွဋ်အမေးကြောင့် နေရောင်က. . .

"ရာဇာ. . ဝင်း. . တင့်. ."

ကျွန်တော်ပြောတဲ့နာမည်ကြောင့် ရာဇာတင်ဝင်း မျက်နှာရှုံ့မဲ့ကာ

"ရာဇာတင်ဝင်းပါဗျာ"

"အေးကွာ. . . ဒီလောက်မူးအောင် သောက်လာတာ အရက်တော့ မဖြစ်နိုင်ဘူး"

ကိုတင်သန်းက နှာခေါင်းတရှုံ့ရှုံ့နဲ့ ပြောတော့ နေရောင် မျက်လုံးကို အားယူဖွင့်ရင်း. . .

"အရက်ဆိုတာ ပိုပြီးမူးအောင် ဘယ်လိုသောက်ရတယ် သိလား"

ကိုတင်သန်းက နေရောင့်အမေးကို အခုလို ဖြေပါတယ်။

"အရက်ဆိုတာ မူးချင်ရင် ပါးစပ်ထဲ လောင်းထည့်စရာ မလိုဘဲ ဖင်ထဲ လောင်းထည့်ရလို့လား"

"နိုး. . နိုး. . ဒီမှာ ကိုတုင်ကြီး"

"ဘာကွ"

"ဟို. . ကိုတင်သန်း ဟုတ်တယ်နော်. . . ဆောရီး"

"အရက်ဆိုကတည်းကိုက မော့သောက်ရတဲ့အမျိုး မဟုတ်ဘူးတော့ဘူး"

www.burmeseclassic.com



"အဲဒီတော့ . . ."

အံမယ် . . . ရာဇာတင်ဝင်းကလည်း စိတ်ဝင်တစား ပြန်မေးလို့။

"အရက်ဆိုတာ ပန်းကန်ပြားထဲ ထည့်ပြီး လျှာနဲ့ ယှက်ရတာမျိုး ပိုက်ဆံနည်းနည်းနဲ့ များများပိုမူးမယ်၊ မယုံရင် စမ်းကြည့်၊ အမှန်က ရှေးလူကြီးတစ်ဦး အယှက်လို့ ရေးရမှာကို သတ်ပုံမှားပြီး အရက်ဖြစ်သွားတာ"

"ဘယ်ကျမ်း အကိုးအကားနဲ့ ပြောတာလဲ"

ကိုတင်သန်းက သိပ်ယုံကြည်ချင်ပုံမပေါ်။ နေရောင်ကလည်း မူးနေပေမယ့် တတ်တဲ့ပညာ မနေသာဆိုသလို။

"ရေဝန်ကြီးဦးရှင်ကြီးရဲ့ ရေမရော အသေစော ကျမ်းဂန်မှာ အခုလို အတိအကျ ဆိုထားတယ်"

ရာဇာတင်ဝင်းရဲ့မျက်လုံးတွေက ဖိတ်ဖိတ်လက်လက်။

"အယှက်ဆိုတာ လျှာစောင်းထက်ထက် လျှာဖြင့်ယှက်၊ သောက်လေ သောက်လေ ဝတ်မပြေ၊ နေလဲညှိညှိ လေလဲပို့ လျှာသွယ်ပျော့ပြောင်း ဖင်ပူးထောင်းလို့ အဆိုရှိခဲ့တယ်ဗျ"







ကိုမင်းထွဋ်က အာလေးလျှာလေးနဲ့ . . .

"ကောင်းလိုက်တာကွာ"

ကိုတင်သန်းက ကိုမင်းထွန်းစကားကြောင့် . . .

"စာချိုးလား"

"ဟင့်အင်း . . . သောက်ခဲ့တဲ့အရက်ကို ပြောတာပါ"

"ဟာဗျာ . . . ခင်ဗျားက တမှောင့်၊ ကြာတယ်ကွာ . . . သူရွတ်ပြတဲ့အတိုင်း မူးမမူး သွားသောက်ကြည့်ရအောင်"

ကိုတင်သန်းက မနေနိုင်တော့ဘူး ထင်ပါရဲ့။ သူ့ညီတော် ရာဇာတင်ဝင်းကို ဆွဲခေါ် သွားပါတယ်။ ဒီညီအစ်ကိုနှစ်ယောက် ထွက်သွားတော့

"မင်း ခုနက ပြောတာ အဟုတ်လား"

"အဟီး . . . ပါးစပ်ထဲက တွေ့တာတွေ ပြောလိုက်တာ"

"မင်းကတော့ကွာ"

"ကဲ . . . ဆက်ဆွဲမယ်"

နှစ်ယောက်သား သီချင်းတကြော်ကြော်နဲ့ ပခုံးဖက်ပြီး ဆက်လျှောက်ကြပါတယ်။ ကိုမင်းထွဋ်က သီချင်းတစ်ပိုင်းတစ်စကို ပါးစပ်ထဲရှိတဲ့ကီးနဲ့ အော်ပါတော့တယ်။

"ကြော်တော့ စားဖို့မှုးပါကွယ်၊ သောက်တော့လည်း လှေထိုးသားနဲ့ကွယ်"



www.burmeseclassic.com

www.burmeseclassic.com

ကံကြမ္မာဆိုတာ
အစအနောက် ကြမ်းတဲ့
လူပျော်ကြီးတစ်ဦးပေါ့၊
သူက လူတွေကိုစိတ်ညစ်စရာတွေလည်း ပေးသလို
ပျော်စရာတွေလည်းပေးတယ် ၊
တစ်ချပြီးရင်တော့
ခင်များဆီကို တစ်ခုရောက်လာမှာပဲ၊
ကဲ..ခင်များရွေး
ပျော်စရာကို အရင်ယူမလား ......
စိတ်ညစ်စရာကို အရင်ယူမလား.....၊





"ကိုကိုတို့များ အခုထိ အနံ့က ဟောင်နေတုန်း"

မနက်မိုးလင်းလို့ မျက်နှာသစ် သွားတိုက် ရေချိုးပြီးတောင် ခေါင်းက အုံနေတုန်း။

"ဟဲ့. . . အနံ့က ခွေးမှ မဟုတ်တာ ဟောင်ရအောင်၊ အနံ့ထွက်နေတုန်း ပြောပါဟ၊ ဒါနဲ့ ဖေဖေတို့ရော"

"ဖေဖေနဲ့မေမေက ဒီနေ့ ရုံးပိတ်ရက်မို့ ဒေါ်လေးတို့ အိမ်သွားကြတယ်၊ ဖေဖေပြန်လာရင် ဆူမှာ သေချာတယ်၊ ဘာဖြစ်လို့ အဲ့လောက်သောက်ရတာလဲ"

"ဘော့စ်တိုက်တာဟ. . . ငါ့ကို ဂုဏ်ပြုတာလေ"

"ကိုကို့ကို ဂုဏ်ပြုတာ"

မနက်စာ စားဖို့ ကော်ဖီနဲ့မုန့်ပွဲကို ပြင်ရင်း မိဆတ်က မေးမိတော့ မင်းထွဋ် ခေါင်းညိတ်ပြရင်း. . .

"အေးလေ. . . ငါနဲ့မိုးမိုးဦး သမီးရည်းစားဖြစ်တဲ့ အထိမ်းအမှတ်နဲ့ ဘော့စ်ဂုဏ်ပြုတာ"



www.burmeseclassic.com

www.burmeseclassic.com



မိဆက် မျက်လုံးဝိုင်းသွားရင်း. . .

"တကယ်. . . မမမိုးနဲ့ဆို မိဆက်လည်း သဘောကျတယ်၊ မမမိုးက သူ့မောင် နေလောင်နဲ့ ဘာမှမဆိုင်ဘူး၊ ဟိုကောင်က မျက်နှာရှူး၊ မမိုးက အေးတယ်. . တည်ငြိမ်တယ်. . သိက္ခာရှိတယ်. . ချစ်ဖို့ကောင်းတယ်"

စကားတောင် မစရသေးဘူး။ နေရောင်အတွက် အလားအလာ က လုံးဝလုံးဝကို မကောင်း။

"ဒါပေမယ့်တော့ ဒါပေမယ့်ပေါ့ဟာ၊ ဒါပေမယ့် ငါ့အစား နင် သူ့ကို ကျေးဇူးဆပ်လိုက်ပါဟာ"

"မဆပ်နိုင်ပါဘူး. . . နေပါဦး ဘယ်လိုဆပ်ရမှာလဲ"

မင်းထွဋ် စပ်ဖြီးဖြီးနဲ့. . .

"သူ့အစ်မကို ငါယူတော့ ငါ့ညီမကို. ."

"ကို. . ကို. ."

မိဆက် စိတ်ဆိုးဆိုးနဲ့ အော်ပြီး သူ့အစ်ကိုကျောကို ထုပါတော့တယ်။

"အကောင်းပြောတာဟ. . . ဒီကောင် နင့်ကို ကြိတ်ကြိုက်နေတာ၊ တကယ်"

မိဆက်က နှာခေါင်းရှုံ့ရင်း. . .

"မိဆက်ရဲ့နှလုံးသားအတွက် သုံးစားလို့မရတဲ့စာရင်းမှာ သုံးဦးရှိတယ်"

"ဘယ်သူတွေလဲ"

"နေရောင်. . ရာဇာတင်ဝင်းနဲ့ ကိုတင်သန်း. . . လုံးဝလုံးဝပဲ"

လက်လေး တခါခါနဲ့ ပြောနေတဲ့ မိဆက်ကို ကြည့်ရင်း. . .

"ဩော်. . . ညက ငါနဲ့နေရောင် မူးပြီးပြန်လာတော့ လမ်းမှာ ငါ့ကို ယောက်ဖလို့ ခေါ်တဲ့နှစ်ယောက် ဖြစ်မယ်"

မိဆက်က မင်းထွဋ် ပြောတော့ နှုတ်ခမ်းကြီး စူရင်း. . .





"ဟုတ်ပါ့. . . အဲဒီညီအစ်ကိုနှစ်ယောက်က သရဲသဘက်ထတ်ဆိုးတယ် ကိုကို"

"ဒါများ မိဆက်ရယ်၊ ကြည့်ရတာ ဒီညီအစ်ကိုနှစ်ယောက် ကြောက်ရတဲ့သူက နေရောင်ဖြစ်မယ်၊ ဒီကောင်ကို နင် ရည်းစားတော်လိုက်ရင် ဟိုနှစ်ကောင် နင့်နား ကပ်မှာမဟုတ်တော့ဘူး"

"တော်ပါ ကိုကိုရာ"

ပြောပြီး လှည့်ထွက်မယ် လုပ်တော့. . .

"ဘယ်လဲ. . . နေပါဦးဟ"

"အဝတ်တွေ လျှော်ရမယ် ကိုကိုရာ၊ ကိုကိုက ရစ်ပြီ"

"မဟုတ်ပါဘူး. . . မေးစရာ ကျန်သေးလို့ပါ၊ နင့်မှာ ရည်းစားတွေဘာတွေများ မရှိဘူးလား"

"မရှိပါဘူး. . . ကြိုက်ရမယ့်သူလည်း မရှိဘူး၊ ချစ်ရမယ့်လူလည်း မရှိဘူး၊ ဒါပဲမှတ်လား. . . သွားပြီ"


မိဆက် ထွက်သွားတော့ မင်းထွဋ် ခေါင်းတညိတ်ညိတ်။ ရည်းစားမရလောက်သေးဘူးဆိုတော့ နေရောင်အတွက် မျှော်လင့်ချက်လေးတော့ ရှိနိုင်ပါသေးတယ်လေ။





www.burmeseclassic.com

www.burmeseclassic.com






ကိုမင်းထွဋ်က အသေအချာ မှာထားပါတယ်။ သူ ကုမ္ပဏီကို စောစောသွားနှင့်မယ်တဲ့။ ကေန္တ မမမိုးနဲ့ အတူသွားချင်တာ ဖြစ်မည်ထင်သည်။ မင်း လမ်းထိပ်က လက်ဖက်ရည်ဆိုင်ထဲက မိဆက်အလာကို စောင့်ကြည့်နေ၊ လမ်းမှာ ဆုံသလိုလို ဖြစ်အောင်လုပ်၊ တစ်ခုတော့ မှာထားပါတယ်၊ ရည်းစားစကားပြောဖို့ စောသေးတယ်တဲ့။ သူ့ရဲ့ယုံကြည်မှုကို မရမချင်း ရည်းစားစကား ပြောလို့မဖြစ်သေးဘူးတဲ့လေ။

"ဟော့ကောင်. . . ဟိုမှာ လာနေပြီ"

တိုးကြီးနဲ့မျိုးဇော်က လှမ်းသတိပေးတော့. . .

"မင်းတို့ ရှင်းလိုက်တော့"

"အေးပါ"

ကျွန်တော် မိဆက် လက်ဖက်ရည်ဆိုင်က ဖြတ်ကျော်သွားတော့မှ နောက်က ခပ်ခွာခွာ လိုက်ခဲ့လိုက်တယ်။ မိဆက်တစ်ယောက်ကတော့ သူ့အတွေးနဲ့သူ လမ်းလျှောက်နေပုံပါ။ ကားဂိတ်နား ရောက်ခါနီးတော့ မျက်နှာချင်းဆိုင် လာတဲ့လမ်းထဲက ဦးငွေစိုးက လှမ်းနှုတ်ဆက်တယ်၊

"ဟဲ့. . မိဆက်. . ရုံးသွားပြီလား"



www.burmeseclassic.com

www.burmeseclassic.com



မိဆက်က မကြား။ ဦးငွေစိုးက ခေါင်းကုတ်ရင်း. . .

"ဘာတွေ တွေးနေပြီး လျှောက်နေလဲ မသိဘူး၊ ဧကန္တ သူ့ကောင်လေး ဟိုဟာဖြစ်လို့ ထင်တယ်"

ဦးငွေစိုး ပြောသံကြားတော့ ကျွန်တော်ရယ်ချင်သွားတယ်။

"ဘယ်လဲ"

"ရှုံးလေ. . ဦးလေး"

"မင်းရှေ့က တစ်ယောက်ကတော့ ခေါ်မကြား အော်မကြား. . . သွားပြီ"

"ဟုတ်ကဲ့"

ကျွန်တော် ဆက်လျှောက်လာခဲ့ပါတယ်။ ကားဂိတ်နားက ကွမ်းယာဆိုင်ရဲ့ခပ်လှမ်းလှမ်းမှာ မယ်ဒလင်တစ်လက်နဲ့ မျက်မမြင်တစ်ယောက် ပိုက်ဆံတောင်းစားနေပါတယ်။ မိဆက်က မယ်ဒလင်သံလည်း ကြားပုံမရဘူး။ ဖြစ်ချင်တော့ သူ့အတွေးနဲ့သူ လမ်းလျှောက်နေတဲ့မိဆက် နမော်နမဲ့နဲ့ ပိုက်ဆံတောင်းတဲ့ သတ္တုခွက်ကို မမြင်ဘဲ လှမ်းကန်သလို ဖြစ်သွားပြီး ပိုက်ဆံခွက်က လေထဲမှာ မြောက်တက်၊ ခပ်လှမ်းလှမ်းမှာ ကားစောင့်နေတဲ့ လူကြီးရဲ့နဖူးပြောင်ပြောင်ကို. . . ထိ။

"ဒေါင်. ."

"အောင်မငီးဗျ"

မိဆက် အဲဒီတော့မှ သတိဝင်ပြီး. . .

"ဟာ. . . ကန်တော့"

သူတောင်းစားက မမြင်မစမ်းနဲ့. . .

"ဟာ. . ဒုက္ခရောက်နေပါတယ်ဆိုမှ အလှူမပေးဘဲ ဒုက္ခတွေ ပေးနေပါလား. . . ဘယ်ကောင်လဲကွ"

"မဟုတ်ပါဘူး. . . မမြင်လို့ပါ"

မိဆက်က ရှက်ရှက်နဲ့ ပိုက်ဆံတွေကို ကုန်းကောက်ပါတယ်။ နဖူးပြောင်ပြောင်လူကြီးကတော့ သူ့နဖူးကို သူပွတ်နေဆဲ။ လူကြီးဘေးက





တိုက်ပုံအကျီ အနက်ရောင်မျက်မှန်၊ လက်မှာ အတာက်ချိကွေ့စ်နဲ့ပုဂ္ဂိုလ်က သူတောင်းစားခွက်က ကျတဲ့ နှစ်ရာတန်အသစ်တစ်ရွက်ကို သူ့ဖိနပ်နဲ့ မသိမသာ ဖိထားလိုက်ပါတယ်။

"မိဆက်. ."

"ဟယ်. . အတော်ပဲ. . ငါ. ."

"ငါမြင်ပါတယ်"

သူတောင်းစားကလည်း ငိုသံကြီးနဲ့. . .

"လျော်. . လျော်စမ်း. . ငါတောင်းလို့ရတာလေးတွေ ကုန်ပါပြီ၊ ငါမှတ်မိတယ်၊ ငါးရာတန်နှစ်ရွက် တစ်ထောင်တန်တစ်ရွက်၊ အသေးဆုံးဆိုလို့ နှစ်ရာတန်ပဲ ရှိတယ်"

ကျွန်တော်က အမြင်ကတ်ကတ်နဲ့. . .

"ခင်ဗျား ဘယ်လိုမြင်တာလဲ"

"ဟို. . ဟိုလေ. ."

"လျှာမရှည်နဲ့. . . ပြန်ကောက်ပေးပြီးပြီ တစ်ထောင်တန်တစ်ရွက် ထည့်ပေးခဲ့မယ်"

တောင်းစားနေသူက ကျေနပ်သွားကာ. . .

"လူကို မျက်မမြင်ဆိုပြီး မလိမ်ရဘူးနော်"

ဒီကြားထဲ နဖူးပြောင်ပြောင်လူကြီးက တမှောင့်။

"ဘယ်ကောင်လဲကွ ငါ့နဖူးကို ခွက်နဲ့ ပေါက်တာ"

"ဟာ. . မဟုတ်ပါဘူး ဦးလေးရယ်. . . ကျွန်မ"

"ဘာကွ"

ကျွန်တော် အလျှင်အမြန် ဝင်ထိန်းလိုက်ရပါတယ်။

"ဘာမှ မဟုတ်ပါဘူး အစ်ကိုကြီးရာ၊ သူ အတွေးလွန်ပြီး ကန်မိသလို ဖြစ်သွားတာ စိတ်မဆိုးပါနဲ့နော်"

"ဟာ. . . မဆိုးလို့ ဖြစ်မလားကွ၊ ငါ့နဖူးက ဘုထွက်နေပြီ"

"ဦးထုပ်လေး ဆောင်းလိုက်လည်း ရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



နဖူးပြောင်ပြောင်လူကြီးက ကျေနပ်ပုံမပေါ်။

"ဦးထုပ်ဆောင်းလို့ မရဘူးကွ၊ ငါက ဘောလုံးသမား"

"ဗျာ. ."

ကျွန်တော် ဒီအသက်အရွယ်ကြီးနဲ့ ဘောလုံးသမားဆိုတာ မယုံချင်။

"ငါဟာ တိုက်စစ်မှူးကွ၊ ဒီဘုကြီးနဲ့ ကွင်းထဲကို ဘယ်လိုဝင်မလဲ"

ဘေးနားက လူတွေက ပြုံးစေ့စေ့။ ကျွန်တော်က စကားရောဖောရောနဲ့. . .

"ဟာ. . . ကျွန်တော်လည်း ဘောလုံးသမားပဲ"

လူကြီးက မျက်မှောင်ကြုတ်ရင်း. . .

"ဘယ်ကလပ်ကလဲ"

"မြကလပ်က"

"ဟင်. . . မကြားဖူးပါဘူး"

"ကျွန်တော်တို့က အသင်းတည်ထောင်စပဲ ဦးလေး"

"အေး. . . ငါက young boy (ငယ်ရွယ်သောလူငယ်များ) အသင်းက အသင်းအုပ်ချုပ်သူ အသင်းပိုင်ရှင် တိုက်စစ်မှူး"

"ဗျာ. ."

ငယ်ရွယ်သောလူငယ်များအသင်းဆိုလို့ ပြုံးစေ့စေ့သမားတွေ မရယ်မိအောင် နေကြရတယ်။ ဘွဲ့တွေကလည်း များလိုက်တာ။ တိုက်စစ်မှူး အသင်းပိုင်ရှင် အုပ်ချုပ်သူတဲ့။ ကြည့်ရတာ သူ မပါရမှာစိုးလို့ အသင်းထောင်ထားပုံရတယ်။

"ဟာ. . . ကျွန်တော်ကြိုက်တဲ့အသင်းပေါ့၊ အစ်ကိုကြီး ကစားတာကြည့်ဖူးတယ်. . . သိပ်လှတာ"

ဗိုက်ရွှဲရွှဲနဲ့ တိုက်စစ်မှူးကြီးက သူ့ဗိုက်ကြီးပွတ်ရင်း. . .

"ဟဲဟဲ. . . ဒီလိုပါပဲကွာ၊ အမ်. . . ဒါနဲ့ ငါကစားရတဲ့ပွဲဆိုလို့ ပြီးခဲ့တဲ့အပတ်က မိနစ်ကိုးဆယ်မှာ လူစားဝင်ချိန်ကွ"





မိဆက်ကိုယ်တိုင်တောင် မရယ်မိအောင် ထိန်းထားရတယ်၊ တိုက်ပုံအနက်နဲ့လူကလည်း ခြေထောက်အောက်က ပိုက်ဆံကို အသာငုံ့ကြည့်ပါတယ်။ ကျွန်တော်ကလည်း အလွတ်မပေး။

"အဲဒီမိနစ်ပိုင်းလေးမှာ ကျွန်တော်သိပ်ကြိုက်သွားတာ"

ဗိုက်ရွှဲရွှဲ နဖူးပြောင်ပြောင်ပုဂ္ဂိုလ် မနေတတ်တော့။

"အစ်ကိုကြီးခေါင်းက ဘယ်လိုနေလဲ"

"ဟဲဟဲ. . . အခုတော့ မနာတော့ပါဘူးကွာ၊ ကဲ. . ကဲ. . သွားမယ်၊ ထရိန်နင် မမီဘဲ နေဦးမယ်"

ထိုလူကြီး အိပဲ့အိပဲ့နဲ့ ခရီးသည် အပြည့်အကျပ်နဲ့ ရောက်လာတဲ့ ဘတ်စ်ကားဆီကို ထွက်သွားတော့မှ ကျွန်တော် တိုက်ပုံအနက်နဲ့ ပုဂ္ဂိုလ်ဆီ တန်းသွားပြီး. . .

"ဟို. . အစ်ကို့ခြေထောက် နည်းနည်းကြွပါ"

တိုက်ပုံအနက်နဲ့ပုဂ္ဂိုလ် မျက်နှာတင်းသွားပါတယ်။ လူတွေကလည်း ဝိုင်းကြည့်နေပါတယ်။

"မဟုတ်ဘူး. . ဟို. . တောင်းစားတဲ့သူရဲ့ ပိုက်ဆံနှစ်ရာတန် အစ်ကို့ဖိနပ်အောက်မှာ ပိနေလို့"

အဲဒီအခါမှ ရှက်ကိုးရှက်ကန်းနဲ့. . .

"ဟုတ်လား. . . မသိပါဘူးကွာ၊ ကားကြည့်ရတာနဲ့တင် ဟိုရှေ့ ဒီရှေ့နဲ့ နင်းမိသလို ဖြစ်သွားတာ"

ကားမှတ်တိုင်က လူတွေ နှာခေါင်းရှုံ့ကြပါတယ်။ ကျွန်တော်လည်း သူတောင်းစားကို ခွက်တိုက်ခ လျှော်ကြေးတစ်ထောင် ပေးခဲ့လိုက်ရတယ်။

မိတ်ဖြစ်ဆွေဖြစ်ပေါ့. . .။





www.burmeseclassic.com

www.burmeseclassic.com



# ကား

ပေါ်က ဆင်းတော့. . .

"နင် ဘာတွေငေး ဘာတွေတွေးပြီး ခွက်တစ်ခုလုံး မမြင်ရတာလဲ"

"ဟဲ့. . . ညက အိပ်ရေးပျက်လို့ပေါ့ဟဲ့"

"ငါ့အကြောင်း စဉ်းစားနေလို့လား"

သူမက နှာခေါင်းရှုံ့ရင်း. . .

"ဝေးပါသေးတယ်. . . ကိုရိုးယားဇာတ်ကား ကြည့်နေရလို့ဟော့"

"အင်း. . . အဲဒီရောဂါကလည်း တမျောင့်"

"ဘာဖြစ်လဲ. . . ဩော်. . . နေပါဦး၊ နင် ငါ့အစ်ကို့ကို ဘာတွေပြောထားလဲ၊ နေလောင်နော်. . . နင် မဟုတ်ကဟုတ်ကတွေ လျှောက်ပြောနေနဲ့"

ကျွန်တော်ကလည်း ရှုပ်တည်တည်။

"ငါ ဘာပြောလို့လဲ. . ပြော"

သူမက နှုတ်ခမ်းကိုက်သည်။ သူတော့ နာကျင်သလား မနာကျင်သားတော့ မသိ။ ကျွန်တော့်ရင်ထဲမှာတောင် စစ်ခနဲ ဖြစ်သွားပါတယ်။





"နင် ရူးသလိုလို ပေါသလိုလို လုပ်မနေနဲ့. . . ငါမကြိုက်ဘူးနော်"

"ဩော်. . . မတ်စိရယ်၊ ခုန ငါဝင်ကူရှင်းပေးခဲ့တဲ့မျက်နှာလေးတို ယောက်ညှာပါဟာ"

"နေပါ. . . ဘာမှ မထောက်ထားနိုင်ဘူး၊ ကဲ. . . ကိုယ်တော် ရှေ့က ကြွရင်ကြွ၊ နောက်မှာ နေရင်နေ၊ ကုမ္ပဏီကလူတွေ အတူလာလို့ တစ်မျိုးထင်ဦးမယ်"

"ဘယ်လိုထင်မှာလဲ"

"နင်နော်. . ကဲ. . ငါ ရှေ့က သွားမယ်"

သူမက ခပ်မြန်မြန်လေး ရှေ့ကထွက်သွားပါတယ်။ ကျွန်တော် လေလေး တချွန်ချွန်နဲ့ နောက်က လိုက်ခဲ့လိုက်တယ်။ ခပ်လှမ်းလှမ်းလေး လျှောက်ပြီးမှ သူမက ရပ်ကာ လှည့်ကြည့်ပြီး. . .

"နင်နော်. . . ရှေ့က လျှောက်တော့"

"ဟာ. . . ဘာဖြစ်ရပြန်တာလဲ၊ မလျှောက်နိုင်ပါဘူး"

သူမက စူပုတ်ပုတ်နဲ့. . .

"ဘာဖြစ်လို့လဲ"

"နင်က မရိုးသားတဲ့မျက်လုံးနဲ့ နောက်က ကြည့်နေမှာ ငါသိတယ်"

"ဟာ. . . ဒီခွေးကောင်တော့"

ကျွန်တော့်ကို ထမင်းချိုင့်နဲ့ ရွယ်မယ်လုပ်တော့ ကျွန်တော် ရှေ့ကနေ တစ်ချိုးတည်း လစ်ပြေးပါတော့တယ်။

"ဘာတွေ အူမြူးနေတာလဲ"

သူရက ကုမ္ပဏီအဝင်မှာ လှမ်းမေးတာ။

"မြူးတော့ မြူးတယ်၊ အူတော့ မအူချင်ပါဘူးကွာ၊ သူရ. . . မင်း လက်ဖက်ရည်သောက်ပြီးပြီလား"

"ဟင့်အင်း. . . ငါလည်း အခုမှ ရောက်တာ"

"ဒါဆို ခဏစောင့်၊ လက်မှတ်ထိုးလိုက်ဦးမယ်"

"အေး. ."



www.burmeseclassic.com

www.burmeseclassic.com



ရုံးတက်ရုံးဆင်း လက်မှတ်ထိုးရတဲ့စာအုပ်ကို ဖွင့်တော့ မိဆက်က ကျွန်တော့်လိုပဲ လက်မှတ်ထိုးဖို့ ဘောပင်အဖုံးကို ဖွင့်ရင်း သူ့အလှည့်ကို စောင့်နေတယ်။ ကျွန်တော်က လက်မှတ်ထိုးပြီး. . .

"နင် ဒီနေ့တော့ ဒီမှာထိုးလိုက်"

"နောက်နေ့ကျရင် ဘယ်မှာ ထိုးရမှာလဲ"

"ငါနဲ့ တရားရုံးမှာ"

"နင်. . နင်. . "

ကျွန်တော်သိတာပေါ့။ ကျွန်တော့်ကိုယ်ပေါ် လက်နက်ကြီးတွေ မရောက်ခင် ထွက်ပြေးရမယ်ဆိုတာလေ။ သူရက အဖြစ်အပျက်တွေကို သိပုံရတယ်။ ကျွန်တော်နဲ့အတူ လက်ဖက်ရည်ဆိုင်ကို အတူလျှောက်ရင်း. .

"မင်းတော့ ဒီတစ်သက် ချိုလင်းဆက်ကို စနောက်နေရတာနဲ့ ရည်းစားစကား ပြောဖြစ်မှာမဟုတ်ဘူး"

"မကြာသောအချိန်ကို စောင့်ကြည့်"

"ချိုလင်းဆက်နဲ့ ဒီပြင်တစ်ယောက်နဲ့လား"

"ဟေ့ကောင်. . လက်ဖက်ရည် တိုက်ချင်တဲ့စိတ် ပျောက်သွားအောင် မလုပ်နဲ့နော်"

ကျွန်တော့်စကားကြောင့် သူရက ရယ်ကျဲကျဲနဲ့. . .

"သူငယ်ချင်းကလဲကွာ. . . ဒါလေး စတာကို၊ ဘဝတူချင်းတွေပဲ တာ"

ဒီကောင့်လေပြေစကားလေးကြောင့်. . .

"လက်ဖက်ရည်နှစ်ခွက်. . သက်သက်သာသာလေး လုပ်ဟေ့၊ နို့ဆီမထည့်လည်း ရတယ်"

ကျွန်တော့်စကားကြောင့် လက်ဖက်ရည် လာသောက်တဲ့သူတွေ ပြုံးစိစိ ဖြစ်ကုန်ကြတယ်။

"ဒါနဲ့ မင်းနဲ့ခတ္တာအခြေအနေက"

သူရက သက်ပြင်းချရင်း. . .





"စဉ်းစားမယ်. . တောက်တောက်ကြော်မယ်. . ဒါပဲပေါ့ကွာ"

"မင်းကလည်း ပြောလိုက်လေ၊ စဉ်းစားရင်း စဉ်းစားရင်း အိပ်ပျော်နေဦးမယ်လို့"

သူရက ပြုံးပြီး. . .

"ဟုတ်ပါ့ကွာ. . . သုံးနှစ်သုံးမိုးဆိုတဲ့ ထုံးစံခွဲတမ်းကြီးကို ငါ့ကို ပေးဦးမလား မသိဘူး"

သူ့ရဲ့စိတ်ပျက်စကားကြောင့် ကျွန်တော် အချွန်နဲ့ မ,ဖို့ စိတ်ကူးလိုက်တယ်။

"သူရ. . ခတ္တာကို ပြောလိုက်"

"ဘာပြောရမှာလဲ"

"ငါ့ကို အချိန်မှီ ပြန်ချစ်ရင်ချစ်၊ မချစ်ရင် ဥပဒေအရ အရေးယူမယ်လို့"

"ဘယ်လိုဥပဒေအရလဲ နေရောင်"

"ချစ်တယ် ပြောမယ့်အရေးကို အချိန်ဆွဲ ညှဉ်းပန်းနှိပ်စက်တဲ့ သူမအား ထောင်သွင်းအကျဉ်းချမယ်လို့. . . အိမ်ထောင်"

"ဟာ. . . ကောင်းလိုက်တဲ့အကြံအစည်ကွာ"





www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . . အခြေအနေ ဘယ်လိုလဲ"

ကိုမင်းထွဋ် ရေမိုးချိုးပြီးစ ထင်သည်။ ခေါင်းပေါ်က ဆံပင်တွေ တောင် မခြောက်သေးပါ။

"ဒီလိုပါပဲ ယောက်ဖရာ"

အလုပ်ကအပြန် ငါရေမိုးချိုးပြီးရင် လာခဲ့မယ်လို့ မှာထားတာ ကြောင့် ကျွန်တော်နဲ့တိုးကြီး လမ်းထိပ်က လက်ဖက်ရည်ဆိုင်မှာ စောင့်နေ ကြတာပါ။

"ပြောလိုက်ရင်တော့ ဖြစ်တယ်ဆိုတာကြီးပဲ"

တိုးကြီးက မေးငေါ့တော့ ကိုမင်းထွဋ်က. . .

"ငါ့ညီမအကြောင်း ငါသိတယ်"

"ဘယ်နားမှာလဲ ယောက်ဖ"

"ခွေးကောင်"

ကိုမင်းထွဋ် ရယ်ရယ်မောမောနဲ့ ဆဲပြီး. . .

"ဟေ့ကောင်လေး. . . အချိန်သိပ်မဆွဲနဲ့"

"ကြာတယ်ကွာ. . . အဆင်မပြေရင် ခိုးသာပြေး"





ကိုမင်းထွဋ်က သိပ်စိတ်ရှည်ပုံ မပေါ်တော့။

"ခိုးပြေးမှ အလိုမတူမှုနဲ့ ကျွန်တော်ပဲ အဖမ်းခံရမှာပေါ့ ယောက်ဖ ရာ"

"ဒါဆို ဘယ်လိုလုပ်မှာလဲ"

ကိုမင်းထွဋ်စကားကို ဖြေဖို့အလုပ်မှာ. . .

"ဟော. . လာပြီ. . ခဏလေး"

ကျွန်တော်ကြည့်ရာကို သူတို့ လိုက်ကြည့်ပါတယ်။

"ဘာလဲ. . ရာဇာတင်ဝင်းတို့ ညီအစ်ကိုလား. . ဘာဖြစ်လို့လဲ"

မျိုးဇော်အမေးကို ကျွန်တော် အခုလို ဖြေပါတယ်။

"သူတို့နှစ်ယောက်က ငါ့ရဲ့တပည့်တွေပဲ"

"ဘာတွေများ အရေးကြီးလို့. . အေ့. . အခေါ်လွှတ်လိုက်ရတာ လဲ ဆရာသမားရယ်"

ကြောင်စီစီအရောင်တွေကို အချိုးမကျစွာ ဝတ်တတ်တဲ့ ရာဇာ တင်ဝင်းက မေးခွန်းထုတ်တယ်။

"မေးဆို ခင်ဗျားတို့ရဲ့စစ်ဆင်ရေးကို အရှိန်မြှင့်ဖို့ ကျုပ်အမိန့်ပေး တယ်"

ကိုတင်သန်းက တဟဲဟဲနဲ့. . .

"ဒါဆိုရင်. . ."

လက်မနဲ့လက်ညှိုးကို ဝိုင်းပြတော့ ကျွန်တော့်အိတ်ထဲက ငွေစက္ကူ တစ်ချို့ သူတို့လက်ထဲ ရောက်သွားပါတယ်။

"တစ်ရက်ခြားစီနော်"

"စိတ်ချစမ်းပါ"

"ဒါဆို စိတ်ချပြီ ရာဇာဝင်းတင့်"

"ဟာ. . . ရာဇာတင်ဝင်းပါ နေရောင်ရာ"

"အေးပါဗျာ"

သူတို့နှစ်ယောက် ထွက်သွားတော့ ကိုမင်းထွဋ်က ရယ်ရင်း. . .



www.burmeseclassic.com

www.burmeseclassic.com



"လက်စသတ်တော့ ဒီကောင်တွေက မင်းတပည့်တွေပေါ့"

ကျွန်တော်က ရယ်တော့ တိုးကြီးက ဆဲသည်။

"ခွေးကောင်. . . ငါတို့ပါ မပြောဘဲ လျှို့ထားတာကို၊ ဒါဆိုရင် ရာဇာတင်ဝင်းတို့က မင်းဆင်ထားတဲ့ဇာတ်အတိုင်း မိဆက်အတွက် လူကြမ်းတွေပေါ့"

ကျွန်တော် ခေါင်းခါသည်။ ပြီးတော့. . .

"အစိက ဇာတ်ပို့"

ကိုမင်းထွဋ်က တပြုံးပြုံးနဲ့ ခေါင်းတညိတ်ညိတ်။ ကျွန်တော်က ကိုမင်းထွဋ်နဲ့ ဇာတ်တိုက်ထားရပါသေးတယ်။ မတော်. . . အထင်လွဲစရာတွေ ဖြစ်သွားနိုင်တယ် မဟုတ်လား။







"ညီမလေး သွားနှင့်"

ရုံးအတူသွားဖို့ အိမ်ပေါက်ဝကအထွက် ကိုကိုက အခုလို ပြောတာကြောင့် သူမက. . .

"ဟင်. . . ကိုကိုက ကုမ္ပဏီမသွားဘူးလား"

မင်းထွဋ် ရယ်ကျဲကျဲနဲ့. . .

"ဟဲဟဲ. . ကိုကို. . ဟဲဟဲ"

ဒီလောက်ဆို မိဆက်တို့က ချက်ဆို နားခွက်က မီးတောက်ပြီးသား။

"သြော်. . . မမမိုးဆီ အခစားဝင်ပြီး အတူရွှေလကီတွဲလို့ ရုံးတက်မယ်ပေါ့"

"ဒါပေါ့ ညီမရယ်၊ ညီမလေးတစ်ယောက်ထဲ သွားလိုက်နော်၊ ဒါမှမဟုတ် နေရောင်နဲ့ အတူသွားမလား"

"ကိုကိုနော်. . . ဒီလူရှုပ်နဲ့ ညီမလေးကို လာမစနဲ့"

သူမ ခြေထောက်ဆောင့်ပြီး ထွက်သွားတော့ မင်းထွဋ် သဘော



www.burmeseclassic.com

www.burmeseclassic.com



တချွှာ ရယ်မိတယ်။ ဒီနေ့ မင်းထွဋ်နဲ့နေရောင် ခွင်ဆင်ပြီးသား။

ဘာမှမသိတဲ့မိဆက်ကတော့ ကားမှတ်တိုင် ရှိရာကို သွားရင်း မနေ့ကလို ဖြစ်မှာစိုးလို့ ဘာမှမတွေးရဲ။ ပစ္စုပ္ပန်ကိုပဲ လင်းလင်းထင်းထင်း ကြည့်နေရတယ်။

"ဟင်. ."

သူမခြေလှမ်းတွေ ရပ်တန့်သွားမတတ်ပါပဲ။ ကားမှတ်တိုင် မရောက်မီ လမ်းတစ်ဝက်မှာ သူ့ရဲ့မဟာရန်သူတော်နှစ်ဦး။

ရာဇာတင်ဝင်းက ထုံးစံအတိုင်း ကြောင်စီစီအရောင်နဲ့ အချိုး မကျနစွာ ကိုတင်သန်းက ဒီလောက်အိုက်ရတဲ့ကြားထဲ လောင်းကုတ်အရှည်နဲ့၊ ပြီးတော့ အပေါ်စားမျက်မှန်အနက်နဲ့။ မိဆက် သူတို့နှစ်ယောက်ကို ကျော်နိုင်မှ ကားမှတ်တိုင်ကို ရောက်မှာ။ မိဆက် အားတင်းပြီး ခပ်တည်တည်နဲ့ ရှေ့ဆက်လျှောက်လာရင်း ကိုတင်သန်းရှေ့က ဖြတ်တော့ ရာဇာ တင်ဝင်းက. . .

"ဟာ. . . အစ်ကိုတော် မမြင်မစမ်းနဲ့၊ ဟိုမှာ လွှတ်သွားတော့ မယ်"

"ဟေ. ."

ကိုတင်သန်းက တပ်သာ တပ်ထားရတာ။ ဘာမှမမြင်တဲ့ အပေါ်စား မျက်မှန်ကို အမြန်ချွတ်၊ အိတ်ကပ်ထဲ ထည့်၊ အမြန်လျှောက်လာ၊ သူမကို ကျော်ပြီးမှ လက်ကာထားရင်း. . .

"ဒီမှာ ဆက်ဆက်၊ ကိုယ့်အချစ်က လတ်ဆတ်ပါတယ်၊ မင်း ရက်စက်ဖို့တော့ မကြိုးစားပါနဲ့"

သူမ စိတ်ပျက်လက်ပျက်နဲ့ ကယ်မယ့်သူ ရှိလိုရှိငြား ပတ်ဝန်းကျင် ကို ကြည့်တော့ ရာဇာတင်ဝင်းတို့ ကျောပေးထားတဲ့နောက်ကွယ်မှာ အိပွဲအိပွဲနဲ့ လျှောက်လာတဲ့ နယ်မြေတာဝန်ခံ ကိုသန်းခင်။ မိဆက်မျက်နှာ ဝင်းကနဲ ဖြစ်သွားပါတယ်။ ရာဇာတင်ဝင်းတို့ညီအစ်ကိုကတော့ မသိ။ ကိုသန်းခင်က အသာနေဆိုပြီး လက်ပြလိုက်တယ်။





"ရာဇာတို့ကတော့ ရက်စက်တတ်ပေမယ့် မနှိပ်စက်တတ်ပါဘူး ဆက်ရယ်၊ ဆက်ကို ဘယ်လောက်ချစ်သလဲဆိုရင် ကိုယ့်အကြွေးတွေ ဆပ်. . တက်. . လာ"

"ဂျလောက်"

လက်ကားယားနဲ့ အားပါးတရ ပြောနေတဲ့ရာဇာ သူ့ လက်တစ် ဖက်ပေါ် ကျလာတဲ့ လက်ထိပ်တစ်ခုရဲ့အထိအတွေ့ကြောင့် ကြောင် တောင်တောင်နဲ့ နောက်ကို ကြည့်တော့. . .

"ဟာ. . . ဦးရဲကြီး"

"ဟော့ကောင်တွေ. . ဟော့ကောင်တွေ. . မပြေးနဲ့"

ကိုသန်းခင်ရဲ့လက်က လျင်မြန်စွာ ကိုတင်သန်းရဲ့လက်ကို ဆွဲပြီး ကျန်တဲ့လက်ထိပ်တစ်ဖက်နဲ့ ပူးတွဲခတ်လိုက်ရင်း. . .

"ဟဲဟဲ. . မင်းတို့ကို ချောင်းနေတာ ကြာပြီ. . . လာစမ်း"

"ကျေးဇူးပဲနော် ဦးသန်းခင်"

"ရတယ် သမီး၊ သွားသွား. . အလုပ်နောက်ကျနေမယ်"

အခုမှပဲ သူမ အသက်ရှူချောင်သွားစေတာ အမှန်ပါ။ မိဆက် ထွက်သွားတော့ ရာဇာတင်ဝင်းက. . .

"သားတို့ ဘာအပြစ်လုပ်မိလို့လဲ ဦးရဲကြီးရဲ့. . . အီး"

ရာဇာတင်ဝင်းရဲ့ မလှမပ ငိုသံကြောင့် ကိုသန်းခင် ရာဇာတင် ဝင်း ခေါင်းကို ခေါက်ရင်း. . .

"တိတ်စမ်း. . . ကျက်သရေကို မရှိဘူး၊ မင်းတို့ အဲဒီကောင်မလေး ကို ခဏခဏ လိုက်နှောင့်ယှက်နေတာ ငါမသိဘူးများ ထင်လား. . လိုက်ခဲ့"

ကိုတင်သန်းက မျက်နှာချိုသွေးပြီး. . .

"ဘယ်လဲဟင်. . . စားသောက်ဆိုင်လား"

ကိုသန်းခင်ကလည်း ပြတ်သည်။

"အချုပ်ခန်း"

"အောင်မလေး. . . ဒေဝဒတ်ကို ဆရာတင်မိပြီ အစ်ကိုတော်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာတင် မဟုတ်ဘူး ညီတော်ဆရာရောင်၊ ဘယ်လိုအငြိုးနဲ့ ရက်စက်ရတာလဲ ဆက်ဆက်ရဲ့၊ ရက်စက်ပါပေ့ ဆက်ရယ်"

ရဲစခန်းရောက်တော့ အကျိုးအကြောင်း ပြောပြီး နေရောင်ကို ဖုန်းလှမ်းဆက်ရပါတယ်။ နေရောင်က ကုမ္ပဏီကို မရောက်သေးတာကြောင့် ရဲစခန်းကို တန်းလိုက်လာပြီး စခန်းမှူးကို အကျိုးအကြောင်းပြော၊ အာမခံနဲ့ သူတို့ညီအစ်ကို,ကို ဆွဲထုတ်လာခဲ့ရတော့တယ်။

အပြင်ရောက်တော့ ရာဇာတင်ဝင်း ငိုမဲ့မဲ့နဲ့. . .

"တော်ပြီ. . . ပိုက်ဆံဘယ်လောက်ပေးပေး မင်းခိုင်းတဲ့အလုပ်တွေ မလုပ်ပေးတော့ဘူး"

"ဟုတ်ပ့ါ. . ကံကောင်းလို့ပေ့ါ. . . ထွီ"

"မဟုတ်ဘူးလေဗျာ. . . ဒီလိုရှိတယ်"

"တော်ပါ. . . သွားမယ် ညီလေး"

နေရောင် ဘယ်လိုပြောပြော ပြောလို့မရတော့ပါ။ ရွှေညီအစ်ကို နှစ်ယောက်တော့ တစ်ချိုးတည်း လစ်ပြေးလိုက်တာများ. . . ဖုန်ထောင်းထောင်း ထလို့။







ကျွန်တော် ကုမ္ပဏီရောက်လို့ ကိုမင်းထွဋ်ကို ပြောပြတော့ ကိုမင်းထွဋ် ရယ်ပါတော့တယ်။

"မင်းပြောတော့ ကျွန်တော့်ဗျူဟာထက် ကောင်းတဲ့ဗျူဟာ မရှိတော့ဘူးဆို"

"ဒါကတော့ဗျာ. . . ဒီညီအစ်ကိုနှစ်ယောက် အသုံးမကျလို့ပါ"

"ဟ. . . မင်းခိုင်းကတည်းက အရှုံးနဲ့အပေါကို ခိုင်းမှတော့ ဒီလိုဖြစ်တာ ဆန်းသလား နေရောင်"

ကျွန်တော် စိတ်ရှုပ်ရှုပ်နဲ့ သက်ပြင်းမှုတ်ထုတ်တော့. . .

"ကဲ. . . စိတ်ဓါတ်ကျမနေနဲ့ နေရောင်၊ အချိန်တွေ ရှိပါသေးတယ်ကွာ၊ ဘာလဲ. . . ဟိုစကားတောင် ရှိသေးတယ် ပေါင်ချိန်နဲ့ဒီရေသည် လူကို မစောင့်တဲ့"

"အချိန်နဲ့ဒီရေပါဗျာ"

"မဟုတ်ပါဘူးကွာ. . . မင်းစိတ်ပေ့ါသွားအောင် စတာပါ။ ကဲ. . ကဲ. . အလုပ်,လုပ်ကြရအောင်"



www.burmeseclassic.com

www.burmeseclassic.com



နောက်တော့ ကိုယ့်စားပွဲမှာ ကိုယ်ထိုင်ကာ ရှုပ်နေတဲ့အလုပ်တွေ ကို ရှင်းရပါတယ်။

"နေရောင်. . . ဘော့စ်ခေါ်နေတယ်"

ကိုနိုင်ထူးက ဘော့စ်အခန်းက ထွက်လာရင်း လှမ်းအော်ပြော တယ်။ ကျွန်တော် ခေါင်းညိတ်ပြီး ဘော့စ်အခန်းရှိရာကို သွားလိုက်ပါ တယ်။

"လာ. . ထိုင်. . နေရောင်"

ဘော့စ်က မည်သူတစ်ဦးတစ်ယောက်မှာမှ မရှိတဲ့ သူ့ရဲ့ခက်ထန် ဘာကျောတဲ့အပြုံးကြီးကို ပြုံးရင်း. . .

"မင်းအတွက် ငါ ခွင့်ဆင်ထားတယ်"

"ဘာလဲ ဘော့စ်"

"ဒီလိုကွာ. . . ငါ့တူမ မွေးနေ့ပွဲအတွက် မွေးနေ့လက်ဆောင် ပေးချင်လို့ မင်းသွားဝယ်ရမယ်"

"ဘာတွေလဲ ဘော့စ်"

ဘော့စ်က ဝယ်ရမယ့် ပစ္စည်းစာရင်းစာရွက်ကို ကျွန်တော့်ရှေ့ကို ထိုးပေးသည်။ ကျွန်တော်ယူကြည့်တော့ အဝတ်အစား ဆိုဒ်နံပါတ်တွေ. . နံပ. . အစုံအစုံပါပဲ။

"များလှချည်လား ဘော့စ်၊ တီဗီပုံးတစ်ပုံးစာလောက် ရှိမယ်"

ဘော့စ်က ရယ်ရင်း. . .

"များဆို ငါနဲ့ ယူမယ့် မချယ်ရီရဲ့တူမလေကွာ"

ကျွန်တော် ပြုံးစစနဲ့. . .

"ဪ. . . အဒေါ်ကို ယူဖို့ ဘော့စ်က တူမကို လာဘ်ထိုးတာ ပေါ့"

"တစ်ဦးက မေတ္တာ. . . တစ်ဦးက ညောင်ညောင်လေ"

ဘော့စ်စကားကြောင့် ရယ်ရင်း. . .

"ခဏလေး. . . အဖော်တစ်ယောက် ခေါ်သွား၊ ချိုလင်းဆက်ဆို





ဖြစ်မလား၊ မခေါ်ချင်ရင်လည်း သူ့ရ ခေါ်သွား"

"ဟဲဟဲ. . ဘော့စ်ကလည်း"

ကျွန်တော့်ရဲ့စပ်ဖြဲဖြဲ မျက်နှာကြောင့် ဘော့စ်က ပြုံးရင်း. . .

"ခွေးကောင်လေး. . ဒါမျိုးဆို သဘောကျ. . အဟမ်း"

တံခါးတွန်းဖွင့်ဝင်လာတဲ့ မိဆက်ကြောင့် ဘော့စ်က မျက်နှာပင် အချက်ပြရင်း ချောင်းရှင်းတယ်။

"ဘော့စ် ခေါ်တယ်ဆိုလို့"

သူမက သူ့ကို ပေစောင်းစောင်း ကြည့်ရင်း ဘော့စ်ကို ပြောပါ တယ်။ ဘော့စ်ကလည်း ခပ်တည်တည်နဲ့. . .

"သမီး. . မောင်နေရောင်နဲ့ လိုက်သွား"

"ရှင်. ."

သူမ လန့်ဖြန့်သွားပုံကြောင့် ဘော့စ်က. . .

"ဪ. . . ပစ္စည်းတွေ ဝယ်စရာရှိလို့ သမီး၊ မိန်းကလေးပစ္စည်း တွေဆိုတော့ မိန်းကလေးတစ်ယောက် ပါမှ ဖြစ်မှာလေ"

"ဟို. . သမီး. . ခတ္တာနဲ့ သွားရင်ရော"

"ဪ. . . သမီးရယ်၊ သယ်ရပိုးရမှာတွေ ပါလို့ နေရောင်နဲ့ လွှတ်လိုက်တာပေါ့၊ ခတ္တာ စာရင်းတွေ လုပ်ရဦးမယ်လေ"

"ဟုတ်. . ဟုတ်ကဲ့"

"ကားတစ်စီး ယူသွား၊ သောင်းထူး ခေါ်မသွားနဲ့. . . ဘယ်သူ ရှိလဲ"

"ဦးသိန်းမြင့် ရှိတယ် ဘော့စ်"

"အေး. . အေး. . သွားကြ၊ ရော့. . သမီး ဒီမှာပိုက်ဆံ"

"ဟုတ်ကဲ့"

ဘော့စ်ပေးတဲ့ ပိုက်ဆံထုပ်ကို မိဆက်က ယူပြီး ရှေ့က ထွက်သွား ပါတယ်။ ကျွန်တော်က နောက်က လိုက်ခဲ့လိုက်တယ်။ မိဆက် အရင်ထွက် သွားတော့ ကျွန်တော် တံခါးကို မဖွင့်၊ ဘော့စ်ကို လှမ်းကြည့်တော့ ဘော့စ်



www.burmeseclassic.com

www.burmeseclassic.com



…ာ အသာလက်မထောင်ပြတယ်။ ကျွန်တော့်ရင်ထဲမှာ ကလိကလိနဲ့ပါပဲ။ …နိုင်မတုန်ပေမယ့် ရင်ခုန်သံတွေက ရင်ထဲမှာ ကလိကလိ ဖြစ်နေတာ …ချစ်လို့ ထင်ကောင်းထင်နိုင်ပါတယ်လေ။







ကားကို ဒုတိယထပ် ကားထားရာ ပါကင်မှာ ရပ်ပြီး နှစ်ယောက်သား ဆင်းတော့ ကျွန်တော် သူမမျက်နှာကို ကြည့်ပြီး. . .

"နင့်မျက်နှာက ဘာဖြစ်နေတာလဲ၊ ငါနဲ့ သွားရတာ ပျော်လို့လား"

စူပုတ်နေတဲ့ သူမမျက်နှာကို ကြည့်ရင်း ကျွန်တော် တမင်သက်သက် ပြောတော့ သူမက မျက်စောင်းထိုးရင်း. . .

"ပျော်လို့မဟုတ်ဘူးဟေ့"

"ဒါဆို ပြုံလို့လား"

"နေလောင်နော်. . . နင်နဲ့ မသွားချင်လို့ဟေ့"

"ဒါများ. . . ဘော့စ်ကို ပြောလိုက်ပေါ့"

"ရမလား. . . သူဌေးက ခိုင်းတာကို"

ဘော့စ် တမင်လုပ်တာများ သိရင် သူမ ဒေါသဖြစ်မှာ သေချာပါတယ်။ အရင်ဦးဆုံး ဖိနပ်ဆိုင်ကို တွေ့တာနဲ့ ဖိနပ်ဆိုင်ထဲ ဝင်လိုက်ကြတယ်။ ဖိနပ်တွေကို လျှောက်ကြည့်ရင်း ခပ်လှလှ ဖိနပ်တစ်ရံကို သူမ ကိုင်ကြည့်ရင်း. . .



www.burmeseclassic.com

www.burmeseclassic.com



"ဒီဖိနပ်ဆိုရင်ရော"

"နင့်သဘောလေ"

"ဘယ်လောက်ကျလဲ ညီမလေး"

ဆိုင်ဝန်ထမ်း ကောင်မလေးက တရိုတသေပင်. . .

"တစ်သိန်းနှစ်သောင်းကျတယ် အစ်မ"

"နည်းနည်းလျှော့ပါဦးလား"

"လျှော့လို့မရဘူး အစ်မ၊ ညီမလေးတို့ ဈေးပိုတင်မထားပါဘူး တခြားဆိုင်တွေမှာ ဈေးမေးကြည့်၊ များတယ်ထင်ရင် ပိုက်ဆံမပေးနဲ့"

မိဆက်က ပြုံးရင်း. . .

"ကဲ. . ကဲ. . မဆစ်တော့ပါဘူး"

မိဆက်က ပိုက်ဆံရေတွက်နေတော့ ဆိုင်ဝန်ထမ်း ကောင်မလေး က ဖိနပ်ကို ဘူးနဲ့ ထည့်ပေးတယ်။ စက္ကူဘူးကို ဆိုင်နာမည်ပါတဲ့အိတ်နဲ့ ထည့်ပေးပြီး မိဆက်ကို လှမ်းပေးကာ. . .

"ကြည့်ရတာ အစ်မတို့ မင်္ဂလာပွဲအတွက်လား အစ်မ"

"ဟာ. . မဟုတ်ပါဘူး"

သူမ မျက်နှာရဲသွားကာ ရှက်ကိုးရှက်ကန်းနဲ့ ပြောပြီး ဆိုင်ထဲက အမြန်ထွက်သွားတော့ ကျွန်တော်က ဆိုင်ဝန်ထမ်း ကောင်မလေးကို. . .

"အဲဒါသာကြည့်. . . သူက မင်္ဂလာဆောင်ခါနီးအထိ ရှက်နေတုန်း"

"အင်း. . . ညီမလည်း ထင်တော့ထင်သား"

"သွားမယ်နော် ညီမ"

"ဟုတ်ကဲ့. . . နောက်လည်း လာအားပေးဦးနော်"

ကျွန်တော်ခေါင်းညိတ်ပြုံးပြပြီး သူမနောက်ကို အမှီလိုက်ရပါ တယ်။ (အရသာရှိလိုက်တာ)

"ဖြည်းဖြည်းလျှောက်ပါဟာ မိဆက်ရယ်"

"နင်နော်. . . လူအထင်လွဲအောင် ငါ့နားမှာ ကပ်ကပ်မနေနဲ့"





သူမရဲ့စူပုတ်ပုတ်မျက်နှာနဲ့ စကားကြောင့်. . .

"သူတို့ ထင်လည်း ထင်ပါစေဟာ၊ အသားပုံပါသွားတာမှ မဟုတ် တာ"

"ဘာထင်ပါစေလဲ"

"ဟောဗျာ. . . အသားလွတ် ဒေါသဖြစ်နေတယ်"

နောက် တစ်ဆိုင်ပြီးတစ်ဆိုင် ဝင်ဝယ်ကြတယ်။

"ကဲ. . . နှစ်မျိုးပဲ ကျန်တော့တယ်၊ ကဲ. . . မယ်မင်းကြီးမ၊ ဒီဆိုင် တော့ ခင်ဗျားပဲ ဝင်တော့"

သူမက ကြောင်တောင်တောင်နဲ့ ကျွန်တော့်ကို မော့ကြည့်ပြီး. . .

"ဘာဆိုင်လဲ"

ကျွန်တော် ပြုံးစေ့စေ့နဲ့. . .

"ဘရာစီယာ"

"ဟာ. . ."

သူမကပဲ ရှက်နေသေးတယ်။ အဲလိုရောင်းတဲ့ဆိုင်ထဲကို ကျွန် တော် ဘယ်မျက်နှာနဲ့ ဝင်သွားရမှာလဲ။

"အို. . . မရပါဘူး၊ သူဌေးခိုင်းတာပဲ၊ နင်လည်းဝင်"

"နင် မညစ်နဲ့နော် မိဆက်"

သူမ တမင်ညစ်မှန်း ကျွန်တော်သိတယ်။

"ငါ ဘာညစ်လို့လဲ. . . လာပါ"

သူမ ကျွန်တော့်လက်ကို ဆွဲပြီး ဆိုင်ထဲ ဝင်သွားတော့ ဆိုင်ထဲက ကောင်မလေးတွေက ပြုံးစေ့ပြုံးစေ့နဲ့ ကျွန်တော့်ကို ကြည့်ကြတာပေါ့။

"ညီမလေး. . ဆိုဒ်နံပါတ်. . သုံးထည်လောက်"

ကျွန်တော် သူတို့ကို မကြည့်ဘဲ ဘရာစီယာတွေကိုလည်း ကြည့်လို့ မဖြစ်တာနဲ့ မျက်နှာကို အပေါက်ဝကို လွှဲထားလိုက်တယ်။

"နေရောင်. . . ဒီအရောင်ဆို ကောင်းလား"

"ဟာ. . "



www.burmeseclassic.com

www.burmeseclassic.com



အရေးထဲ ဒေါ်ရွှေမိဆက်က ကျွန်တော့်မျက်နှာနား လာပြတော့ ကောင်မလေးတွေဆီက ရယ်သံတွေ လွင့်လာတယ်။ ကျွန်တော်လည်း အမြင်ကတ်ကတ်နဲ့. . .

"အဲဒီအရောင်က နင့်မှာလည်း ရှိတာပဲ. . အား. ."

စကားတောင် မဆုံးလိုက်ရ။ ကျွန်တော် ဗိုက်ခေါက်လိမ်ဆွဲခံလိုက်ရပါတယ်။ ကြည့်. . . သူ့ကို စရင်တောင် မိဆက်တို့က မကြိုက်။ ဆိုင်က ထွက်လာတော့. . .

"နင်နော်. . . လူတွေ တစ်မျိုးထင်အောင် မပြောနဲ့လို့ ငါပြော ထားတဲ့ဟာကို. . . တော်တော်ယုတ်မာတဲ့ကောင်"

"သြော်. . . ဒေါ်ရွှေဆက်၊ ခင်ဗျား နောက်တာတော့ ကြိုက်တယ်၊ ကျုပ်နောက်ရင်တော့ မကြိုက်ဘူး၊ တော်တော်တရားပါလား"

ထုံးစံအတိုင်း မျက်စောင်းကြီးက ထိုးဝင်လာကာ. . .

"နင့်ကို အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကျရင် မျက်စောင်း ပစ်ပြိုင်ပွဲမှာ ဝင်ပြိုင်ခိုင်းရမယ်"

ဒီတစ်ခါတော့ ဩဘာပေးပါတယ်။ "မသာ" တဲ့. .။

"မိဆက်. . . နောက်ဆုံးတစ်ခုပဲ ကျန်တော့တယ်"

"ဘာလဲ"

"မွေးနေ့ဧည့်ခံပွဲဝတ်စုံ. . ဟို. . အင်္ကျီနဲ့ဂါဝန် တစ်ဆက်တည်း အဖြူရောင်တဲ့"

"ဆိုဒ်က ဘယ်အရွယ်လဲ"

"ဘော့စ်ပြောတာတော့ နင့်အရွယ်ပဲတဲ့"

မိဆက်က ဦးဆောင်ပြီး ခေါ်သွားပါတယ်။ ဆိုင်ထဲကို ဝင်လိုက်တော့ အဲဒီဆိုင်က မင်္ဂလာခန်းဝင်ပစ္စည်း ရောင်းတဲ့ဆိုင်။ ကျွန်တော် ဖြန့်ခင်းထားတဲ့ နှစ်ယောက်အိပ်ကုတင်နဲ့ အိစက်စက် မွေ့ယာကြီးကို ကြည့်ရင်း. . .

"နင် အဲဒီမွေ့ယာနဲ့ မအိပ်ချင်ဘူးလား"





မိဆက်ဆီက နားဝင်ချိုစရာကောင်းတဲ့ စကားသံက. . .

"သေလိုက်ပါလား" တဲ့။

သူမက ဆောင့်ဆောင့်အောင့်အောင့်နဲ့ ရှေ့က ထွက်သွား၊ ကျွန်တော်က ကောက်ကောက်ပါအောင် နောက်က လိုက်။ ပျော်စရာတော့ အကောင်းသား။

"ဘာအလိုရှိပါသလဲရှင်"

မိဆက်က ဧည့်ခံပွဲဝတ်စုံလို့ ပြောတော့. . .

"ဘယ်အရွယ်လဲ ညီမ"

"ကျွန်မအရွယ်ဝတ် အစ်မ"

အစ်မကြီးက ဟိုဆိုင်က ကောင်မလေးလို တစ်မျိုးထင်ပုံရတယ်။ အင်း. . . ကျွန်တော်ကလည်း ကြည့်ကောင်းတာကိုး။

"ဧည့်ခံပွဲဆိုတော့ ဒင်နာအတွက်လား ညီမ"

မိဆက်ကလည်း ပြီးပြီးရောသဘောနဲ့. . .

"ဟုတ်ကဲ့ အစ်မ"

"သြော်. . . ညီမတို့ဧည့်ခံပွဲအတွက် ထင်တယ်"

အရေးထဲ လျှာရှည်နေတဲ့ ဈေးသည်ကြောင့် ကျွန်တော် တစ်ဖက် လှည့်ပြီး ရယ်ရတယ်။ မိဆက်ကတော့ ဘယ်လိုမျက်နှာဖြစ်လဲမသိ။ ဂါဝန် ဝယ်ပြီး ပြန်ထွက်တော့. . .

"တောက်. . . ဈေးရောင်းမယ့်ဟာ မရောင်းဘူး၊ လျှာက ရှည်နေ သေးတယ်"

"သြော်. . ပြောပါစေတော့. . . အသားပဲ့. ."

"နေ. . ရောင်. ."

"ခင်ညာ. ."

သူမဒေါသအသံကြောင့် ကျွန်တော် အသံတိတ်ပေးလိုက်ရပါ တယ်။ ကားဝန်းထဲ ဝင်တော့ ကားနားမှာ ရပ်နေတဲ့ ဦးသိန်းမြင့်က အပြေး လာပြီး ဝိုင်းသယ်ပေးရင်း. . .



www.burmeseclassic.com

www.burmeseclassic.com



"လိုက်လည်းလိုက်တဲ့အတွဲကွာ. . . မောင်တစ်ထုပ် မယ်တစ်ထုပ် ဆိုတာ ဒါမျိုးပေါ့"

"ဦးလေးနော်. . . လူက ဒေါသဖြစ်လာတာ"

ဦးသိန်းမြင့်က ရယ်ရင်း. . .

"ဘာဖြစ်လို့လဲ"

ကျွန်တော်ကလည်း လျှာရှည်ပါတယ်။

"ဟိုလေ. . လူတွေက ကျွန်တော်နဲ့သူ့ကို. . "

"နေ. . ရောင်. . နင် ရှင်းပြမနေနဲ့"

"ဟုတ်ကဲ့"

ဦးသိန်းမြင့်က ကျွန်တော်တို့ကို ကြည့်ပြီး သဘောကျနေတာ ဝါးစပ်ကြီး ပိတ်ပြီး တခွိခွိနဲ့. . .။







ကျွမ်ဂါထဲ အထုပ်တွေ ဆွဲလာတာ မြင်တော့ ကိုညီမွေးတို့ မမိတို့ ခတ္တာတို့က ဝိုင်းသယ်ပေးပါတယ်။ ခတ္တာက. . .

"ရှော့ပင်းထွက်တဲ့စုံတွဲတောင် ပြန်လာပြီ၊ ပျော်လား မိဆက်၊ အား. . . နာလိုက်တာဟယ်"

မိဆက်က ခတ္တာကို ဆွဲဆိတ်တော့ ခတ္တာက အထုပ်တွေ သယ်ရင်း မျက်နှာရှုံ့မဲ့မဲ့နဲ့ ပြောပါတယ်။

"ဘော့စ် အပြင်သွားတယ်တဲ့၊ မမိုးတို့စားပွဲပေါ် တင်ထားလိုက်"

"ထမင်း ဒီမှာပဲ စားတော့၊ နင့်ထမင်းဗူးက ငါ့ဆီမှာ"

မမစကားကြောင့် ကျွန်တော်က. . .

"မိဆက်နဲ့ အတူစားမယ်လေ"

"နေရောင်နော်. . . နင် မမိုးရှိနေလို့ ကံကောင်းတယ်မှတ်"

ကျွန်တော် မမစားပွဲမှာပဲ ရေသောက်ပြီး ထမင်းဗူး ဖွင့်စားလိုက်တယ်။ မမိတို့ မိန်းကလေးအုပ်စုက အထုပ်တွေကို ဖွင့်ကြည့်ရင်း ကျွတ်စီ ကျွတ်စီနဲ့ စပ်စုနေကြလေရဲ့။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့. . . ဒီပစ္စည်းက နင်ကိုယ်တိုင်ဝယ်တာလား နေရောင်"

ကျွန်တော် လှမ်းကြည့်တော့. . .

"ဘာရာစီယာ"

"အေး. . "

ခတ္တာ ပြုံးစေ့စေ့နဲ့. . .

"နင် ဘယ်လိုပြောပြီး ဝယ်လဲ"

"နေရောင်. . "

ကျွန်တော် ရှင်းပြခွင့်ပင် မရလိုက်။ ဒေါ်ရွှေဆက်အော်သံက ထွက်တော့ပိတ်။

"ငါဘာပြောလို့လဲဟ"

"နင် မပြောနဲ့နော်"

"သူတို့လည်း သိချင်ရှာမှာပဲဟာ"

မိဆက်,လက်က မြန်တယ် သွက်တယ်။ ဘောပင်နဲ့ ကျွန်တော့်ကို ထောက်ပေါက်တာကို ကျွန်တော် ရှောင်လိုက်တော့ ကိုညီမွှေးခေါင်းကို သွားမှန်ပါတော့တယ်။

"အောင်မလေးဟ"

"ဟာ. . ကန်တော့. . ကန်တော့. . ကိုညီမွှေး၊ မိဆက် ဒီကောင့်ကို ပစ်တာ"

ကျွန်တော် ပလုတ်ပလောင်းနဲ့ သူမ ထမင်းစားနေရာ စားပွဲကို လျှောက်လာရင်း. . .

"မှန်း. . . ဘာဟင်းလဲ၊ ဟာ. . . ကြက်သားဟင်း"

ကျွန်တော် ပြောလည်းပြော၊ ဇွန်းနဲ့ ကြက်သားတုံးတစ်တုံးကို ယူတော့ မမက အားနာဟန်နဲ့. . .

"ဟဲ့. . . မိဆက် လောက်လားမသိ မလောက်လားမသိနဲ့"

"ပြောမနေနဲ့ မမိုးရေ၊ သူ မစားလည်း ခွေးကျွေးရမှာ"

မိဆက်စကားကြောင့် ကျွန်တော်က သူရကို. . .





"သူရ. . အူပြလိုက်စမ်း"

"ခွေးကောင်. . . ငါက မင်းတို့ကြားမှာ ဘာလို့ အူရမှာလဲ"

"မင်းပဲ မနက်ကတည်းက အူနေတယ်ဆို"

"ဟေ့ကောင်. . . အဲဒါ နားအူတာကွ"

ကိုမြင့်စိုးက ဖိုင်ထဲက စာရွက်တွေ ညှပ်ထည့်ရင်း. . .

"တစ်ချို့တွေများ မကြိုက်ဘူး မကြိုက်ဘူးနဲ့ ကြက်သားဟင်းလေး ကျွေးရတာနဲ့"

မိဆက်က ကိုမြင့်စိုးကို မိုက်ကြည့်. . ကြည့်ရင်း. . .

"အဲဒါ ဘယ်သူ့ကို ပြောတာလဲ"

"ဟ. . ငါ နင့်ကို ပြောလို့လား၊ ခတ္တာကို ပြောတာ"

ပြောပြီး တခွီးခွီး ရယ်တော့ သူမ မျက်စောင်းထိုးရင်း. . .

"တစ်နေ့တစ်နေ့ လူကို စဖို့ပဲ စဉ်းစားနေတာ၊ ဘော့စ်နဲ့ တိုင်ပြောမယ်"

"ပြောပေါ့"

"ဟော. . ဘော့စ် လာပြီ"

ဘော့စ်က သူတို့ကို မြင်တော့. . .

"ဟာ. . . မင်းတို့ကို အပြင်မှာ ကြိုက်တာဝယ်စားလို့ ပြောဖို့ မေ့သွားတယ်ကွ၊ ပစ္စည်းတွေ စုံရဲ့လား"

"ရက်စ်. . ဘော့စ်"

"အေး. . အေး. . နိုင်ထူး. . ကိုသောင်းထူးကို ငါ့ကားထဲ သူတို့ ဝယ်လာတဲ့ပစ္စည်းတွေ ထည့်ထားလို့ ပြောလိုက်"

"ဟုတ်ကဲ့ ဘော့စ်"

ဘော့စ်က အနီးဆုံးရှိ ကိုညီမွှေးကို အိတ်ကြီးတစ်အိတ် လှမ်းပေး ရင်း. . .

"ကုမ္ပဏီမှာ ရှိတဲ့ ဝန်ထမ်းအားလုံးကို ပေးထားလိုက်"

"ဘာတွေလဲ ဘော့စ်"



www.burmeseclassic.com

www.burmeseclassic.com



ဘော့စ်က သူ့မူပိုင်အပြုံးကြီးနဲ့. . .

"မင်္ဂလာဖိတ်စာ"

"ဟေး"

"ဖြောင်း. . . ဖြောင်း. . . ဖြောင်း"

အားလုံးလက်ခုပ်တီးကြပါတယ်။







"ဟာ. . . မလုပ်ချင်လို့ ရမလားဟ"

သူမ ငြင်းတော့ အန်တီချယ်ရီကလည်း ပြုံးစေ့စေ့နဲ့. . .

"လုပ်လိုက်ပါ သမီးရယ်၊ အန်တီတို့ စိတ်မကောင်းအောင် မလုပ်ပါနဲ့၊ ပြီးတော့ မင်းအန်ကယ်က အယူသီးတယ်၊ သူ့မင်္ဂလာပွဲမှာ သူစီစဉ်ထားတဲ့အတိုင်း မလွဲချော်ချင်ဘူးတဲ့. . . နေရောင်ကရော"

နေရောင်က ပြုံးစေ့စေ့နဲ့. . .

"ကျွန်တော့်ဘက်ကတော့ အိုကေပဲ"

ဒီနေ့ညနေ သူတို့ကုမ္ပဏီတစ်ခုလုံးကို အန်တီချယ်ရီ ဆိုင်တစ်ဆိုင်မှာ ထမင်းကျွေးရင်း သူမနဲ့နေရောင်ကို သတို့သား သတို့သမီးအရံ လုပ်ခိုင်းဖို့ ပြောနေခြင်းပါ။

နိုင်ထူးက တဟိဟိ။

ဒီအကြံ သူ့အကြံလေ။

ဘော့စ်နဲ့ ပေါင်းပြီး စီစဉ်လိုက်တာပေါ့။

"ခတ္တာတို့ ဆွေဆွေတို့ ရှိနေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဆွေဆွေက ခတ္တာကို တံတောင်နဲ့ တွက်ရင်း. . .

"ဟော့. . . ငါတို့က နင့်လို မလှဘူးလေ၊ နင်မို့လို့ဟယ်. . . အန်တီချယ်ရီ ကုန်ကျစရိတ် ဖရီး ဒကာခံမှာကို"

နောက်ဆုံးတော့လည်း သူမ လက်လျှော့လိုက်ရပါတယ်။ သူမ မကျေမနပ်နဲ့ နေရောင်ကို မျက်စောင်းထိုးတော့. . .

"ဟော့. . ဟော့. . ငါနဲ့ မဆိုင်ဘူးနော်၊ ဘော့စ်ကိုပြော"

ဘော့စ်နဲ့အန်တီချယ်ရီက တဟားဟား ရယ်ရင်းနဲ့က. . .

"ဒါဆိုရင် မနက်ဖြန် နေရောင်နဲ့မိဆက်ကို ကိုစိုးကားနဲ့ ခေါ်ခဲ့လေ"

သူမတို့နှစ်ယောက် ဘော့စ်ကို ကြည့်တော့. . .

"မင်းတို့ ဝတ်မယ့်အဝတ်အစားတွေ ဖိနပ်တွေ ဝယ်ရ ချုပ်ရမယ်လေ"

"ဟာ. . . ပွတာပဲ"

ကိုမင်းထွဋ်က တိုးတိုးကပ်ပြောတယ်။

"ဟော့ကောင်လေး. . . မင်္ဂလာပွဲပြီးတာနဲ့ အဖြေရပါစေနော်၊ အားလုံးက အစွမ်းကုန် ကူညီပေးထားတာ၊ ဟိုကောင် သူရတောင် ခတ္တာဆီက အဖြေရနေပြီ"

"ဟိုက်. . . တယ်လျင်ပါလား"

ဒီဘက်က သူ့နားမှာ ထိုင်နေတဲ့ သူရက ကိုညီမြွေးတို့ကို မေးဆတ်ရင်း. . .

"ဒါ ငါ့ရဲ့နည်းစနစ် ဒါရိုက်တာ ကောင်းလို့ပေါ့ကွ"

"ဩော်. . . မင်းက ငါ့ကို စောင်းပြောတာပေါ့"

ကိုမင်းထွဋ်က ပြုံးရင်း သူရကို လှမ်းပြောတော့. . .

"စောင်းမပြောဘူး. . . ဘေးတိုက်ပြောတာပါ"

ကျွန်တော် ပြုံးစေ့စေ့နဲ့ မိဆက်ကို လှမ်းကြည့်မိတယ်။ ကမ္ဘာဦးအစက အချစ်ဆိုတာ ပန်းသီးတစ်လုံးလို့ တင်စားရင် ကျွန်တော် ခူးဖို့





ကြံရွယ်တဲ့သစ်သီးက. . . မိဆက်ပဲဆိုတာ သေချာပါတယ်။ ဘယ်တော့မှ ပြုံးမပြတဲ့ မိဆက်ရယ်. . . တစ်လုံးစ နှစ်လုံးစ ကံကို ကျီစယ်ဖို့ ပြုံးပြသင့်ပါတယ်။





www.burmeseclassic.com

www.burmeseclassic.com



"**တတ်**စမ်းပါကွာ"

ဘော့စ်က ကျွန်တော်နဲ့မိဆတ်အတွက် ခပ်ပါးပါး ရွှေလက်စွပ်တစ်ယောက်တစ်ကွင်းစီ ဝယ်ပေးတော့ အန်တီချယ်ရီက. . .

"မင်းတို့ ကူညီလို့ ဝယ်ပေးတာ၊ အားမနာနဲ့ မိဆက်. . . ကြိုက်တာရွေး"

ငြင်းလို့မရမှန်း သိတာကြောင့် ခပ်ပါးပါး မောင်းကွင်းလေး တစ်ကွင်း ရွေးလိုက်ပြီး ကောင်တာက အစ်မကြီးကို ပေးလိုက်ပါတယ်။ ဒီကြားထဲ ရယ်စရာက တောင်ရှည်ပုဆိုးနဲ့ ချိတ်ထမီဆိုင်က ဆိုင်ရှင်အစ်မကြီးတွေက ကျွန်တော်နဲ့မိဆက်ကို သတို့သမီး သတို့သား ထင်ပြီး ဘော့စ်နဲ့အန်တီချယ်ရီကို ကျွန်တော်တို့မိဘတွေ ထင်နေတာကြောင့်. . .

"ကျုပ်တို့က အဲဒီလောက်တောင် အိုစာနေလို့လားဗျာ"

ဘော့စ်က မျက်နှာရှုံ့မဲ့ပြီး ပြောတော့ ဆိုင်ရှင်အစ်မကြီးက တမန်းကတန်းနဲ့. . .

"အို. . . ဘယ်က အိုရမှာလဲ၊ မင်းသားကြီး မင်းသမီးကြီးတွေ





ကျနေတာပဲ"

"ဘာလဲ. . . ဗေလုဝနဲ့ ပွင့်နဲ့လား"

ဘော့စ်စကားကြောင့် ဆိုင်ထဲမှာ ရယ်သံတွေ လွှမ်းသွားပါတယ်။ အန်တီချယ်ရီက မိဆက်နဲ့ကျွန်တော့်ကို တပြုံးပြုံးနဲ့ ကြည့်ရင်း. . .

"မင်းတို့တော့ မင်္ဂလာပွဲကျရင် မျက်နှာပွင့်မှာ အသေအချာပဲ"

"ဟုတ်ပါ့ကွာ"

အားလုံးပြီးစီးတော့ ဘော့စ်က တစ်ခုခု လိုက်ကျွေးပါတယ်။

"ကဲ. . . မင်းတို့ ရုံးမတက်နဲ့တော့၊ အန်ကယ်လိုက်ပို့ပေးမယ်"

ကျွန်တော်လည်း လိုက်ပို့ရမှာ အားနာတာကြောင့်. . .

"လိုက်မပို့နဲ့တော့ ဘော့စ်၊ ကျွန်တော်တို့ ဒီကပဲ ပြန်တော့မယ်"

မိဆက်ကလည်း ရိပ်မိတာကြောင့်. . .

"သမီးတို့ ဒီကပဲ ကားငှားသွားလိုက်မယ်"

"ကားခယူသွားလေ"

"ဟာ. . . နေပါစေ"

အပြင်ရောက်တော့. . .

"နင်ကလည်း. . . ဘော့စ်က ကားခပေးတာကို ယူလိုက်တာ မဟုတ်ဘူး"

မိဆက်က အရေးထဲ ကပ်စေးနည်းနေပါသေးတယ်။

"ဟဲ့. . . ကောင်းမလားဟ၊ လက်စွပ်တွေရော အဝတ်အစားတွေရော ဝယ်ပေးထားတာ"

"အေးနော်. . . ဟုတ်သားပဲ"

နောက်ဆုံးတော့ ကျွန်တော်ပဲ ကားခရှင်းပေးလိုက်ရပါတယ်။





www.burmeseclassic.com

www.burmeseclassic.com



မေမေက ဘော့စ်ရဲ့ဖိတ်စာကို ကြည့်ရင်း. . .

"ဟယ်. . . လှလိုက်တာဟယ်၊ ဖိတ်စာဖိုးတင် တော်တော်ကုန်မှာ
နော် ဖေကြီး"

"အေးပေါ့ကွာ. . . သည်းခံ ငါ့မိန်းမ၊ မင်းတို့သားသမီးတွေကျရင်
လည်း ကုန်ဖို့ စဉ်းစားထား"

"ကျွန်တော့်ကို မိန်းမပေးစားမလို့လား ဖေဖေ"

ဦးနေဦး ဒီကောင့်ကိုတော့ လုံးဝကြည့်မရ။

"ရာကျွေးတာဖြင့် လပိုင်းပဲ ရှိသေးတယ်၊ မိန်းမကျ လိုချင်နေပြီ"

"ဩော်. . . ဖေဖေရယ်၊ သီးချိန်တန်သီး. . ခူးချိန်တန် ခူးရတယ်
လေ"

မေမေက ကျွန်တော့်စကားကြောင့် ရယ်ရင်း. . .

"မဟုတ်ဘူး သားလေးရဲ့၊ ကိုတင်မောင်တို့ဘက်က သူ့သားကို
မမေတို့သမီးကြီးနဲ့ အမြန်ဆုံး စီစဉ်ချင်နေပြီ"

မမက ဆွယ်တာထိုးနေရာမှ ဆတ်ခနဲ ကျွန်တော့်ကို ကြည့်တော့





ကျွန်တော်က ဘာမှမပြောရန် မျက်ရိပ်ပြလိုက်ပါတယ်။ မမ ခေါင်းငုံ့သွား
တယ်။

"အဲဒီတင်မောင်ကိုနဲ့ ကိုဝင်းက. . "

"ဟော့ကောင်. . . တင်မောင်ကိုကိုဝင်းကွ"

ဖေဖေစကားကြောင့် ကျွန်တော်က မျက်နှာရှုံ့မဲ့ရင်း. . .

"ကျောင်းခေါ်ချိန်မှာတော့ ဆရာမ အတော်မောမယ့်နာမည်ပဲ၊
ထားပါတော့ ဖေဖေရာ၊ ဖေဖေ့သားမက် မျက်နှာဆယ်ပြားစေ့နဲ့ ကောင်ကို
များ ဖေဖေတို့မို့ သမက်တော်ချင်တယ်၊ ကိုယ့်သမီးက ကြိုက်လား မကြိုက်
လား မမေးဘူး"

"ဟ. . . ငါစီစဉ်တာမှ မဟုတ်တာ၊ မင်းအမေ စီစဉ်တာကွ၊ ပြီး
တော့ စီးပွားရေးအရလည်း ပတ်သက်နေတော့. . . "

"ဖေဖေတို့ရဲ့အတွေးတွေက သံချေးတက်နေပါပြီ ဖေဖေရာ၊
လူနှစ်ယောက်ရဲ့နှလုံးသားကို ကြက်အသည်းအမြစ်တွေလို တစ်တွဲ
ဘယ်ဈေးလဲ မေးဝယ်နေသလိုပဲ"

"ခွေးမသား. . . ငါထလုပ်လိုက်ရရင် သေတော့မယ်"

ကျွန်တော်လည်း တစ်ချိုးတည်း လစ်ပြေးပါတော့တယ်။ ဖေဖေတို့
အပြင်သွားတော့မှ မမက မျက်နှာငယ်လေးနဲ့. . .

"ဘယ်လိုလုပ်မလဲ မောင်လေး"

ကျွန်တော်လည်း ခပ်ပေါ့ပေါ့လေသံနဲ့. . .

"ယူလိုက်လေ"

မမက အကြောက်အကန် ငြင်းပါတော့တယ်။

"ဟာ. . . အဲဒီအဆီပြန်နေတဲ့မျက်နှာနဲ့ကောင်ကို ငါ မယူနိုင်ပါ
ဘူး၊ သူ့မျက်နှာကို ကြည့်ကြည့်ပြီး ဝက်သားတောင် ငါမစားရဲတော့ဘူး
ဟ. . . အော့"

ကျွန်တော် မမစကားကို သဘောကျစွာ ရယ်ရင်း. . .

"သူ့ကို ယူခိုင်းတာ မဟုတ်ဘူး၊ ကိုမင်းထွဋ်ကို ယူခိုင်းတာ"



www.burmeseclassic.com

www.burmeseclassic.com



"သူက ငါ့ကို ယူပါ့မလား"

အရေးထဲ မမက ခပ်အအ။

"ဟာ. . . သမီးရည်းစားတွေပဲ၊ မယူရင် ခိုးပြေးဗျာ"

"ငါက ခိုးပြေးပြီး ဘယ်မှာ သွားထားရမှာလဲ"

အဲဒီလောက်ထိ အ,တဲ့ မမကြောင့် ကျွန်တော်ပါ အူတူတူ ဖြစ်ချင်လာသလိုလို. . . (ဝဲကူးသလို ကူးရင် ပြောပါတယ်)

"ကဲ. . . ဒီကိစ္စတွေကို ကျွန်တော်နဲ့ ကိုမင်းထွဋ်ရှ် စီစဉ်မယ်၊ အခု အဲဒီကိစ္စက အရေးမကြီးသေးပါဘူး၊ မေမေတို့ ပြောတဲ့အတိုင်း အသာငြိမ်နေလိုက်"

"မင်္ဂလာဆောင်ပြီးတဲ့အထိလား"

ကျွန်တော် စိတ်မရှည်တော့။

"ဟုတ်တယ်ဗျာ"

"ဟဲ့. . . ကောင်းပါ့မလား၊ ကိုမင်းကို အားနာစရာ"

"ကဲ. . . တော်ပါတော့ မမရယ်၊ ဘော့စ်တို့မင်္ဂလာပွဲ ပြီးမှ စီစဉ်ကြတာပေါ့"

"နင် ကောင်းသလိုသာ စီစဉ်ပါဟယ်"







"ဟာ. . . ဒါဆို ဒုက္ခပဲ"

ကိုမင်းထွဋ်ရှ်ကို ပြောပြတော့ ကိုမင်းထွဋ်ရှ်က ခေါင်းကုတ်ရင်းညည်းပါလေရော။ မျိုးဇော်က လက်ဖက်ရည်တစ်ငုံ သောက်ပြီး. . .

"မင်းအဖေကလည်းကွာ. . . မမိုးပြောသလို ဒီလောက် မျက်နှာအဆီပြန်နေတဲ့လူကို ဘာကြည့်ကြိုက်နေလဲ မသိဘူး"

ကျွန်တော်က မျိုးဇော်စကားကြောင့်. . .

"ငါ့အဖေ ကြိုက်တာမဟုတ်ဘူးကွ. . . ငါ့အမေ"

"အမ်. . . မင်းအမေက ဒီကောင့်ကို ကြိုက်နေတာ"

တိုးကြီးကလည်း အလန့်တကြား ထကြောင်တယ်။

"ဟေ့ကောင်တွေ. . . ပေါက်ကရတွေ ပြောဖို့ မစဉ်းစားနဲ့ ငွေရေးကြေးရေးအရ ပတ်သက်နေလို့ ပေးစားတာ ပြောတာ"

"မင်းအမေကလည်း အမိပ္ပါယ်မရှိလိုက်တာ"

"အေးလေ"

ကျွန်တော့်လည်း သက်ပြင်းချရင်း. . .



www.burmeseclassic.com

www.burmeseclassic.com



"ငါလည်း ငါ့ကိစ္စကို မစဉ်းစားအားဘူး၊ ကိုမင်းထွဋ်နဲ့ မမတို့ အရေးပဲ စဉ်းစားနေရတယ်"

"ကူညီကောင်းပါတယ် ယောက်ဖရာ"

"အင်းပါ. . . မကူညီဘူး ပြောနေလို့လား"

"ဟဲ. . ဟဲ. . အဲဒါလေးတွေကြောင့် မင်းကို ချစ်နေရတာ"

ကျွန်တော် ရှုံ့မဲ့မဲ့နဲ့. . .

"ခင်ဗျားတော့ မချစ်ပါနဲ့ဗျာ၊ ခင်ဗျားညီမ ကျုပ်ကို ချစ်ဖို့ပဲ အရေးကြီးတာ"

"ချစ်မှာပဲ. . . မေတ္တာတရားဆိုတာ အဝင်အထွက် ရှိပါတယ်"

"အသွားအပြန်ပါဗျာ"

"ထားပါတော့ကွာ"

"ထားပါတယ်ဗျာ"

အဲဒီအချိန်မှာပဲ တိုးကြီးက ကျွန်တော့်ကို ကြားဖြတ်မေးတယ်။

"ဟော့ကောင်. . . ဟိုညီအစ်ကိုလည်း ကိုသန်းခင် ဖမ်းပြီးကတည်းက တွေ့ကိုမတွေ့တော့ဘူး"

မျိုးဇော် တိုးကြီးစကားကြောင့် ခေါင်းတညိတ်ညိတ်နဲ့. . .

"ဟုတ်ပ့ါ. . . ဆရာဒေဝဒတ်ရဲ့တပည့်တွေ မတွေ့တာ အတော်ကြာပြီကွ"

"လေးဝွသားတွေ"

ကျွန်တော် ဆဲတော့. . .

"ကိုတင်သန်းပဲ မင်းကို ဒီဘွဲ့ပေးတာပဲဟာ"

ကျွန်တော်လည်း သတိထားမိတာ အတော်ကြာပါပြီ။ ဒီနှစ်ယောက်ကို မတွေ့တာ ကြာပြီလို့။







"**ဟယ်**. . . ကိုရဲ"

ရုတ်တရက် ကားမှတ်တိုင်မှာ တွေ့လိုက်ရတာကြောင့် မိဆက် ပျော်သွားတာ အမှန်ပါ။

"ဟ. . . မိဆက်. . ဘယ်လဲ"

ကိုရဲဆိုတာ တက္ကသိုလ်မှာကတည်းက လေးနှစ်လုံးလုံး ပြောမနာဆိုမနာ သူငယ်ချင်းတွေပါ။ သူမ မသိမသာ လှမ်းကြည့်တော့ ခပ်လှမ်းလှမ်းမှာ နေရောင် မျက်နှာရှစ်ခေါက်ချိုးနဲ့ ကြည့်နေတာ သူမ တွေ့လိုက်ရတယ်။

"ငါတို့အိမ်က ဒီနားမှာလေ၊ ငါ ကုမ္ပဏီမှာ အလုပ်ဝင်နေတာ"

"ဘယ်ကုမ္ပဏီလဲ"

ကျွန်မပြောပြတော့ ကိုရဲက မှတ်စုစာအုပ်နဲ့ ရေးမှတ်နေပြီး. . .

"ဟဲ့. . . ဖုန်းဆက်ဦးလေဟာ"

"အေးပါ. . . ဖုန်းနံပါတ် ပေးလေ"

ကျွန်မက ကိုရဲလက်မောင်းကို ကိုင်ထားရင်း ဖုန်းနံပါတ်ကို ပြော



www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ်။

"ခဏာ"

ကိုရဲက ကျွန်မနှာခေါင်းဖျားက အမှုန့်ကို ပွတ်ဖယ်ရှားပေးတော့ စိတ်ထဲမှာ ကြိတ်ပျော်သွားတယ်။ အခုချိန်လောက်ဆို နေရောင် မခံချိမခံသာ ဖြစ်မှာ သိပ်ကို သေချာတယ်လေ။

"တော်ကြာ နင့်ရည်းစား တွေ့သွားလို့ ငါပါ ပြေးပေါက်မှားနေဦးမယ် မိဆက်"

ကိုရဲက ပခုံးတွန့်ရင်း ပြောတော့ သူမက. . .

"အောင်မာ. . . ငါက အခုထိ သန့်သန့်လေးပဲ၊ ဘာအတွဲမှ မရှိဘူး"

"ဩော်. . . ငါ့ကို စောင့်နေတာပေါ့"

"အေးပါ. . . နင့်ကို ငြိမ်းငြိမ်းနဲ့ တိုင်ကိုပြောမှာ"

"မလုပ်ပါနဲ့ဟာ. . . ငါ့မှာ ဒီရည်းစားလေးတစ်ယောက်ပဲ ခြစ်ခြစ်ချုပ်ချုပ် စုထားရတာ၊ ကဲ. . . သွားမယ်၊ ပိတ်ရက်မှ ဟိုကောင်တွေကို ခေါ်ပြီး နင့်အိမ်လာခဲ့မယ်"

"ကြိုဖုန်းဆက်. . ပုန်းနေရအောင်"

"ခွေးမ. . သွားပြီ"

ကျွန်မ ကိုရဲကို လက်ပြပြီး ထွက်လာခဲ့ပါတယ်။ ဘတ်စ်ကားပေါ်က ဆင်းတော့ အတူတူပါ။ ကျွန်မ ကိုရဲနဲ့ စကားပြောနေတော့ နေရောင် ခပ်လှမ်းလှမ်းမှာ သွားစောင့်နေပါတယ်။ ပြီးတော့မှ. . .

"အဲဒီကောင်က ဘယ်သူလဲ"

မာဆတ်ဆတ်နဲ့ နေရောင်က မေးတော့ သူမ ရယ်ချင်နေသေမယ့် ခပ်တည်တည်နဲ့. . .

"ဘယ်သူ့ကို ပြောတာလဲ"

"နင့်နှာခေါင်းကို ဆွဲညှစ်တဲ့လူလေ"

"ဘယ်သူဖြစ်ဖြစ် နင့်အပူပါလား"





ကျွန်မရဲ့တုံ့ပြန်သံစကားကြောင့် နေရောင် မျက်နှာငယ်လေးနဲ့. .

"မဟုတ်ပါဘူးဟာ. . . သိချင်လို့"

ဒီတစ်ခါတော့ ထူးထူးဆန်းဆန်း ကျွန်မစိတ်ထဲ နေရောင်နဲ့ ပတ်သက်ပြီး သနားစိတ်ကလေး ဝင်လာသလိုလိုပါ။

"တက္ကသိုလ်တုန်းက သူငယ်ချင်း. . . ပြောမနာဆိုမနာပါဟာ"

ကျွန်မစကားကြောင့် ဒီကောင် နဂိုစပ်ဖြဲဖြဲမျက်နှာ ပြန်ဖြစ်လာပြီး

"တော်သေးတာပေါ့ဟာ. . . ငါခူးဖို့ကြံထားတဲ့သစ်သီး လူများသုတ်သွားတယ် အောင့်မေ့လို့"

"အောင်မယ်. . . ပြောစမ်း ဘာအဓိပ္ပါယ်လဲ"

"အား. . . နာတယ်ဟ"

ကျွန်မ ဒီကောင့်ခါးကို ခပ်နာနာလေး လိမ်ဆွဲပေးလိုက်တယ်။

"ဒီလိုဟ. . . ကမ္ဘာဦးအစောပိုင်းကတည်းက အချစ်ဆိုတာကို ပန်းသီးနဲ့ တင်စားကြတယ်လေ"

"ဘာကို တင်ထားတာ"

ခပ်တည်တည်နဲ့ နောက်တော့ ဒီကောင်က မျက်လုံးပြူးပြူးရင်း. .

"တင်စားတာ ပြောတာ၊ အဲဒီတော့ အချစ်ဆိုတာ ပန်းသီးတစ်လုံးလို့ တင်စားရင် ငါခူးဖို့ကြံရွယ်ထားတဲ့ ပန်းသီးလေးက နင်လေ"

"နေရောင်နော်. . . သနားလို့ နင့်ကို အရောဝင်တာကို ရည်းစားစကားပြောဖို့မကြံနဲ့"

"ငါ ရည်းစားစကား ပြောတာမှ မဟုတ်တာ"

"ဒါဆို အခုပြောတာ ဘာလဲ"

"ငါခူးမယ်လို့ ပြောတာလေ"

"ကလိမ်ကကျစ်"

"ငါ တကယ်ပြောတာဟ၊ ငါခူးပါရစေ မိဆက်ရယ်"

"ခူးချင်ရင်တော့ ဟိုမှာ အုန်းပင်ရှိတယ်၊ အုန်းသီးတက်ခူး ကဲ. . . သွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



အိမ်နားရောက်နေပြီလို့ နေရောင်ကို နှုတ်ဆက်ပြီး အိမ်ထဲ ဝင်လာခဲ့လိုက်တယ်။ အိမ်ဝရောက်တော့ မေမေက. . .

"ဟဲ့. . . လက်ထဲကအထုပ်က ဘာလဲ"

"ပန်းသီး. . မဟုတ်ပါဘူး. . ဟို. . ကော်ပြန့်လိပ်"

နေရောင်. . နင်တော့နော်. . တော်တော်ဒုက္ခပေးတဲ့ဟာလေး။







"အင်း. . . ဒီလောက်ဆို အခြေအနေ တိုးတက်လာတယ်လို့ ပြောရမှာပဲ"

ကျွန်တော်ရဲ့အခြေအနေကို ကိုမင်းထွဋ်က အခုလို သုံးသပ်ပါတယ်။

"တိုးတက်လာတာ မဟုတ်ဘူး ကိုမင်းထွဋ်"

"ပြောပါဦး တိုးကြီး"

"အေးအေးဆေးဆေး တက်လို့ရတာ ခရီးသည် ပါးချိန်ဆိုတော့"

ကျွန်တော် တိုးကြီးရဲ့စကားကြောင့် လက်ကျန်ရေခွေးနည်းနည်းနဲ့ လှမ်းပက်လိုက်တယ်။

"သကြိန်မကျသေးပါဘူး နေရောင်ရယ်"

ကိုမင်းထွဋ်က ကျွန်တော်တို့ကို ကြည့်ပြီး. . .

"မင်းတို့တွေ တကယ့်ဗရုတ်သုတ်ခတွေပဲ. . တကယ်၊ ဒါနဲ့ မင်း အိမ်က အခြေအနေ ဘာထူးလဲ"

"ဟား. . . အခြေအနေကောင်းလာပြီ ကိုမင်းထွဋ်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်စကားကြောင့် ကိုမင်းထွဋ်မျက်နှာကြီး အပြုံးတွေ ဒလဟောနဲ့. . .

"ဘယ်လိုထူးတာလဲ"

"အမြန်ဆုံး စီစဉ်မယ်တဲ့"

"ငါနဲ့လား"

"ဘယ်ကလာ. . . တင်မောင်ကိုကိုဝင်းနဲ့"

"ဟာကွာ"

စိတ်ပျက်လက်ပျက်နဲ့ ရှုံ့မဲ့သွားတဲ့ ကိုမင်းထွဋ်ကို ကြည့်ပြီး မျိုးဇော်က ရယ်သလား မမေးနဲ့။

"စိတ်မပူပါနဲ့ဗျာ. . . ဒီကောင်တစ်ယောက်လုံး ရှိနေတာပဲ၊ အခြေအနေမကောင်းရင် ဒီကောင်ကိုယ်တိုင် ခိုးပေးမယ့်ကောင်"

ကိုမင်းထွဋ် မျိုးဇော်၏စကားကြောင့် နေရောင်ကို အားကိုးတကြီး ကြည့်သည်။ နေရောင်က ကိုမင်းထွဋ်ပခုံးကို ပုတ်ကာ. . .

"စိတ်ချနေ ယောက်ဖ၊ ခင်ဗျားအိမ်အထိ အိမ်တိုင်ရာရောက် လိုက်ပို့မယ်"

"မင်းအစ်မကိုလား"

"ဟင့်အင်း. . . အဖေနဲ့အမေကို"

"လုပ်ပြန်ပြီကွာ"

"အလကား စတာပါဗျာ၊ စိတ်အေးအေးလေး ထား"

"တကယ်နော်. . . မနောက်ရဘူး"

"မနောက်ဘူး. . . တကယ်စိတ်ချနေ"

မင်းထွဋ်ရဲ့ အခုမှ သက်ပြင်းချရပါတယ်။ ရှားတောင့်ရှားခဲ ကံပါလို့ ဆုံခဲ့ရတဲ့ဖူးစာ နောက်လူတော့ မပေးချင်ပါဘူး။







"ဘာတွေ အလုပ်ရှုပ်"

မိဆက်. . မမိုးဘေးက ခုံမှာ ဝင်ထိုင်တော့ မမိုးက စာရင်းတွေကို ကွန်ပျူတာထဲ ထည့်ရိုက်နေရင်း. .

"ကိုညီလေ. . . ဒီနေ့အပြီး စာရင်းတင်ရမယ်တဲ့"

"မိဆက် ကူရိုက်ပေးရမလား ယောင်းမ"

ကျွန်မအခေါ်အဝေါ်ကြောင့် ခတ္တာက ဘေးစားပွဲကနေ လှမ်းစပါတော့တယ်။

"မမိုးကို ယောင်းမလို့ ခေါ်တာ နင် နေရောင်ကို ကြိုက်လို့လား မိဆက်"

"ခတ္တာနော်. . ဘယ်လိုဖြစ်နေလဲ. . တော်စမ်းပါ"

မမိုးက ပြုံးပြီး သူမကို ကြည့်နေတယ်။ ခတ္တာက ထိုင်ခုံကို သူမတို့ အနီး ရွှေ့ထိုင်ရင်း. . .

"လုပ်မနေနဲ့ မိန်းမ၊ ရှင်လည်း နေရောင်အပေါ် သံယောဇဉ် ရှိပါတယ်ဟာ. . . ညာမနေနဲ့"

"ခတ္တာနော်. . . ငါက ဘယ်မှာ သံယောဇဉ်ရှိလို့လဲ၊ ဒီကောင်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ငါက တကျက်ကျက်ဟာကို"

"လာမရွှီးနဲ့ ဒေါ်ချိုလင်းဆက်၊ ရှင့်မျက်လုံးတွေထဲမှာ သံယောဇဉ်မီးက မီးပွိုင့်လိုပဲ စိမ်းနေပြီ၊ တစ်ချို့က တစ်မျိုးဟ၊ သူတို့အချစ်ကို ရန်ဖြစ်ခြင်းနဲ့ ပြတာ၊ ငါတို့ဘေးက ကိုတင်ထွန်းကြီးဆို သူ့မိန်းမ မစမ်းနဲ့ နေ့တိုင်း တကျက်ကျက်၊ ဟော. . . ကလေးက ဆယ့်ကိုးယောက်"



ခတ္တာစကားကြောင့် သူမနဲ့မမိုး ရယ်မိကြပါတယ်။ မမိုးက ကျွန်မကို. . .

"ကိုယ့်မောင်မို့ ကိုယ်ပြောတာမဟုတ်ဘူး၊ နေရောင်က စတတ်နောက်တတ်တာက သူ့အကျင့်ဖြစ်နေတာ၊ မိဆက်ကလွဲပြီး ကျန်တာတွေကို မိန်းမလို့ ထင်ချင်တာ မဟုတ်ဘူး"

"ဟာ. . . မမိုးကလဲ"

ခတ္တာက မျက်လုံးပြူး မျက်ခုံးပင့်ပြရင်း. . .

"ဟောတော့. . ထူးထူးဆန်းဆန်း ရှက်နေပါလား၊ နေရောင်ရေ နင်တော့ အခြေအနေကောင်းနေပြီဟေ့"

"ဟာ. . . ခတ္တာ ဘာလို့ အသံပြကြီးနဲ့ အော်တာလဲ၊ ဒုက္ခပါပဲ. . .





ကြားကုန်ဦးမယ်ဟ"

"ကြားကြားဟာ. . . တစ်ရုံးလုံးက နင့်ကို နေရောင် ကြိုက်နေတာ သိနေတာပဲဟာ"

"ဒါပေမယ့် ငါ နေရောင်ကိုတော့ နည်းနည်းလန့်တယ်ဟ"

"ဘာကိုလဲ"

မမိုးအမေးကြောင့် သူမ သက်ပြင်းချရင်း. . .

"တစ်ခါတစ်ခါကျရင် ပေါ့ပျက်ပျက် နောက်ရွှတ်ရွှတ် နေတတ်တယ်၊ ငါ သူ့အကြောင်း သိတာပေါ့ဟာ၊ ငယ်ငယ်ကတည်း ကျောင်းအတူတက်ခဲ့တာပဲဟာ"

"သြော်. . . မိဆက်ရယ်၊ အဖွားကြီးအိုလေး ကျနေတာပဲ၊ လူငယ်ပဲဟာ. . . ပျော်ပျော်နေတတ်တာ သဘာဝပဲဟာ. . နော်. . မမိုး"

ခတ္တာ မမိုးကို စစ်ကူခေါ်တော့ မမိုးက ပြုံးပြီး. . .

"ဒီကိစ္စမှာ မမိုးဘာမှမပြောချင်ဘူး၊ မောင်လေးကို ချစ်ပါလို့လဲ မပြောချင်ဘူး၊ မချစ်ပါနဲ့လို့လည်း မတားချင်ဘူး"

"ဘာဖြစ်လို့လဲ မမိုး"

ခတ္တာ သူမကိုယ်စား မေးတော့. . .


"သြော်. . .

လုပ်ယူလို့မရတဲ့

အထဲမှာ

အချစ်လည်း

ပါတယ်လေ"





www.burmeseclassic.com

www.burmeseclassic.com



မိဆက် ပြုံးမိသွားတယ်။ ကိုကိုပြောတော့ မမိုးက တစ်ခါတစ်ရံ ထုံအအတဲ့။ ဒါပေမယ့် တစ်ခါတစ်ခါမှာ မမိုးက လူများ မမြင်တဲ့ရှုထောင့်ကနေ မြင်တတ်တယ်. . တဲ့။

ရုံးဆင်းချိန်ရောက်တော့ သူနဲ့ခတ္တာ အတူထွက်လာပါတယ်။ အပြင်မှာ ကိုယ်တော်နှစ်ယောက်က စောင့်ကြိုလို့နေတယ်။ သူရနဲ့နေရောင်လေ။

သူရက ခတ္တာအိတ်ကို လှမ်းယူတယ်။ ခတ္တာက ပြုံးပြီး နေရောင်ကို. . .

"ဟဲ့. . . နေကြောင်"

"ဘာလဲ ခဝဲသီး"

ခတ္တာက သူ့ကို နာမည်ပြောင် ခေါ်တော့ နှုတ်ခမ်းထူရင်း. . .

"ငါက နင့်ကို သတင်းကောင်း ပြောမလို့ဟာ၊ တော်ပြီ. . . မပြောတော့ဘူး၊ သွားမယ် သူရ"

ကျွန်မ ပြုံးနေမိပါတယ်။ အခုချိန်မှာတော့ ကိုယ့်ရင်ခုန်သံကို မဖုံးကွယ်ချင်တော့။ နေရောင်က ပျာသလဲလဲနဲ့. . .

"ချစ်လို့ခင်လို့ စတာပါဟာ"

နေရောင်စကားကြောင့် သူရက. .

"ဟေ့ကောင်. . . ငါ့ပူတူးတူးလေးကို ဘာမှ လာချစ်စရာ မလိုဘူး၊ ငယ်လိုကောင်လဲကွ"

ခတ္တာက သူရကို ရှက်ရှက်နဲ့ ခပ်ဖွဖွ လက်မောင်းကို ရိုက်ရင်း နေရောင့်ကို လှမ်းပြောတယ်။

"နင့်နှလုံးခုန်သံတွေ ဒေါင်ဒေါင်မြည် ကျန်းမာလာဖို့ သေချာနေပြီ"

ခတ္တာ မိဆက်ကို မေးဆတ်ပြီး မျက်လုံးတစ်ဖက် မှိတ်ပြတော့ ကျွန်တော်ဝမ်းသာသွားတယ်။ ခတ္တာနဲ့သူရက လက်ပြနှုတ်ဆက်ပြီး ထွက်သွားကြတယ်။ နှစ်ယောက်သား ကားမှတ်တိုင်ကို အတူလျှောက်ရင်း. . .





"မီးစက်. . အဲလေ. . မိဆက်"

အယောင်ယောင်အမှားမှားတွေ ဖြစ်ကုန်တော့ သူမက မျက်စောင်းထိုးရင်း. . .

"အဲဒီအချိုးတွေကြောင့် နင့်ကို ကြည့်မရတာ"

"မဟုတ်ပါဘူးဟာ. . . ငါ ကတုန်ကယင် ဖြစ်နေလို့ဟ"

သူမက နေရောင်စကားကြောင့် တစ်ဖက်လှည့်ရယ်လိုက်ရတယ်။

"တကယ်ပြောတာပါဟာ. . . ငါ တစ်ခါမှ အဲဒီလို မခံစားဖူးဘူး ငါလေ. . နင့်ကို ဟိုပုပုစုကွေးလေးကတည်းက ချစ်တာပါဟာ၊ နှပ်ခွေးတွဲလောင်း ဖင်လေး ဟောင်းလောင်းအရွယ်ကတည်းက ချစ်တာပါဟာ. . နော်"

"ဟာ. . ဒီကောင်"

"နာတယ်ဟ. . "

ကျွန်မ သူ့ခါးကို လိမ်ဆွဲရင်း. . .

"နင် ဘာလို့ ရှက်စရာတွေ ပြောနေလဲ"

ကျွန်မ မျက်စောင်းထိုးပြီး ပြောတော့ သူ့ငေးကြည့်ရင်း. . .

"ငါ ငယ်ငယ်လေးကတည်းက နင့်ကို စနောက်နေတာဟာ နင်တစိတ်ဆိုးရင် ချစ်ဖို့ကောင်းတယ်လေ၊ ငါ အဲဒါကြောင့် နင့်ကို အခုအချိန်ထိ စိတ်ဆိုးအောင် စနေတာဟ"

"သွားပါ"

"အေးလေ. . . . သွားနေတာပဲ"

"နေရောင်နော်"

ကျွန်မရဲ့ရှက်တက်တက်အသံလေးက သူ့ရင်ခွင်မှာ ကျွန်ုးဖို့ စိန်ခေါ်နေသလိုပါပဲ။

"ကဲ. . . အဖြေပေးပါတော့ဟာ"

"ဟင့်အင်း. . . သဘက်ခါ အန်ကယ်နေစိုး မင်္ဂလာပွဲပြီးမှ"

"နင် မလိမ်နဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"လိမ်တော့ ဘာဖြစ်လဲ"

"လိမ်ရင် လမ်းလယ်ခေါင်မှာ ဖက်နမ်းပစ်မှာ"

"နမ်းကြည့်ပါလား"

"တကယ်. . . ဝမ်းသာလိုက်တာဟာ. . . နမ်းမယ်"

"ဟယ်. . . ဒီကောင်"

သူမ ရှက်ရှက်နဲ့ နေရောင့်ကျောပြင်ကို တအုန်းအုန်း ထုပါတော့တယ်။ အချစ်ဆိုတာ ကြည်နူးခြင်းကို ပေးစေတဲ့ ဆေးတစ်လက်ပဲ မဟုတ်လား။







"ချီး ယားစ်. . ."

"ခွမ်. . . ခလွမ်"

ကိုမင်းထွဋ် ကျွန်တော် တိုးကြီးနဲ့မျိုးဇော် ဘီယာခွက်တွေ မြှောက်လိုက်ကြတာပါ။

"ဟေ့ကောင်. . . ဒါလောက်နဲ့ မရဘူးနော်"

တိုးကြီးက မကျေနပ်ဟန်နဲ့ ဆိုတော့. . .

"မလုပ်ပါနဲ့ကွာ. . . ငါ ရုံးက အဖွဲ့တွေလည်း ပြုစုရဦးမယ်"

ကိုမင်းထွဋ်က ခေါင်းခါရင်း. . .

"မပူနဲ့ ရွှေယောက်ဖလေး၊ မင်းအဖြေရတာနဲ့ ဘော့စ်က ဂုဏ်ပြုလိမ့်မယ်၊ ငါ့တုန်းကလဲ ဒီအတိုင်းပဲ၊ သူရနဲ့ခတ္တာပွဲလည်း မင်းကြည့်ပါလား"

ကိုမင်းထွဋ် စကားကြောင့် မျိုးဇော်က. . .

"မင်းတို့သူဌေးက တစ်မျိုးပဲ၊ ကုမ္ပဏီတစ်ခုလုံးကို အိမ်ထောင်ရှင်တွေနဲ့ ဖွဲ့စည်းမလို့လား နေရောင်"

မျိုးဇော်စကားကြောင့် ကျွန်တော် ပခုံးတွန့်ရင်း. . .



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ဘော့စ်က အချင်းချင်း မအောင်သွယ်ရရင် ကြက်ဖနဲ့ ကြက်မကို ပေးလွှတ်မယ့်အစားမျိုး. . နော်. . ကိုမင်းထွဋ်"

"ဟုတ်ပ့ါကွာ"

ကျွန်တော့်စကားကြောင့် အားလုံးက ဝိုင်းရယ်ကြတယ်။

"ရယ်မနေနဲ့. . . ဒီတစ်ရက်နှစ်ရက်ကို အသွားအလာဆင်ခြင်၊ သစ်ပင်ပေါ် လည်း မတက်နဲ့၊ ရေလည်း ဆင်းကူးမနေနဲ့ဦး"

"ဟာ. . . အဲဒါ ကိုရင်ဝတ်ခါနီးမှုပါဗျာ"

"ဟုတ်လား. . . သိပါဘူး"

ကိုမင်းထွဋ်စကားကြောင့် ရယ်သံတွေ ထပ်ဆူညံသွားပါတယ်။

"ဒါနဲ့ မနက်ဖြန် ဘော့စ်အိမ်မှာ အိပ်ရမယ့်အထဲမှာ မင်းပါလား"

"ဟင့်အင်း. . . ဘော့စ်က မင်္ဂလာဆောင်မယ့်မနက်မှ လာခဲ့မယ်တဲ့"

ကိုမင်းထွဋ်က မျက်နှာရှုံ့မဲ့မဲ့နဲ့. . .

"ငါတို့ကျတော့ မနက်ဖြန် မနက်ကို လာခဲ့ရမယ်တဲ့"

"ဒါဆို ကိုညီမွှေးတို့ သူရတို့ ပါလား"

"ပါတယ်"

"ကံကောင်းတယ်. . . ကျွန်တော် လွတ်သွားတာပေါ့"

ဟိုနှစ်ကောင်ကတော့ စကားမပြောနိုင်အား။ တစ်ခွက်ပြီး တစ်ခွက် ချနေတုန်း။

"အေးကွာ. . . ဘာတွေသယ်ရမလဲ မသိဘူး"

"ဟော့ကောင်တွေ. . . မူးနေဦးမယ်နော်"

မျိုးဇော်က တဟဲဟဲနဲ့. . .

"ဘီယာက အရက်မှ မဟုတ်တာကွာ. . အပျော့ပဲ"

"အေးပါ. . . နောက်မှ လေးဘက်ထောက်ပြီး အိမ်ထဲ ဝင်နေရဦးမယ်"

"ကဲ. . ကဲ. . ရှေ့ယောက်ဖ၊ ဒီကောင်တွေကို အမှီလိုက်ရအောင်





ချီးယားစ်. . ."

ကိုမင်းထွဋ်နဲ့ကျွန်တော် ခွက်ချင်း တိုက်လိုက်ကြပါတယ်။

"ဂွပ်"





www.burmeseclassic.com

www.burmeseclassic.com



"ဟ လို. . . ဆက်"

သွားပြီလို့ စိတ်ထဲက သိလိုက်ရတယ်။ တိုက်တိုက်ဆိုင်ဆိုင်ပါပဲ။ စာအုပ်နဲ့ဗီဒီယိုခွေ လာငှားကာမှ ကိုတင်သန်းနဲ့ လာတိုးပါတော့တယ်။ ဒီညီအစ်ကိုနှစ်ယောက်ရဲ့ဝင်္ဂက လွတ်ကင်းတာ တော်တော်ကြာပြီလို့ မနေ့တမှ စဉ်းစားမိသေး။

အခုတော့. . .

"ကိုယ် မင်းအတွက် အဖိုးတန် သတင်းတစ်ခု ပေးမယ်၊ အဲဒီအတွက် ကိုယ့်ကို ပြန်မချစ်နဲ့နော်"

"ဒုက္ခပါပဲ"

ကျွန်မညည်းသံကြောင့် ခွေအငှားဆိုင်က သူဇာဝင်းက ကြိတ်ရယ်တယ်။

"ဩော်. . . အနှောင့်အယှက် ပေးတာမဟုတ်ပါဘူး ဆက်ရယ်၊ သတင်းပေးတာပါ၊ သတင်းပေးတယ်ဆိုလို့ ဟိုးအရင် ရှေးပဝေသဏီတုန်း





ကတော့ သတင်းပေးတဲ့လူတွေက မြင်းတွေနဲ့ အပြင်း. . . "

"ကဲ. . . ကိုတင်သန်း ပြောမယ့်စကား ပြီးမှာလား၊ ပြောပြီး မြန်မြန်ကြွ"

ကိုတင်သန်းက တဟဲဟဲနဲ့. . .

"ဒီလိုပါ. . . တကယ်တော့ ကျွန်တော်တို့ညီအစ်ကိုနှစ်ယောက်ကို နေရောင်က ကောင်းကောင်းအသုံးချသွားတာပါ"

"ဘယ်လို. . "

သူမ နားမရှင်းတာကြောင့်. . မေးမိတော့. .

"ဒီလိုပါ ဆက်ရယ်. . . နေရောင်ဆိုတဲ့ကောင်က ကြောက်ဖို့ကောင်းတဲ့ကောင်ပါ၊ ဆက်ကလေးကို ကြည့်မရတုန်းကတော့ ကိုတင်သန်းတို့ညီအစ်ကိုနှစ်ယောက်ကို ပိုက်ဆံပေးပြီး နှောင့်ယှက်ခိုင်းတယ်၊ နောက်ဆုံး ဆက်ကလေး လူလယ်ခေါင်မှာ အရှက်တကွဲ အကျိုးနည်းစေဖို့အထိ ဒီကောင် လုပ်ခိုင်းခဲ့တယ်"

"ရှင်. . "

ကိုတင်သန်းက မျက်နှာငယ်လေးနဲ့. . .

"ဟုတ်ပါတယ်. . . ဒါပေမယ့် ကိုယ်တို့ညီအစ်ကိုက ရူးပေါပေါ ဖြစ်နေပေမယ့် အဲဒီလို ကောက်ကျစ်တတ်တဲ့စိတ်တော့ မရှိပါဘူး၊ အခုတော့ သူက ဆက်ကလေးနဲ့ အဆင်ပြေနေပြီလို့ ကြားတယ်၊ ဒီကောင်က ဆက်ကလေးကို ချစ်တာ မဟုတ်ဘူး. . ညစ်မှာ. . အဲ. . ဟို. . ဒုက္ခပေးမှာ"

"အို. . . ရှင်တို့ပြောတိုင်း ယုံရမှာလား၊ အပိုတွေ ပြောမနေနဲ့"

"ယုံပါ ဆက်ကလေးရယ်၊ သူခိုင်းလို့ ကိုယ်တို့ညီအစ်ကို အချုပ်ထဲ ရောက်ပြီးပါပြီ၊ အဲဒါ ဘယ်သူလာထုတ်လဲ. . သိလား"

သူမ မျက်လုံးအဝိုင်းသားနဲ့. . .

"နေရောင်ပဲ အာမခံနဲ့ လာထုတ်တာ၊ မယုံရင် စခန်းမှူး နယ်ထိန်း ကိုသန်းခင်ကို မေးကြည့်ပါ. . . သွားပြီနော်"



www.burmeseclassic.com

www.burmeseclassic.com



ကိုတင်သန်း ထွက်သွားတော့ သူမ ခွေအငှားဆိုင်က သူဇာ်ကို ရဲရဲပင် မကြည့်ရဲတော့။

"တောက်. ."

ဖြစ်ချင်တော့ အိမ်အပြန်လမ်းမှာ နယ်ထိန်း ဦးသန်းခင်နဲ့ တန်းတိုးပါတော့တယ်။

"ဦးလေး"

ဦးသန်းခင်က သူမကို မြင်တော့. . .

"ဟော. . . ကလေးမ၊ ဘယ်လိုလဲ. . . ဟိုညီအစ်ကိုနှစ်ယောက်ရဲ့ရန်က လွတ်သွားပြီ မဟုတ်လား"

"ဟုတ်ပါတယ် ဦးလေး၊ ဟိုလေ့. . သမီးသိချင်လို့"

"ပြောလေ"

"ဟိုလေ. . . ကိုတင်သန်းတို့ညီအစ်ကိုကို အာမခံနဲ့ လာထုတ်တာ နေရောင်လား"

ကိုသန်းခင်က မျက်မှောင်ကြုတ် စဉ်းစားရင်း. . .

"နေရောင်. . ဩော်. . ကိုနေဦး သားလား၊ အသားဖြူဖြူနဲ့လေ"

"ဟုတ်တယ် သမီး၊ ဒီကောင်လေးလည်း မလွယ်တဲ့ကောင်ပဲ"

"ကျေးဇူးပဲနော် ဦးလေး. . . တောက်"

သူမ နေရောင်ကို ဒေါသဖြစ်တာကြောင့် တောက်ခေါက်မိတော့ ဦးသန်းခင်လည်း လန့်သွားတယ်။

"ဟဲ့. . . ငါ့ကို ဘာလို့ တောက်ခေါက်တာလဲ၊ ငါနဲ့မှ မဆိုင်တာ"

သူမ ကမန်းကတန်း တောင်းပန်လိုက်ရတယ်။

"ကန်တော့. . ကန်တော့. . ဦးလေး၊ ဟိုကောင့်ကို တောက်ခေါက်တာပါ"

"ဒါဆိုလည်း ပြီးရော၊ သွားပြီ သမီး"

"ဟုတ်ကဲ့ ဦးလေး"

သူမ အိမ်အပြန်လမ်းတစ်လျှောက်လုံး ဒေါသတွေ တလိပ်လိပ်နဲ့





နေရောင်ကိုလည်း နာကြည်းလို့မဆုံး။

လုပ်ရက်လိုက်တာ နေရောင်ရယ်။

နင်ဟာ ငါ့နှလုံးသားကို နေလို ပူလောင်စေတဲ့ကောင်ပဲ။





www.burmeseclassic.com

www.burmeseclassic.com



"ဒါ ဟိုဟာတို့အိမ်လား အစ်ကိုကြီး"

နေရောင် သူ့ရှေ့မှာ ထောင့်မကျိုး အချိုးမပြေတဲ့ပုဂ္ဂိုလ်ကို အလန့်တကြား ကြည့်မိတယ်။ ရုပ်က တောသားရုပ်။ အသက်က လူထက် တော်တော်ကြီးနိုင်သေးတယ်။ မျက်နှာရဲ့ကျောက်ပေါက်မာတွေက သကမ္ဘာကို သတိရစေတယ်။ ဝတ်ထားတာက သူ့အရွယ်နဲ့ မလိုက်တဲ့ ကိုရိုးယားမင်းသားတွေ ဝတ်တဲ့ ဂျင်းအကျႌနဲ့။

"ဦးလေးက ဘယ်သူလဲ"

တမင်သက်သက် ကျွန်တော်မေးတော့ ထိုလူက စိတ်ပျက်သွားပုံနဲ့

"အစ်ကိုကြီးရယ်. . . ဒီအရွယ်နဲ့ဒီအရွယ် ဦးလေးခေါ်စရာလား၊ ကျွန်တော့်နာမည်က တင်မောင်ကိုကိုဝင်း၊ ငပိငခြောက် အိပ်စပို့အင်ပို့ ကုမ္ပဏီက ကုမ္ပဏီ ဒါရိုက်တာ"

"ဗျာ. . . ကုမ္ပဏီ ဒရိုင်ဘာ"

ရှုံ့မဲ့သွားတဲ့မျက်နှာကြီးက အော်ဂလီဆန်စရာပါ။

"ဘယ်ကလာ"





"ဘယ်မှ မသွားရသေးဘူးဗျ"

"မဟုတ်ဘူးလေ"

"ဟုတ်ပါတယ်"

ဖေဖေတို့ ဒီလူကို ဘယ်လိုရည်ရွယ်ချက်နဲ့ သမက်တော်ချင်မှန်း ကျွန်တော် စဉ်းစားလို့မရနိုင်ပါ။

"ဟိုလေ. . . မမိုးမိုးဦးများ ရှိသလား မသိဘူး"

"မသိဘူးဆိုရင် မမေးပါနဲ့တော့ဗျာ"

"ဟဲ့သား. . . ဘယ်သူလဲ၊ ဩော်. . မောင်တင်မောင်မောင်၊ မဟုတ်ပါဘူး. . . မင်းနာမည်ကလဲကွယ်၊ လာ. . ဝင်လေ မောင်တင့်ဝင်း"

အလွယ်တကူ နာမည်ခေါ်တော့ တင်မောင်ကိုကိုဝင်းမျက်နှာက သူရောင်းတဲ့ငပြာရည်လို မဲနက်သွားပါတယ်။ အသားက မည်းရတဲ့ကြားထဲ ပိုမည်းတော့ အရုပ်ဆိုးတဲ့အကျင့်ထက် ပိုမိုကျော်လွန်သွားတာ အမှန်ပါ။

ကျွန်တော်လည်း ရောယောင်ပြီး အိမ်ပေါ် လိုက်လာခဲ့လိုက်တယ်။ အပေါ်ရောက်တော့ မမက ကျွန်တော့်နား ကပ်လာပါတယ်။ မမက တင်မောင်ကိုကိုဝင်းကို မြင်ကတည်းက သရဲနဲ့ ထိပ်တိုက်တွေ့လိုက်ရသလို မျိုး။

"ဟယ်. . . ဒီလူကြီးနဲ့. . . အမငီး"

မမ တိုးတိုးကပ်မေးတော့ ကျွန်တော်က တိုးတိုးပြန်ဖြေလိုက်တယ်။

"ဒီလူကို နေ့တိုင်းမြင်နေရရင် မမ သရဲဘယ်ကြောက်တော့မလဲ"

မမက ခေါင်းတခါခါ။ မေမေနဲ့ စကားပြောနေရင်း မီးဝင်းဝင်း တောက် မျက်လုံးတွေက မမကို ပြာကျစေနိုင်လောက်ပါရဲ့။

"ဟဲဟဲ. . ဒေါ်ဒေါ်. . ကျွန်တော်ကတော့ နားမဖောက်တော့ဘူး"

"ယောက်ျားလေးပဲကွာ. . . နားပေါက်ကြီးနဲ့ ဘယ်ကောင်းပါ့မလဲ သားရယ်"

မေမေ့စကားကြောင့် တင်မောင်ကိုကိုဝင်းက. . .



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူးလေ. . . သားက အဲ့ဒါပြောတာ မဟုတ်ဘူး ဒေါ်ဒေါ်၊ တို. . နားမဖောက်တော့ဘူးဆိုတာ တရားဝင် စေ့စပ်ဖို့ စကားကမ်းလှမ်းတာတွေ မလုပ်ချင်တော့ဘူး၊ မင်္ဂလာဆောင်ချင်တာ ဒေါ်ဒေါ် အန်တီ"

တင်မောင်ကိုကိုဝင်း စကားကြောင့် အိပ်ခန်းထဲက ထွက်လာတဲ့ ဖေဖေက. . .

"ကောင်းတာပေါ့ကွာ. . . လူကြီးတွေ ဆွေးနွေးဖို့ မင်းအဖေနဲ့ အမေကို အိမ်လွှတ်လိုက်ပါဦးကွာ၊ ဒါနဲ့ မင်းက ဘယ်တော့လောက် ဆောင်ချင်တာလဲ"

မျက်နှာရှုံကလည်း အဆီပြန်နေတဲ့မျက်နှာကို သုတ်လိုက်ရင်း. .

"ဟိုလေ. . . ဖြစ်နိုင်ရင် အခုတောင် ဆောင်ချင်တာ"

မေမေက သဘောကျသလောက် ဖေဖေက နှာခေါင်းရှုံ့သည်။ မမက ဒီစကားကို ကြားကတည်းက သွေးတက်နေမှာ သေချာပါတယ်။ ဒီလူပြန်သွားတော့. . .

"ဖေဖေတို့ ဒီကောင့်သတင်းလေး စုံစမ်းဦးနော်"

"ဘာမှ စုံစမ်းစရာမလိုဘူး"

တယူသန် တဇွတ်ထိုး ဖြစ်နေတဲ့ ဖေဖေနဲ့မေမေကြောင့် ကျွန်တော် အခက်တွေ့နေရတယ်။ မမက ကျွန်တော့်ကို အားကိုးတကြီး ကြည့်နေတာ တွေ့ရတော့. . .

"မဟုတ်သေးဘူး ဖေဖေ၊ ဖေဖေ့သမီးလည်း မေးကြည့်ဦး၊ ကြိုက်လား မကြိုက်လား၊ မမမှာရော ချစ်သူရည်းစား မရှိတော့ဘူးတဲ့လား"

"အို. . . ရည်းစားရှိနေလဲ ဖြတ်လိုက်၊ ငါတို့ကတော့ တင်မောင်ကိုကိုဝင်းပဲ သားမက်တော်ချင်တယ်"

မေမေ့စကားကြောင့် ကျွန်တော် အရွဲ့တိုက်စွာ. . .

"ဒါဆိုလည်း မေမေ မိန်းကလေးတစ်ယောက် ထပ်မွေးလိုက်ပေါ့"

"ဘာကွ. . . ဒါ အမေကို ပြောတဲ့စကားလား. . . ကဲကွာ"

ဖေဖေက မိန်းမထိတော့ မခံချင်ပုံ ဇာတိသွေး ဇာတိမာန်ပြပြီး





ကျွန်တော့်ကို စားပွဲပေါ်က ဖိုက်ဘာဆေးလိပ်ပြာခွက်နဲ့ ဝင်ပေါက်တယ်။ ခေါင်းကို ပွခနဲပါပဲ။

"ဟေ့ကောင်. . . မင်း ငါ့ရှေ့က မြန်မြန်ထွက်သွားစမ်း ကြာရင် မင်းကို သတ်မိလိမ့်မယ်"

ဒီတစ်ခါတော့ မေမေက စိုးရိမ်စွာနဲ့. . .

"သားငယ်. . . အပြင်ခဏသွားနေ၊ လက်ဖက်ရည်ဆိုင်ဖြစ်ဖြစ် သွားနေ၊ ကိုနေဦး. . ရှင်ဆုံးမရင် လက်မပါနဲ့နော်"

"ပါတယ်ကွာ. . . ဘာဖြစ်လဲ"

"ရှင်က ကျွန်မကို ဘာစကားပြောတာလဲ"

"လူစကားလေကွာ"

ကျွန်တော် ဖေဖေနဲ့မေမေရဲ့ အခြေအတင် စကားများသံတွေကို လစ်လျူရှုပြီး အိမ်အပြင်ကို ထွက်ခဲ့လိုက်တယ်။ အင်း. . . ဒီပုံနဲ့ဆို တိုးခင်းထွင့်ကို အမြန်ဆုံး ခိုးပြေးဖို့ စီစဉ်ခိုင်းရမှာပဲ။

အတွေးတွေနဲ့အတူ လမ်းလျှောက်လာရင်း ခပ်လှမ်းလှမ်းက လက်ဖက်ရည်ဆိုင်ကို လှမ်းကြည့်တော့ တိုးကြီးနဲ့မျိုးဇော်က လက်လှမ်းပြနေတာ တွေ့တာနဲ့. . .

"နေရောင်. ."

မိဆက်ရဲ့အသံကြောင့် ရှေ့ကို ကြည့်တော့ မျက်နှာချင်းဆိုင်မှာ လာနေတဲ့သူမ။

"နင်. . ဘာဖြစ်. ."

"ဖြန်း. ."

"ဖြန်း. ."

ထုပူသွားတဲ့ပါးနှစ်ဖက်ကို ပွတ်ရင်း သူမကို အံ့သြစွာငေးကြည့်မိ. . . . ကြေကွဲစွာ ဆွဲ့အ. . . ။

"ဟာ. . . ဆော်ကုန်ကြပြီကွ"

"ဘာဖြစ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင်တွေ ကုမ္ပဏီက ကြော်ငြာရိုက်နေတာ ထင်တယ်"

လက်ဖက်ရည်ဆိုင်ထဲက စကားသံတွေကြောင့် ကျွန်တော့်ရှက်စိတ်ဟာ ငယ်ထိပ်အထိပါပဲ။ မျိုးဇော်နဲ့တိုးကြီးက ပြေးလာပါတယ်။

"နင့်လောက် ကောက်ကျစ်ယုတ်မာတဲ့ကောင် ငါမတွေ့ဖူးဘူး နေရောင်၊ ငါကံသီပေလို့ပေါ့၊ နင် ငါ့ကို တမင်သက်သက် နှောင့်ယှက်ချင်လို့ ဟိုညီအစ်ကို့ကို ခိုင်းခဲ့တာမဟုတ်လား နေရောင်"

နေရောင် မျက်ရည်စက်လက်နဲ့ ပြောနေတဲ့ သူမကို အံတင်းတင်းကြိတ် ကြည့်ရင်း. . .

"တောက်. . အေး. . ဘာဖြစ်လဲ၊ ဟုတ်တယ်. . ခိုင်းခဲ့တယ်၊ ဒါ နင့်အချစ်ကို ရဖို့ လုပ်ခဲ့တာ၊ ဘာဖြစ်လဲ. . . အဲဒါ နင်နာစရာလား၊ အဓိပ္ပါယ်မရှိတာဟာ"

မိဆက် နှုတ်ခမ်းကို မဲ့ပစ်ရင်း. . .

"နာတယ်ဟဲ့. . . နာတယ်"

"နာရင်လည်း သေလိုက်ဟာ"

"ဟေ့ကောင်. . နေရောင်"

"ဟာကွာ. . . ဒီကောင်"

မျိုးဇော်နဲ့တိုးကြီးက ဖြန်ဖြေဖို့ ကြိုးစားပါသေးတယ်။ ဒါပေမယ့်

"တော်ပါပြီကွာ. . . ဦးနှောက်မရှိတဲ့မိန်းမ. . . ဘဝင်မြင့်နေတဲ့မိန်းမ၊ ဒီလောက်အထိပဲ ဝင့်ခံမယ်"

"အေး. . . ဒီကလည်း ကန်တော့ဆွမ်းပါပဲ၊ နောက်တွေ့လည်း နင်လာတဲ့လမ်းဆိုရင် လှည့်ပြန်မယ်"

"အေး. . . ငါကလည်း နင့်အတိုင်းပဲဟဲ့. . . ထွီ"

မိဆက် တံတွေးထွေးပြီး လှည့်ထွက်သွားတော့ ဒေါသဖြစ်နေတဲ့ နေရောင်ကို တိုးကြီးတို့ လက်ဖက်ရည်ဆိုင်ထဲ အတင်းခေါ်လာရတယ်။ ဆိုင်ပိုင်ရှင် ကိုမြင့်က. . .

"ဘယ်လိုဖြစ်ကြတာလဲ နေရောင်"





"အေး. . . ရုတ်တရက်ကြီးဆိုတော့ ငါတို့လည်း ကြောင်သွားတာပေါ့"

တစ်ယောက်တစ်ပေါက် မေးနေကြတဲ့မေးခွန်းတွေကြောင့် ကျွန်တော် အံကိုကြိတ် ခေါင်းခါရင်း. . .

"ကျွန်တော် သူနဲ့ နီးအောင်လို့ အကွက်ဆင်ပြီး ရာဇာတင်ဝင်းတို့ ညီအစ်ကို့ကို ခိုင်းတာ ပေါက်ကွဲနေတာဗျာ"

"ဟာ. . . ဒါက နစ်နာစရာမှ မဟုတ်တာ၊ မင်းကောင်မလေးတာလည်း လွန်လွန်းပါတယ်"

မျိုးဇော်က ကျွန်တော့်ဘက်က မကျေမနပ် ဆိုတော့ ကိုမြင့်က. .

"ဒီတစ်ခုထဲနဲ့တော့ ဒီလောက်မပေါက်ကွဲလောက်ဘူး နေရောင်၊ အကြောင်းတစ်ခုခု ရှိမှာ သေချာတယ်ကွ"

"တော်ပါပြီဗျာ. . . ဒီမိန်းမကို ဆက်မချစ်နိုင်တော့ပါဘူး၊ ဆက်ချစ်ရင် ဆက်ခံနေရမယ်"

"ဒါဆိုရင် မနက်ဖြန် မင်္ဂလာပွဲမှာ သတို့သားအရန် လုပ်ဖို့ကျတော့ ဘယ်လိုလုပ်မလဲ"

နေရောင် သက်ပြင်းမှုတ်ထုတ်ရင်း. . .

"ဘော်ဒ်စ်ရဲ့ပွဲဆိုတော့ မလုပ်ပေးလို့တော့ မဖြစ်ဘူးဗျ၊ အဲဒီနာရီပိုင်းကတော့ ငရဲဘုံပါပဲ"

"သူ့ဘက်ကလည်း တခြားတစ်ယောက်ယောက်နဲ့ အစားထိုးရင်လည်း ထိုးနိုင်တယ်နော်"

ကိုမြင့်ရဲ့စကားကလည်း ဖြစ်နိုင်ပါတယ်။ မဖြစ်နိုင်တာက ကျွန်တော့်နှလုံးသားထဲက သူမကို ဘလက်လစ်အဖြစ် ထုတ်ပယ်ရမည်ဆိုတာကိုပေါ့။





www.burmeseclassic.com

www.burmeseclassic.com



**ကျွန်**တော်တို့ရဲ့ပြဿနာကို စပြီးရိပ်မိသူက မမိပါ။

"ဟဲ့. . . ဒီနှစ်ယောက် ဘယ်လိုဖြစ်ကြတာလဲ၊ မျက်နှာတွေ ပြုံးပြုံးရယ်ရယ် ထားပါဟ"

မမိစကားကြောင့် ကိုမင်းထွဋ်လည်း သတိပြုမိပုံရတယ်။

"ဟုတ်တယ်. . . ကျွန်တော်လည်း သတိထားမိတယ်ဗျ၊ စရောက်ကတည်းက တစ်ယောက်နဲ့တစ်ယောက် ရန်သူလို ဖြစ်နေကြတာ"

ကျွန်တော်လည်း ဘာမှပြန်မဖြေ။ သူမကလည်း ဘာတစ်ခွန်းမှ ဖြန်၍ရှင်းမပြကြတော့ ခဏ္ဍာက စိတ်ရှုပ်ဟန်နဲ့. . .

"ဘာတွေဖြစ်ကုန်ပြန်ပြီလဲ မသိဘူး၊ ဒီနှစ်ယောက်နဲ့တော့ စိတ်သစ်ပါတယ်"

ကိုညီမွှေးက ကျွန်တော့်မျက်နှာကို အကဲခတ်ကာ. . .

"ထားလိုက်. . . ပွဲပြီးမှ မေးကြည့်ရမယ်၊ မင်းတို့နော်. . . ဘော့စ်သိစေနဲ့ဦး၊ သူ့မင်္ဂလာပွဲမှာ စိတ်ညစ်နေဦးမယ်"

ဘော့စ်ဆိုတဲ့အသိကြောင့် နှစ်ယောက်သား မျက်နှာတွေကို ပြန်





ပြင်ကြရပါတယ်။

"ကဲ. . ကဲ. . ပွဲစတော့မယ်ဟေ့. . ဘော့စ်ခေါ်နေပြီ"

ကျွန်တော်တို့နှစ်ယောက် အတူထွက်တော့ ကျွန်တော် ရှေ့ကအသွား သူမက တမင်သက်သက် ကျွန်တော့်ဖိနပ်ကို နောက်က နင်းလိုက်ပါတယ်။ ကျွန်တော် ဟပ်ထိုးလဲမလို ဖြစ်သွားတာတောင် သူမမျက်နှာက မသိချင်ယောင်ဆောင်နေတဲ့ပုံစံ။ မမိက. . .

"ဟဲ့. . ဩော်. . ဘယ်လိုဖြစ်နေတာလဲ ဒီနှစ်ယောက်တော့. . ."

ကျွန်တော်လည်း မှတ်ထားလိုက်တယ်။ နေနှင့်ဦးပေါ့ မိဆက်ရယ်။ နေရောင်အကြောင်း ကောင်းကောင်းပြရသေးတာပေါ့လို့ စိတ်ထဲက ကြွေးကြော်ထားလိုက်တယ်။

"ဟဲ့. . . လက်ချင်း တွဲထားလေ၊ မျက်နှာလေး ပြုံးထား"

မမက လှမ်းပြောတော့ ရှေ့က သတို့သားဖြစ်တဲ့ ဘော့စ်တအန်တီချယ်ရီလက်ကို ချိတ်ထားပြီး ကျွန်တော်တို့ကို လှည့်ပြန်ကြည့်တာကြောင့် ကျွန်တော်တို့က ကမန်းကတန်း မျက်နှာပြင်ရင်း လက်ချင်း ချိတ်ထားလိုက်ရပါတယ်။

"အဟမ်း. ."

ဘော့စ်ရဲ့ချောင်းဟန့်သံက ငါသိနေတယ်ဆိုတဲ့သဘောမှန်း ကျွန်တော်တို့လည်း သိပါတယ်။ ကျွန်တော် သူမလက်ကို တွဲသလိုလိုနဲ့ သူမလက်ကို အားနဲ့ ညှစ်ထားလိုက်တယ်။ သူမက ရှုံ့းတယ်။ ဘယ်ရမလဲ။ ကျွန်တော်လည်း အသားကုန် ညှစ်ထားတော့တာပေါ့။ နေရောင်ဆိုတဲ့ကောင် တစ်ရောင်ပဲ ရှိတာ သဘောပေါက်။

"အား. . ."

ကျွန်တော် ပါးစပ်က လွှတ်ခနဲ မအော်မိအောင် မြိုသိပ်ထားလိုက်ရတယ်။ ကြည့်စမ်း. . . မိဆက်က သူ့ရဲ့ကျန်လက်တစ်ဖက်မှာ ခိုးကြည့်တဲ့လူမမြင်အောင် ကိုင်ပြီး ဟိုလိုလိုဒီလိုလိုနဲ့ ကျွန်တော်ဆုပ်ထားတဲ့လက်ကို ထိုးလိုက်တာလေ။



www.burmeseclassic.com

"ဂန်းနာမ"

စိတ်ထဲက ပြောလိုက်တာပါ။


ကျွန်တော့်အဖြစ်ကို ရှေ့က ဘော့စ်တို့စုံတွဲလည်း မသိ။ ဘယ်သူမှလည်း မရိပ်မိကြ။ မင်္ဂလာတေးသံနှင့်အတူ စင်မြင့်ပေါ် တက်ပြီး ကျွန်တော်က သတို့သားဘက်၊ မိဆက်က သတို့သမီးဘက် စားပွဲကို ကွေ့ပြီးသွား လမ်းအခွဲမှာ ကျွန်တော် သူမရဲ့ဒရွတ်တိုက် ပုဝါစကို ဆတ်ခနဲ ဖိပြီး ချက်ချင်းပြန်လွှတ်လိုက်တော့ သူမ ဟန်ချက်ပျက်သွားပြီး သတို့သမီးကို ဝင်တိုးသလို ဖြစ်သွားတယ်။

"ကန်တော့. . ကန်တော့. . အန်တီချယ်ရီ"

အန်တီချယ်ရီကတော့ ရိုးရိုးသားသား တိုက်မိတယ် ထင်ပြီး အပြုံး နဲ့. . .

"ဒီကလေးမလေးကတော့လေ. . . နမော်နမဲ့နဲ့"

ဘော့စ်က ကျွန်တော့်ကို မျက်ခုံးပင့်ကြည့်တော့ ကျွန်တော် ကျွန်တော့်အပြုံးတွေကို ကပျာကယာ ရုပ်သိမ်းလိုက်ရတယ်။







"ဘာဖြ် လိုဖြစ်တာလဲ"

မင်္ဂလာပွဲပြီးပြီးချင်း ကိုမင်းထွဋ်နဲ့ကိုနိုင်ထူးက လက်ဆွဲပြီး လူရှင်းတဲ့ ဟိုတယ်ရဲ့နောက်ဖက်ကို ဆွဲခေါ်သွားပြီး မေးတယ်။

"ကျွန်တော် ဟိုညီအစ်ကို့ကို ခိုင်းတဲ့ကိစ္စ သူသိသွားပြီး လူလယ်ခေါင်မှာ ကျွန်တော့်ကို ပါးရိုက်တယ် အစ်ကို"

ကျွန်တော့်စကားကြောင့် ကိုမင်းထွဋ်က စိတ်ပျက်ဟန်နဲ့. . .

"အဓိပ္ပါယ်မရှိတာကွာ. . . ဒါက မင်း သူ့ကို ချစ်လို့ ကြံမိတဲ့ အသေးအမွှားကိစ္စပဲ၊ ဘာနာစရာမှ မရှိတာ"

"ဘာတွေကြံစည်လို့လဲ မင်းထွဋ်"

ကိုနိုင်ထူးအမေးကြောင့် ကိုမင်းထွဋ်က ရာဇာတင်ဝင်းတို့ ညီအစ်ကို့ကို ကျွန်တော်ခိုင်းခဲ့ပုံကို ရှင်းပြနေရတယ်။

"ဟ. . . ဒါက ပြဿနာ အကြီးကြီးမှ မဟုတ်ဘဲ"

"ကျွန်တော်လည်း လူလယ်ခေါင်မှာ ရှက်သွားတာ အမှန်ပဲ၊ ဒါတွေ ထားလိုက်ပါ။ ခင်ဗျားတို့ကိစ္စက အရေးကြီးနေပြီ ကိုမင်းထွဋ်"



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



"ဘာကိစ္စလဲ"

"မမကို ဒီရက်ပိုင်းအတွင်း အမြန်ဆုံး ယောကျ်ားပေးစားကြလိမ့်မယ်"

ကိုမင်းထွဋ်ကလည်း စိတ်ညစ်ညစ်နဲ့. . .

"ယူလိုက်ပေါ့. . အင်း. . ဟ. . ယူလို့မဖြစ်ဘူး၊ ဒုက္ခပဲ. . . ဘယ်လိုလုပ်ကြမလဲ"

နိုင်ထူးက စိတ်မရှည်တော့တဲ့ပုံနဲ့ ဝင်ပြောတယ်။

"စိတ်အေးအေးထားပါကွာ. . . ငါတို့နဲ့ဘော့စ် ဟန်းနီးမွန်းမထွက်ခင် အသေးစိတ် ဆွေးနွေးလိုက်မယ်"

"ကျေးဇူးပါပဲကွာ. . . ဟိုတစ်ယောက်ကတော့ မင်္ဂလာပွဲ ပြီးပြီးချင်း ခေါင်းမူးတယ် ခေါင်းကိုက်တယ် ပြောပြီး လစ်ပြေးပြီး အန်တီချယ်ရီ တားတာတောင် မရဘူး"

အဲဒါက မိဆက်ကို ပြောတာလေ။

"ဖော့ကောင်. . . မပြန်နဲ့ဦးနော်၊ ဘော့စ်က အဝတ်အစား ပြန်မလဲနဲ့တဲ့၊ ညစာစားပွဲကို တစ်ခါတည်း လိုက်တက်တဲ့"

ကျွန်တော်ခေါင်းညိတ်ရင်း ဘော့စ် တစ်နေ့တာ ငှားပေးထားတဲ့ ဟိုတယ်က ကျွန်တော့်အခန်းမှာ အနားယူ ရေချိုးအပန်းဖြေဖို့ ဝင်ခဲ့လိုက်တယ်။ ညရောက်တော့ ဘော့စ်က ဧည့်သည်တွေကို ဧည့်ခံတဲ့ကြားက ကျွန်တော့်ကို တိုးတိုးကြိတ်ကြိတ် မေးပါတယ်။

"ဘာတွေဖြစ်ကြတာလဲကွ"

"အရေးမကြီးတာကို ပြဿနာရှာပြီး အရှက်ခွဲတာပါ ဘော့စ်ရာ"

ကျွန်တော် ဧည့်ခံပွဲရှိနေတာကြောင့် အတိုချုံ့ ရှင်းပြလိုက်တော့

"ဟာကွာ. . . ဒီတစ်ခုထဲနဲ့တော့ ဒီလောက်ပြဿနာ မကြီးနိုင်ဘူး၊ နောက်မှ မိဆက်ကို ငါမေးကြည့်ပါဦးမယ်၊ ကဲ. . ကဲ. . သွား၊ မင်းအလောက်ဖကိစ္စ ငါ နိုင်ထူးကို ပြောထားတယ်. . . မေးကြည့်"

"ဟုတ်ကဲ့ ဘော့စ်"





ဘော့စ်က အန်တီချယ်ရီဆီ သွားပြီး ဧည့်ခံပွဲလာတဲ့ ပရိသတ်တို့ဆက်ပြီး နှုတ်ဆက်ဧည့်ခံနေပါတယ်။

"ဟော့လူ"

"လာ. . နေရောင်"

လူရှင်းတဲ့စားပွဲတစ်လုံးမှာ နှစ်ယောက်သား ခေါင်းချင်းဆိုင်ပြီး မမနဲ့ကိုမင်းထွဋ်ကိစ္စ တိုင်ပင်ရတယ်။

"× × × × × × × × × × × × ×"

"× × × × × × × × × × × × ×"

"ကောင်းလိုက်တာဗျာ"

"ကောင်းရမှာပေါ့. . . ငါတို့ဘော့စ်ပဲ၊ မင်းလည်း အဲဒီအခွင့်အရေး ရချင်ရင် မိဆက်နဲ့ ပြေလည်အောင် လုပ်ပေါ့ကွ"

ကျွန်တော် မိဆက်ဆိုတာကြောင့် နှာခေါင်းရှုံ့ပြီး. . .

"တော်ပါဗျာ"





www.burmeseclassic.com

www.burmeseclassic.com



"**ကျွန်**တော် ကြားထဲကပဲ တောင်းပန်ပါတယ်ဗျာ"

ရာဇာတင်ဝင်းရဲ့အဖြစ်အပျက်အလုံးစုံနဲ့ တောင်းပန်စကားကြောင့် ကျွန်တော် ဘာပြောရမှန်းမသိ။

တိုးကြီးက ရာဇာတင်ဝင်း မင်းကို ကိုမြင့်တို့ဆိုင်မှာ စောင့်နေတယ် ပြောတာကြောင့် အခုလို ကျွန်တော့်ကိစ္စမှန်း မသိဘဲ လိုက်လာခဲ့ရတာပါ။ ဟိုရောက်တော့ ရာဇာတင်ဝင်းက အကြောင်းစုံ ရှင်းပြတာ။

"ကျွန်တော့်အစ်ကို ကိုတင်သန်းက ဦးနှောက်သိပ်ကောင်းတာမဟုတ်ဘူး၊ သူ့ကို ထိန်းဖို့အတွက် ကျွန်တော်တောင် ပေါတောတောနေရတာဗျ၊ သူက ခင်ဗျားနဲ့မိဆက် အဆင်ပြေတယ်လို့ ပြောရော အခုလို မဟုတ်ကဟုတ်ကတွေပါ အပိုထည့်ပြောပြီး အဆင်းကို ချောက်တွန်းတော့တာပဲ၊

ဒီရက်ပိုင်းမှာလဲ နေက ပူတော့ဗျာ. . ပိုဆိုးတာပေါ့၊ ဖြစ်ချင်တော့ ကျွန်တော်တို့ကို အာမခံနဲ့ လာထုတ်တဲ့ကိစ္စ ဟုတ်မဟုတ် နယ်ထိန်းကိုသန်းခင်ကို မေးကြည့်ဆိုပြီး ရောချလိုက်တော့ မိဆက်က ဘုမသိဘမသိနဲ့





လမ်းမှာ ကိုသန်းခင်နဲ့ မေးပြီး မဖြစ်သင့်တာတွေ ဖြစ်တော့တာပေါ့ နေရောင်ရာ၊ ကြားက ငါပဲ မင်းကို တောင်းပန်ပါတယ်"

ကျွန်တော် အားနာမျက်နှာပူနေတဲ့ ရာဇာတင်ဝင်းကြောင့်. . .

"မလိုပါဘူးကွာ. . . သူက ဦးနှောက်မကောင်းတဲ့သူပဲ၊ ငါနားလည်ပေးရမှာပေါ့၊ မင်းကိုတောင် ငါကျေးဇူးတင်ရသေးတယ်၊ မင်းမပြောရင် ဒီအကြောင်းတွေကြောင့် ငါနဲ့မိဆက် ဝေးရမှာကွ"

"အခုတော့ အဆင်ပြေသွားပြီ မဟုတ်လား"

"ဒါပေါ့. . ကဲ. . သောက်ကွာ သူငယ်ချင်း"

ရာဇာတင်ဝင်းက ကျွန်တော်တိုက်တဲ့ လက်ဖက်ရည်ကို သောက်တော့ ကိုမြင့်က. . .

"ကြာပါတယ်ကွာ. . . မိဆက်ကို တစ်ခါတည်း ခိုးပြေးကွာ"

"ဟာ. . . ဟိုက စိတ်ဆိုးပြေသေးတာ မဟုတ်ဘူး"

"ဟော့ကောင်. . . သူ့အလိုလို အဆင်ပြေသွားလိမ့်မယ်၊ မိဆက်တော့ မပြောနဲ့ပေါ့ကွ၊ မင်းထွဋ်ကို ပြောပြီး အပြင်ခေါ်ထုတ်"

ကျွန်တော် မထူးတော့ပြီမို့ နောက်ထပ်အစီအစဉ်တစ်ခု စရတော့တယ်။

ကိုနိုင်ထူးကို အကျိုးသင့် အကြောင်းသင့် ရှင်းပြတော့ သူတို့လည်း ကိုမြင့်လို အကြံဉာဏ်ပေးတာကြောင့် ကိုမင်းထွဋ်ကို ဖုန်းနဲ့ အပြင်ခေါ်ထုတ်ပြီး ရှင်းပြလိုက်ရတယ်။

ကိုမင်းထွဋ် ဝမ်းသာအားရမျက်နှာနဲ့. . .

"ဟာ. . . ဒါဆိုရင် အဆင်ပြေပြီပေါ့၊ ငါ အိမ်ပြန်ပြီး ညီမလေးကို သွားပြောလိုက်မယ်"

"ဟာ. . . မပြောနဲ့ဦး ဟော့ကောင်၊ မင်းညီမကို ကားပေါ် ရောက်မှ ဝိုင်းရှင်းပြတာ ကောင်းတယ်"

"မိဆက် လိုက်ပါ့မလား"

ကိုနိုင်ထူးက ရယ်ရင်း. . .



www.burmeseclassic.com

www.burmeseclassic.com



"ရှင်းပြလိုက်ရင် ပြဿနာက ပြီးပြီးပဲ၊ နေဦး. . . မင်းညီမကို သွားမပြောနဲ့၊ မလိုက်ဘူးဘာဘူး ငြင်းနေဦးမယ်"

"ငါက သူ့ကို ဘယ်လိုခေါ်ထုတ်မလဲ"

ကိုနိုင်ထူးက တဟင်းဟင်းနဲ့ ရယ်ရင်း. . .

"နိုင်ထူးပါကွာ. . . ကလိမ်ကကျစ်ဉာဏ်က ခေါင်းတစ်ခုလုံး အပြည့်ပဲ၊ ခေါင်းထဲမှာ ကလိမ်ကကျစ်ဉာဏ်တွေ များလွန်းလို့ ဦးနှောက်ထဲက ပိုက်လိုင်းတွေ လိမ်လိမ်နေတာတွေကို ပြန်ပြီးဖြည်နေရတယ်၊ ဒီမှာ. . . ဘော့စ်က သူ့မင်္ဂလာပွဲ အထိမ်းအမှတ်အဖြစ် ဝန်ထမ်းအားလုံးကို ချောင်းသာခေါ်သွားမယ် ပြောတယ်လို့၊ မလိုက်တဲ့သူ ကုမ္ပဏီက ထုတ်ပစ်မယ်လို့ ပြောကွာ"

ကျွန်တော် အဲဒီအကြံဉာဏ်ကြောင့် ခေါင်းထဲမှာ အတွေး တစ်ချက်ဝင်သွားရတယ်။

"ကောင်းတယ် ကိုနိုင်ထူး၊ ကျွန်တော်လည်း ဖေဖေနဲ့ မေမေတို့ကို အဲဒီလို ပြောပြီး မမကို ခေါ်ထုတ်လာရမယ်၊ အဲဒါဆို အဝတ်အစားလည်း အလွယ်တကူ ယူလို့ ပိုတောင် အဆင်ပြေသေးတယ်"

"နိုင်ထူးပါကွာ"

"ကဲ. . . အိမ်ပြန်ပြီး ပြန်ပြင်ဆင်ရမယ်၊ ပြီးရင် ကျွန်တော် ကိုနိုင်ထူးဆီ ဖုန်းလှမ်းဆက်လိုက်မယ်"

"အိုကေ"

ကျွန်တော်တို့ အသီးသီး လမ်းခွဲခဲ့ကြပါတယ်။ အိမ်ရောက်ပြီး ကျွန်တော် အကျိုးသင့် အကြောင်းသင့် ပြောပြတော့ ဖေဖေက ဒီလောက်ကြီး မဟုတ်ပေမယ့် မေမေက အတင်းငြင်းပါတယ်။

"ဟဲ့. . . မင်္ဂလာပွဲက ရက်သိပ်မလိုတော့ဘူးလေ"

မမက မျက်နှာငယ်လေးနဲ့ ကျွန်တော့်ကို ကြည့်တော့. . .

"မေမေကလည်းဗျာ. . . ဟိုမှာ အလွန်ဆုံးနေ နှစ်ရက်ထဲပဲဟာ၊ ဘော့စ်က ကျွန်တော်တို့ကို အကြာကြီး ဘယ်ထားမှာလဲ၊ အလုပ်တွေ ရှိသေး





တဲ့ဟာ၊ ပြီးတော့ မမက ကုမ္ပဏီမှာ အလားအလာ အရှိဆုံးလူ၊ ဘော့စ် ငြိုငြင်လို့မဖြစ်ဘူး"

ရာထူးနဲ့ မျှားတော့ မေမေ ငြိမ်သွားတယ်။ ဖေဖေက. . .

"အေးလေ. . . နှစ်ရက်ထဲဆိုတော့လည်း လွှတ်လိုက်ပါကွာ"

"ဒါဆိုရင် ကားဂိတ်ကို မေမေကိုယ်တိုင် လိုက်ပို့မယ်"

ဒုက္ခလို့ မအော်မိအောင် ကိုယ့်ပါးစပ်ကို ကိုယ်ပြန်သတိပေးရပါတယ်။ ဖြစ်ချင်တာဖြစ် မထူးဘူးဆိုပြီး. . .

"ဟုတ်ကဲ့. . . လိုက်ပို့လို့ရတယ် မေမေ၊ ကဲ. . မမ အဝတ်အစားတွေပြင်၊ ကျွန်တော်လည်း အဝတ်အစားတွေ သွားထည့်လိုက်ဦးမယ်"

"ဟဲ့. . . ချက်ချင်းကြီးလား"

"ဟုတ်တယ် မေမေရေ၊ ဟိုတယ်တောင် ကြိုတင်ဘွတ်ကင်လုပ်ပြီးပြီ"

"ဒါဆိုလည်း ပြီးရောဟယ်"

ကျွန်တော် အခန်းထဲ ဝင်ပြီး ကိုနိုင်ထူးကို ဖုန်းဆက်လိုက်တယ်။ ကိုနိုင်ထူးက ဘာမှမပူနဲ့၊ နာရီဝက်အတွင်း ကြိုတင်စီစဉ်ထားမယ် ပြောလို့ စိတ်အေးသွားရတယ်။

ကိုနိုင်ထူး ချိန်းဆိုထားတဲ့နေရာကို မှတ်၊ အဝတ်အစား ထည့်ထားတဲ့အိတ်ကို ယူပြီး အပြင်ထွက်လာခဲ့လိုက်တယ်။

အပြင်ရောက်တော့ မေမေ့ဆီက မုန့်ဖိုးတောင်းလိုက်သေးတယ်။ မမ ထွက်လာတော့ မမအိတ်ကို ဝင်ဆွဲပြီး ဖေဖေ့ကားနဲ့ပဲ ထွက်လာ။

ရင်ထဲမှာတော့ တလှပ်လှပ်ပါပဲ။ တစ်ခုခုများ လွဲချော်ရင်တော့ ထိုင်ငိုရမယ့်ကိန်းလို့ မတွေးရဲဘူး။

သတ်မှတ်ထားတဲ့နေရာရောက်တော့. . .

"ဟဲ့. . . ဘယ်ကားလဲ၊ တစ်စီးမှလည်း မတွေ့ပါလား"

သွားပြီလို့ တွေးလိုက်ရင်း. . .

"ခဏလေး မေမေ၊ နောက်ကျနေတာ ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



နာရီကို ကြည့်တော့လည်း သတ်မှတ်ထားတဲ့အချိန်ပါ။ အဲဒီအချိန်မှာ ခရီးဝေးသွား အဲယားကွန်းဘတ်စ်ကားကြီးက အကွေ့တစ်ခုကနေ သွားခနဲ ပေါ်လာသလို ရှေ့ခန်းပြတင်းပေါက်ကနေ နိုင်ထူးက လက်ပြ လှမ်းခေါ်နေတာ။

ကျွန်တော်ဝမ်းသာလွန်းလို့ ထခုန်မိမတတ်ပါပဲ။

"ဟော. . . လာပြီ မေမေ"

ကားက သူတို့ရှေ့ရောက်တော့ ရပ်ပါတယ်။ ကားပေါ်မှာ ရုံးက လူတွေအပြည့်။

"သားတို့သူငွေး ပါလား"

မေမေစကားကြောင့် ကားပေါ်က ဆင်းလာတဲ့ ကိုနိုင်ထူးက. . .

"ဘော့စ်က ချောင်းသာကို ကြိုရောက်နေတယ် အန်တီ"

"အေး. . အေး. . ကောင်းကောင်းသွားကြနော်"

"ဟုတ်. . လာ. . မမ"

မမကို ဆွဲခေါ်လာရပါသေးတယ်။ ကားပေါ် ရောက်လို့ ထိုင်ခုံမှာ ထိုင်မိပြီး ကားစထွက်တော့မှ အလုံးကြီး ကျသွားတယ်။ ကားစထွက်တော့ မမိက ရယ်မောရင်း. . .

"နင်တို့ ခိုးပြေးတာ ကုမ္ပဏီက ဝန်ထမ်းအကုန် လိုက်ပို့ရတယ်လို့ ဟယ်"

"ဟော. . ဟော. . ဟောတော့"

မမလည်း ခုမှ အခိုးခံလိုက်ရမှန်း သိသွားတယ်။

ကိုနိုင်ထူးက. . .

"ဘော့စ်က မထူးဘူးဆိုပြီး အစီအစဉ်ပြောင်းလိုက်တယ်၊ ချောင်းသာကို လိုက်ခဲ့တဲ့၊ သူ ဟိုမှာ ဝန်ထမ်းအားလုံးအတွက် စီစဉ်ထားမယ်တဲ့၊ မင်းတို့လည်း ပျားရည်ဆမ်းခရီးပေ့ါ"

ကိုညီငွေးက နောက်ခုံကနေ လှမ်းအော်ပါတယ်။

"နေရောင်ရေ. . . မင်းတို့ကျေးဇူးကြောင့် ငါတို့ပါ ချောင်းသာ





ရောက်ရတာ. . သာဓု. . သာဓု"

ကိုညီငွေး သာဓုခေါ်ကြောင့် ကားပေါ်က လူတွေ ဝိုင်းရယ်ကြတယ်။

"ဟေ့ကောင်. . . မှင်မပျက် နေနော်"

"အင်းပါ"

ကားက ကိုမင်းထွဋ်တို့ကို ကြိုရမယ့်နေရာ ရောက်လာတယ်။ ကားပေါ်ကို မိဆက် အရင်တက်လာပါတယ်။ ကိုမင်းထွဋ် ကားပေါ် ရောက်တာနဲ့ မမဘေးမှာ ဝမ်းသာအားရ သွားထိုင်တော့ မိဆက်က ရယ်ရင်း. . .

"ဟောတော့. . . ညီမတောင် သတိမရပါလား ကိုကိုရယ်၊ ညီမလေးက ဘယ်မှာ သွားထိုင်ရမှာလဲ"

ကျွန်တော်က ဆတ်ခနဲ သူမလက်ကို လှမ်းဆွဲလိုက်တော့ သူမတစ်ကိုယ်လုံး ကျွန်တော့်ရင်ခွင်ထဲ ရောက်လာပြီး သူမ မျက်လုံးအပြူးသားနဲ့. . .

"ဟင်. . နေရောင်. . ဒါဘာလုပ်တာလဲ"

"ခိုးပြေးတာလေ"

"ဟေး. . ."

ကားပေါ်က လူတွေလဲ သဘောကျလို့ မဆုံးဘူး၊ ရယ်လိုက်ကြတာ။ သူမ ရှန်းနေတုန်းအချိန်ကို မင်းထွဋ်က ဘေးခုံကနေ. . .

"ဟုတ်တယ် ညီမလေးရေ၊ ရာဇာတင်ဝင်း ပြောပြလို့ ကိုကိုတို့လည်း အဖြစ်မှန်ကို သိပြီးပြီ၊ ကိုတင်သန်းက ဂေါက်ကွ၊ ညီမလေးကို ရလို့ ဒီကောင့်ကို ချောက်တွန်းတာ"

သူမက နှုတ်ခမ်းစူစူနဲ့. . .

"ဒါဆို ရဲစခန်းတိုင်တော့မယ်နော်"

ကိုနိုင်ထူးက ဝင်ရှင်းပြရပြန်ပါတယ်။

"အဲဒါတော့ အချိန်မဲ့ နေရောင်က ပိုက်ဆံပေးပြီး ဘော့စ်ကို ခိုင်းတယ်၊ ပြီးရင် ရှမ်းမှာ ခင်တယ်ဆိုလို့ ဒီကောင်ကို ပေးလိုက်တာ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



မရလိုက်ဘူး။ နယ်ထိန်းတွေ့ပြီး ရာဇာတင်ဝင်းညီအစ်ကို့ကို ကုတ်သွားလို့ လူဆိုးလုပ်မယ့် သရုပ်ဆောင်တွေကို မင်းသားက ပြန်ကယ်ရတဲ့ကိန်း"

သူမက မျက်ခုံးမြင့်တက်သွားရင်း. . .

"ဒါဆို အခု ချောင်းသာသွားတာ တကယ်လား"

ကိုညီဌေး လှမ်းအော်သံက နောက်ကနေ ပြခနဲ ထွက်လာတယ်။

"ဒါ ဘော့စ်အမိန့်၊ နေရောင်က ချိုလင်းဆက်ကို ချောင်းသာ နိုးပြေးရမည်၊ မနိုးပြေးပါက နှစ်ယောက်လုံးကို အလုပ်က ထုတ်ပစ်မယ်တဲ့"

သူမ မျက်လုံးပြူး မျက်ဆံပြူးနဲ့ သူမလည်း မမလိုပဲ အရမ်းအံ့သြ သွားပုံရပါတယ်။

"ဟာ. . . နင့်ကို ငါချစ်တယ်လို့မှ အဖြေမပေးသေးတာ"

"ပေးပြီးပြီလေ"

သူမက ကြောင်တောင်တောင်နဲ့. . .

"အခုလေ. . ချစ်တယ်ဆိုတဲ့စကား ပါသွားပြီလေ"

"နင် တကယ် ကလိမ်ကကျစ်လေးပဲ နေရောင်"

သူမက ကျွန်တော့်ရင်ခုန်သံတွေ ရှိတဲ့နေရာကို လက်သီးဆုပ် တလေးနဲ့ ထုပါတယ်။

"အဟမ်း. . အဟမ်း"

ချောင်းဟန့်သံကြောင့် လှည့်ကြည့်တော့ ကိုမင်းထွဋ် မျက်နှာ စပ်ဖြဲဖြဲကြီး။ မိဆက်က ရှက်လို့ ခေါင်းကို ငုံ့ကိုင်းလို့ ထားပါတယ်။

"ဟေ့ကောင်. . . ရွှေယောက်ဖ၊ မင်းနောက်ခုံကို ပြောင်းကွာ၊ ငါ့အနေရခက်သလို အလုပ်လုပ်လို့လည်း မကောင်းဘူး"

"ဟား. . ဟား. . ဟား. . ဟား"

ကိုမင်းထွဋ်စကားကြောင့် ဝိုင်းရယ်ကြပြီး. . .

"ဟုတ်တယ်ဗျို့. . ယောက်ဖရေ၊ ကဲ. . ချစ်ချစ် နေရာပြောင်းရ အောင်"

"နေရာရောင်းမယ်ကွ"



BURMESE CLASSIC .com



ကိုညီဌေးရဲ့အော်သံ. . . ကျွန်တော်တို့ရင်ခုန်သံတွေ. . . ကျွန် တော်တို့ နောက်ခုံကို ရွှေ့တော့ တစ်ယောက်တစ်ပေါက် စနောက်သံတွေ ဆူညံနေပါတယ်။

တကယ်တော့ အချစ်ဆိုတာ ပျော်စရာကောင်းပါတယ်။

ကျွန်တော် မိဆက့်လက်ကို ဆုပ်ကိုင်ထားတော့ သူမလက် ကလေး အေးစက်နေပါတယ်။

ဒါပေမယ့် ရင်ခုန်သံတွေကြောင့် မကြာခင်မှာ နွေးလာတော့မှာ ပါ။





www.burmeseclassic.com